www.burmeseclassic.com

ဆုလေးနွယ်
(ရန်ကုန်တက္ကသိုလ်)

# မိုးပြာရောင်အရှက်ဦး




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)

# မိုးပြာရောင်အရုဏ်ဦး

စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၆၃၀၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၃၂၀၃၀၉ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့် ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ဆုလေးနွယ်

မိုးပြာရောင်အရှက်ဦး/ဆုလေးနွယ်။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၇၀- စာ ၊ ၁၂×၁၈ စင်တီ။

(၁) မိုးပြာရောင်အရှက်ဦး

ဂုဏ်လူက ထမင်းကို ငုံ့စားရင်း သူ့ကို မျက်လွှာလေး တစ်ချက်ပင် ပင့်မကြည့်သော မိန်မိန်ဖူးနီရဲ့ အေးစက်စက်ဟန်ပန် ကို သတိထားမိကာ ရင်ထဲ မချင့်မရဲ ဖြစ်နေမိသည်။

အရင်ကမှ သူ့အိမ်ကိုရောက်လာရင် ''ကိုဂုဏ်ကြီး ဒီည မျှော်စင်ကျွန်းမှာ ရဲလေးရှိုးရှိတယ်၊ လိုက်ပို့ပေးမလား၊ ဒက်ဒီက သူငယ်ချင်းတွေနဲ့ဆို ညဉ့်နက်တဲ့အထိမသွားရဘူး၊ ဘာညာပြောနေ လို့ သိလား''စသဖြင့် သူ့ဒက်ဒီနှင့် အခန့်မသင့် မပြေလည်သမျှ ဂုဏ်လူကို တိုင်တည်ရင်ဖွင့် အကူအညီတောင်းတတ်သေးသည်။

အပြင်သွားစရာမရှိဘူးဆိုလျှင်တောင် ဧည့်ခန်းမှာ သူနှင့် အတူ ဘောလုံးပွဲကြည့်ရင်း မုန့်လိုက်ကျွေးကြေး အလောင်းအစား လုပ်ရင်း ငြင်းခုန်တတ်တဲ့ ကလေးမပါ။

ဒီရှစ်နှစ်တာကာလအတွင်း ဂုဏ်လူနှင့်သူမဟာ အတော်



www.burmeseclassic.com

www.burmeseclassic.com



အတန် ရင်းနှီးခဲ့တာလည်း အမှန်ပါ။

တကယ်တော့ ဂုဏ်လူရဲ့အဖေ ဦးလူမောင်ဟာ အရင်က မိန်မိန့်ဒက်ဒီ ဦးမင်းရာဇာရဲ့ လုပ်ဖော်ကိုင်ဖက် တပည့်တစ်ယောက်ပါ။ အပြန်အလှန် လေးစားခင်မင်ရင်းနှီးခဲ့ကြသည်။

ဂုဏ်လူဟာ မူလတန်းအရွယ်ကတည်းက မိခင်ကွယ်လွန်သွားတာမို့ အဖေတစ်ခု သားတစ်ခုဘဝနှင့် ရပ်တည်လာရသူ။

ဖေဖေက သူမကွယ်လွန်ခင် ကျန်းမာရေး ချွတ်ယွင်းလာကတည်းကပင် သူ့သားဂုဏ်လူကို ဦးမင်းရာဇာ့ဆီ အပ်နှံခဲ့တာပါ။ သူမရှိသောအခါ တူသားတစ်ယောက်လို ကူညီစောင့်ရှောက်ဖို့ အကူအညီတောင်းခံခဲ့တာကြောင့် ဦးမင်းရာဇာက သူ့ကုမ္ပဏီရုံးမှာ ဂုဏ်လူကို မန်နေဂျာရာထူးနှင့် အလုပ်ပေးခဲ့သလို ဖေဖေရှိစဉ်ကတည်းက သူ့ကို တပည့်ရင်းလို အစစအရာရာ ကူညီစောင့်ရှောက်နေရာပေးခဲ့သူပါ။

ဒီမိသားစုရဲ့ ကျေးဇူးတွေ ဂုဏ်လူဆီမှာ အများကြီးရှိပါသည်။ အန်ကယ်ရာဇာရော သူ့ဇနီး ဒေါ်မာလာခွေရော၊ ကြီးကြီးမေခင်ရော သူ့ကို ချစ်ခင်ဂရုစိုက် အရေးပေးခဲ့ကြသည်။

လွန်ခဲ့သော ခြောက်လခန့်ကမှ အန်ကယ်ရာဇာရဲ့ဇနီး





အန့်တီမာလာ ကွယ်လွန်သွားခဲ့တာဖြစ်သည်။

အခုတော့ မိန်မိန့်ဒက်ဒီဟာ မုဆိုးဖိုတစ်ယောက်လို့ ဆိုရမှာပေါ့လေ။

ကြီးမေရော အန်ကယ်ရော သူ့အပေါ် အရင်ကအတိုင်း မပြောင်းမလဲ နွေးထွေးခင်မင်နေရုံဆိုလျှင် ဘာမှပြဿနာမရှိပေမဲ့ အခုတော့ သူတို့မှာ ဂုဏ်လူနှင့်ပတ်သက်၍ ရည်မှန်းချက်တစ်ခု ရှိလာခဲ့ပေပြီ။

BURMESE CLASSIC .com

ဂုဏ်လူက ထမင်းတစ်ဇွန်းစား၊ ရေတစ်ငုံသောက်ကာ သက်ပြင်းတစ်ချက်ပါ ကြိတ်ရှိုက်မိ၏။

မိန်မိန့်မျက်နှာ မသာယာသောအခါ သူ့မှာ နေမထိထိုင်မသာ။

စိတ်အနှောင့်အယှက်ဖြစ်နေတာကြောင့် ခါတိုင်း ထမင်းမောက်မောက်တစ်ပန်းကန် အသာကလေးပြောင်သွားသော ဂုဏ်လူက ဒီညနေတော့ ထမင်းမျိုမကျနိုင်အောင်ပင် နင်တင်တင်နှင့် ရင်ထဲ ခိုးလုခုလု တစ်မျိုးကြီး ခံစားနေရသည်။

ဖူးနီရိပ်မြုံ၏ ထမင်းစားခန်းလေးမှာ ကျယ်ဝန်းသားနားပြီး တိတ်ဆိတ်လှပသော်လည်း ခါတိုင်းလို သက်တောင့်သက်သာ



www.burmeseclassic.com

www.burmeseclassic.com

မရှိပေ။

မိန်မိန်ဖူးနီသည်လည်း ဒက်ဒီနှင့် ကြီးမေရှေ့မှာမို့သာ ဣန္ဒြေရရ ခပ်တည်တည်ဟန်လေး ဟန်မပျက် ထမင်းစားနေရပေမဲ့ ဒီလူကြီး ဦးဂုဏ်လူနှင့် မျက်နှာချင်းဆိုင်ချင်တာ မဟုတ်ဖေ။

သူ့ကို အရင်က ခင်မင်သလိုရှိပေမဲ့ အခု မခင်ချင်တော့ပေ။

သင်းဟာ တော်ရုံရောင့်တက်တာကိုမဟုတ်။ သင်းရဲ့ အကြံဟာ ဆင်ကြံ။ တော်တော်ကြီးတဲ့ အကြံဉာဏ်။ ဒက်ဒီ့နား တကပ်ကပ်နှင့် ဘာမဆို ဟုတ်ကဲ့၊ ဟုတ်ကဲ့ လုပ်ကာ မျက်နှာချို သွေးနေတာဟာ တကယ်တော့ သူ့မျှော်လင့်ချက်နှင့်သူကိုး။

သူ့မျှော်လင့်ချက်ကလည်း ကြည့်ဦးလေ။

သေးသေးမွှားမွှားမှ မဟုတ်ပဲ။

ဒက်ဒီဦးမင်းရာဇာ၏ တစ်ဦးတည်းသောသမီးကိုမှ အပိုင်မျှော်လင့်တာ။ အပီချဉ်းကပ်တာ။ အသေအညှာကိုင်တာ။ ဒီလူကြီးကို အရင်လို လျှော့တွက်ထားလို့ မရတော့။

မိန်မိန်သည် သူနှင့်တစ်ဝိုင်းတည်းအတူ ရှိနေရတာကို စိတ်ထဲ အောင့်သက်သက်။ မကျေမနပ်နှင့် စိတ်တွေ အတော်ကျဉ်းကြပ်နေမိသည်။





သူ့ကို မမြင်ချင်ပါဘူး။

ချက်ချင်း ထထွက်သွားရင် မကောင်းတတ်လို့သာ စိတ်မပါစွာ ထမင်းစားရင်း အချိန်ဖြုန်းနေရတာ။

ဒက်ဒီက သူ့မမျက်နှာအရိပ်အကဲကို တစ်ချက်မော့ကြည့်စူးစမ်းသည်။

မိန်မိန်က ခေါင်းသာငုံ့ထား၏။

မိန့်မှာ ရည်းစားမရှိသေးတာနှင့်ပဲ သူ့မန်နေဂျာနှင့် သဘောတူစရာကျနေတာပဲ။

မာမီသာရှိနေရင် မိန့်ခံစားချက်၊ မိန့်ပြဿနာတွေကို ဖြေရှင်းပေးဖို့ အကူအညီတောင်းနိုင်ဦးမည်။

အခုတော့ မာမီက ထွက်သွားနှင့်ပြီ။ မိန်တို့သားအဖကို အေးစက်စွာ ချန်ထားရစ်ပြီး သူ့ရဲ့သံသရာခရီးကို သူတစ်ယောက်တည်း မတွေဝေဘဲ ခရီးဆက်ခဲ့ပြီ။

မာမီရယ်...။

ထမင်းကို ဆက်မျိုလို့မရအောင်ပင် မိန်မိန့်ရင်ထဲ တင်းကြပ်ဆို့နင့်သွားရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



သာမန်အားဖြင့်ဆိုလျှင် ခြောက်လဆိုတဲ့အချိန်ဟာ ဆုံးသွားတဲ့လူတစ်ယောက်အပေါ် တရားသဘောနှင့် ဖြေသိမ့်လိုက်ဖို့ လုံလောက်တဲ့ အချိန်အတိုင်းအတာတစ်ခုတဲ့။ ဖတ်ဖူးခဲ့တာပဲ။

ဒါပေမဲ့ မမေ့နိုင်ပါဘူး မာမီရယ်။

ပြီးတော့ ဒက်ဒီ။ အခုဘာလုပ်နေသလဲသိလား။

သူ့ရဲ့တစ်ဦးတည်းသော ချစ်သမီးကလေးကို အိမ်မှာ အရှုပ်ထုပ်လို့ထင်နေပြီ။

မိန်မိန့်ကို အိမ်ထောင်ချပေးတော့မယ်တဲ့ မာမီ။

မိန် ဘာလုပ်ရမလဲဟင်။

မိန်မိန်ဖူးနီရဲ့ မျက်လုံးအိမ်မှာ ထိန်းမရစွာ မျက်ရည်ကြည်လေး ဝေ့ဝဲယှက်သန်းလာခဲ့သည်။

မျက်တောင်လေးကို တဖျပ်ဖျပ်ခတ်၍ သူမသိမ်းဆည်းမျိုသိပ်သည်။

ဟင့်အင်း....မိန် မငိုချင်ဘူး။

ပြဿနာတစ်ခုကို မျက်ရည်နဲ့ မဖြေရှင်းချင်ပါဘူး။ ပြဿနာရဲ့ အရင်းခံဟာ ဘယ်သူလဲ။

ဒီဂုဏ်လူဆိုတဲ့ လူကြီးကနေစတာပဲ။





သူ့ကြောင့်ပေါ့။ သူ ဒက်ဒီအနားမှာ ယုံကြည်စိတ်ချစရာ လူကောင်းတစ်ယောက်အဖြစ် ရှိနေလို့သာပေါ့။

မိန့်ကို ကလေးတစ်ယောက်လို သဘောထားပြီး အနှိပ်တာခံ စိတ်ရှည်သဘောကောင်းလို့သာ ဒက်ဒီက သူ့ကို မျက်စိကျလာခဲ့တာလေ။

သူသာကောင်းပြမနေရင် အရက်သောက်၊ လောင်းကစားနေ၊ ဒါမှမဟုတ် တစ်နေရာမှာ ပြစ်ချက်တစ်ခုရှိနေရင် ဒက်ဒီက ဒီလိုစိတ်ကူးမိမှာမဟုတ်။

သူက ဒက်ဒီရှေ့မှာ ဘာလို့သိပ်ကောင်းအောင် နေပြရတာလဲ။

ရှင်းနေတာပဲလေ။

ဒီလိုရည်ရွယ်ချက အစကတည်းက ရှိနေလို့သာဖြစ်မှာ။

စေ့စေ့တွေးမိလေ မိန် သူ့ကို မျက်မုန်းကျိုးမိလေ။

"သမီး...မိန်မိန်"

ကြီးမေ၏ခေါ်သံကြောင့် ဖျတ်ခနဲ မော့ကြည့်မိ၏။

"ဘာတွေစဉ်းစားနေတာလဲ၊ စားစရာရှိတာစားလေ၊ မောင်ဂုဏ်လူကိုလည်း ဟင်းထည့်ပေးဦး သမီး၊ ဆတ်သားခြောက်



www.burmeseclassic.com

www.burmeseclassic.com



အကြွပ်ကြော်မွမွလေး မြည်းကြည့်စမ်း၊ စပ်စပ်ကလေးနဲ့ အရသာရှိတယ်ကွဲ့.''

ကြီးမေက ထုံးစံအတိုင်း သူ့စီမံချက်ပြုတ်ထားတဲ့ ဟင်းအမယ်တွေကို ညွှန်းရင်း မိန့်ကိုသာ ဂုဏ်လူ့ပန်းကန်ထဲ ခပ်ထည့်နိုင်းပါသည်။

မိန်မိန်သည် စကားသိပ်မပြောချင်သဖြင့် သူ့မနားက ဆတ်သားအကြွပ်ပန်းကန်လုံးကို ဂုဏ်လူဖက် တိုးရွှေ့ပေးလိုက်သည်။

''ဟဲ့...ထည့်ပေးပါဆိုတာကို''

''ရပါတယ် ကြီးမေ''

သူက အားနာဟန်နှင့် လက်ကာသည်။ မိန်မိန်ဖူးနီက အမြင်ကပ်ကပ်နှင့် ဂုဏ်လူ့ပန်းကန်ထဲ သုံးလေးငါးဇွန်း ခပ်ထည့်ပေးလိုက်သည်။

''စား...စား ကြီးမေလက်ရာ အရမ်းကောင်းတာ''

ရွဲ့ပြောလိုက်တာ။ အမှန်က ကြီးမေက အစပ်တွေ၊ အင်တွေ တအားသုံးစွဲလို့ မိန်တို့သားအဖတောင် မခံနိုင်။

''တော်ပြီ မိန်မိန်၊ ရပါပြီ''





ဂုဏ်လူက ထမင်းတစ်ဇွန်းနှင့် ခပ်ယူစားလိုက်ရာ

''အား''

သူ့အသံပင်ထွက်သွားရသည်။

''ဘာဖြစ်လို့လဲ ကိုဂုဏ်ကြီးရဲ့''

မိန်မိန်က ပြုံးပြုံးလေး မျက်စပစ်မေးလိုက်သည်။

''ဘာမှမဖြစ်ပါဘူး၊ နည်းနည်းစပ်လို့ပါ''

''သြော်...ဒါများ ရှင်ကလည်း ဒီလောက်လေးစပ်တာကိုများ ယောကျာ်းဖြစ်ပြီး ခံနိုင်ရည်မရှိပါလား''

''ဟဲ့...မိန်မိန် စကားမများနဲ့၊ ရေဖန်ခွက်အရင်ပေးလေ၊ သူက အနေ့ထဲ အပြစ်တင်နေရသေးတယ်၊ မောင်ဂုဏ်လူ တအားစပ်သွားပြီထင်တယ်၊ သီဟိုဠ်ဆံကြော်လေး စားလိုက်သား၊ အစပ်ပြေအောင်''

ကြီးမေက သီဟိုဠ်ဆံကြော်ပန်းကန်ကို တိုးပေးပြန်၏။

လျှာတွေပူထူ တအားစပ်သွားသဖြင့် တစ်မျိုးတော့ အပြောင်းအလဲဖြစ်သွားသည်။

ခပ်ဆွေးဆွေး ဂုဏ်လူ့အာရုံတွေ ပြောင်းသွားရပါသည်။

မိန်မိန်က သူ့ကိုကြည့်ပြီး နှုတ်ခမ်းလေးမဲ့ကာ ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကြည့်မရဘူးလား မိန်မိန်။

ကိုယ် မင်းကို ဘာလုပ်မိလို့လဲ။

ဂုဏ်လူ စိတ်ထဲကမေးမိသည်။

ခုတလော သူမဟန်ပန်လေးက တစ်မျိုးခက်ထန်နေကာ ကိုယ့်ကို မလိုလားမနှစ်သက်ပုံ ပြနေသည်။

ဘာဖြစ်လို့လဲ မိန်မိန်ရယ်။ ဘာကြောင့်လဲ။

သူဌေးသမီး နုနုချောချောလေးမို့ ကိုယ်လိုလူကြမ်းကြီးနဲ့ မတန်ဘူးလို့ တွက်မိလို့လား။

ဂုဏ်လူသည် အရပ်မြင့်မြင့်နှင့် အသားအရေညိုဝင်းစိုပြေကာ ကိုယ်နေဟန်ထား ကျစ်လစ်ဖြောင့်စင်းပြီး နှုတ်ခမ်းထူထူ၊ မျက်လုံးမျက်ဖန် စူးရှရှ နက်မှောင်မှောင်နှင့် ဆွဲဆောင်မှုရှိသော ရုပ်ရည်မျိုးကို ပိုင်ဆိုင်ထားသော်လည်း နူးနူးညံ့ညံ့ ဖူးဖူးတွင်းတွင်း ကလေးနှင့် ရှုမငြီးစဖွယ် တင့်တယ်လှသော မိန်မိန်ဖူးနီနှင့် ယှဉ်လျှင်တော့ သူ့ကိုယ်သူ အားငယ်သလို ဖြစ်ရပါသည်။

သူမက ငါးပေနှစ်လက်မ အရပ်ကလေးနှင့် ပေါင်တစ်ရာခန့် သေးသေးသွယ်သွယ် ကလေးပေါက်စဟန်ပန်လေး။

အသက်အားဖြင့်လည်း ကိုယ့်ထက် ရှစ်နှစ်ခန့်ငယ်သည်။





ပြီးတော့ သူက လူကြီးဆန်ပြီး သူမက ကလေးဆန်သည်။ အသက်နှစ်ဆယ်ပြည့်ပြီးပြီဆိုပေမဲ့ သူမမျက်နှာနုနုဖတ်ဖတ်လေးမှာ မျက်ခုံးရှုံ့လိုက်၊ နှုတ်ခမ်းလေးမဲ့လိုက်၊ မျက်စောင်းလေးရွယ်လိုက်တဲ့အခါ တကယ့်ကလေးတစ်ယောက်လိုပဲ အသည်းတယားနှင့် ချစ်စဖွယ်ကောင်းနေဆဲ။

ဝတ်လိုက်ရင်လည်း စတစ်ကာအရုပ်၊ ဒါမှမဟုတ် ပန်းထိုးရုပ်တွေ ရင်ဘတ်မှာပါတတ်တဲ့ တီရှပ်ကလေးတွေ။ အသားပျော့ပျော့ ပုံဆန်းဆန်းဒီဇိုင်းနှင့် အင်္ကျီလေးတွေကို သရီးကွာတားဘောင်းဘီအရှုံ့ကလေး အိတ်ကလေးပါတဲ့ဟာမျိုးနှင့် တွဲဝတ်တတ်တာလေ။

ရှူးဖိနပ်အပါး ရောင်စုံလေးတွေသာ စီးတတ်တဲ့ သူမကလေးဟာ အိမ်ထဲမှာ အပေါ်အောက် တက်ဆင်းရတဲ့အခါ ပြေးလွှားခုန်ပေါက်နေတတ်သလို ခြံထဲမှာလည်း ဆင်းဆော့နေတတ်တုန်းပါ။

ဘယ်လိုပဲကြည့်ကြည့် အရွယ်ရောက် လေဒီတစ်ယောက်လို ဟန်ကျပန်ကျမရှိပေ။ ဒါတောင် ခုတလော သူမရဲ့မာမီ ဆုံးသွားပြီးနောက်ပိုင်း နည်းနည်းတည်ငြိမ်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆိုရင် ကြီးမေပြောသလိုပဲ ကြည့်လိုက်ရင် လျှပ်စီးလက်လက်ထနေတာပဲဆိုတဲ့ စကားအတိုင်းပါပဲ။

မိန်မိန့်ဖူးနီဟာ တစ်နေရာမှာ ငြိမ်ငြိမ်လေးနေတတ်သူ မဟုတ်ပါ။ လှုပ်လှုပ်ရှားရှား ခုန်ပေါက်ပြေးလွှား လက်လက်ထနေ သူလေး။

ဂုဏ်လူ သူမကို စတင်တွေ့ဖူးတုန်းကလည်း အဖြူအစိမ်း ဝတ်စုံလေးနဲ့ အလယ်တန်းရောက်စ ကောင်မလေးတစ်ယောက် အဖြစ်နှင့်သာမို့ နုထက်ထိလည်း သူမျက်စိထဲ ကလေးလို့သာ ထင်နေမိတုန်းပါ။

သူကတော့ အသက်နှစ်ဆယ်အရွယ်ကတည်းက အန်ကယ်ရာဇာကုမ္ပဏီမှာ အလုပ်ဝင်ခဲ့တာမို့ အခုလို နှစ်ဆယ့်ရှစ် နှစ်အရွယ်မှာတော့ အတော်ကြီး တည်ငြိမ်ရင့်ကျက်နေပြီဟု ကိုယ့်ကိုယ်ကို ထင်မိတာပဲလေ။

"ဟား...ဂုဏ်ကြီးတော့ ရှူးရှူးရှားရှားဖြစ်သွားပြီဟေ့၊ ငါ့သမီး မင်းကိုပညာပေးလိုက်ပြီ"

"ရပါတယ် အန်ကယ်"

ဂုဏ်လူမှာ ရှက်ကိုးရှက်ကန်းနှင့် နည်းနည်းတော့ တစ်မျိုး





ဖြစ်ရသည်။

မိန်မိန် သူ့ကို စေတနာမရှိတာ။ စေတနာမရှိတဲ့အပြင် အမြင်ကပ်ပုံပေါ်နေတာ သူရိပ်မိပါသည်။

လူကြီးတွေ စီစဉ်ပေးတဲ့အပေါ်မှာ သူ့ကို အမြင်စောင်း သွားတာပါ။

ကိုယ်ကတော့ အန်ကယ် စပြီးပြောတဲ့နေ့ကဆို အိပ်မပျော် နိုင်အောင်ပင် ရင်ခုန်တုန်လှုပ်ခဲ့ရသည်။

အန်ကယ်ရာဇာကိုယ်တိုင် သူ့သမီးနှင့် သဘောတူနေရာချ ပေးမယ်ဆိုတာ ဂုဏ်လူအတွက် နည်းနည်းနောနော ဂုဏ်ယူကျေနပ် ရာမဟုတ်ပါ။

အန်ကယ်ဟာ သူ့ကို မျက်စိတော်တော်တွေ့လို့သာ သမီး ဖြစ်သူနှင့် ကြည်ဖြူလက်ဆက်စေချင်တာမဟုတ်လား။

သူမှာ မယုံမရဲကြီးနှင့် ပျော်လိုက်တာဆိုတာ။

တစ်သက်နှင့်တစ်ကိုယ် ဘဝတစ်လျှောက်လုံး ဒီလောက် ပျော်ရွှင်ကြည်နူး ရင်ခုန်ရတာ တစ်ခါမှပင် မရှိခဲ့တာ။

သူ စိတ်ကူးမယဉ်ရဲတဲ့အရာ။ သူမမျှော်လင့်ရဲတဲ့ ဆုလာဘ်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အန်ကယ်ဦးရာဇာကိုယ်တိုင်က...

``ငါ့သမီးနဲ့မင်းကို လက်ထပ်ပေးချင်တယ် ဂုဏ်ကြီး အဖေတစ်ယောက်အနေနဲ့ ငါ ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပဲပြော တာ၊ မင်းဘက်ကရော ငါ့သမီးကို လက်ထပ်ချင်သလား''

ဤသို့ မျက်နှာချင်းဆိုင် မေးခဲ့တုန်းက သူ့မှာ အံ့ဩတကြီး ဘာပြန်ပြောရမှန်းတောင် မသိခဲ့ချေ။

နားနှင့်ဆတ်ဆတ် ကြားခဲ့ရပေမဲ့ ထိုစကားကို သူမယုံချင် ရင်တောင် တိတ်တခိုးအဆင့်ကတက်ဖို့ မရှိဘူးလို့ပဲ တစ်ချိန်လုံး ယူဆ စိတ်ဒုံးဒုံးချထားခဲ့တာပါ။

တစ်ခါတစ်ရံမှာ လိုချင်တဲ့ဆုလာဘ်၊ လိုချင်တဲ့အရာကို ပေးအပ်လိုက်ပုံက စဉ်းစားလို့မရအောင် ဆန်းကြယ်သည်။

``မိန်...မိန်မိန်ကရော အန်ကယ်၊ သူ ကျွန်တော့်ကို လက်ခံပါ့မလား၊ သူနဲ့ကျွန်တော်က အသက်ကွာတော့ ဟို''

``ဒါကို မင်းမပူနဲ့၊ သူ့ဖက်ကကိစ္စ ငါ့တာဝန်ထား၊ ငါပြော မယ်၊ အဖေတစ်ယောက်လုံး စီစဉ်တဲ့ကိစ္စ သူသဘောမတူလို့ရ လားကွ''

ဂုဏ်လူအနေနှင့်ကတော့ မိန်မိန်ဖူးနီကို အတင်းအကြပ်





ဖိအားမပေးချင်တာအမှန်။

နုနယ်သောနှလုံးသားလေးမှာ ဒဏ်ရာမရှိစေချင်။

မချစ်ရင်တောင် မမုန်းတော့ မမုန်းစေချင်။

တကယ်တော့ မိန်မိန်သာလက်ခံရင် သူ့ဖက်က ဘာပြော စရာရှိဦးမှာလဲ။

ဒီလောက် လှပပြည့်စုံသန့်စင်တဲ့ မိန်းကလေးမျိုးကိုမှ မလိုချင်ဘူးငြင်းရအောင် သူကဘာလဲ။

မငြင်းနိုင်ပါဘူး မိန်မိန်။

အန်ကယ့်စကားမို့ မငြင်းနိုင်တာထက်ကို ကိုယ်မင်းကို မြတ်မြတ်နိုးနိုး ချစ်နေမိလို့ပါ။ ဟိုးအရင်ကတည်းက ဒီရင်ဘတ် ထဲမှာ မင်းကို တိတ်တိုက်ဆိတ်ဆိတ် ချစ်နေခဲ့မိလို့ပါ။

သူ့ကိုမကြည့်ဘဲ မျက်လုံးချင်းအဆုံမခံဘဲ မျက်တောင် ရှည်ရှည်လေးတွေနှင့် ကာကွယ်ထားတဲ့ သူ့ကလေးကို ဂုဏ်လူ မချင့်မရဲလည်း ဖြစ်မိသည်။

စိတ်တွေရှုပ်နေတဲ့ကြားကပင် ချစ်စနိုးလည်းဖြစ်မိပါသေး သည်။

မိန်းကလေးဟာ သူ့ရင်ထဲကို ခံစားချက်မျိုးစုံနှင့် ဖြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆန့်သွားအောင် ဖန်တီးနိုင်သူဖြစ်သည်။

ဂုဏ်လူသည် ဇွန်းခက်ရင်းကိုချကာ ထမင်းစားခြင်းကို လက်စသတ်လိုက်သည်။

မိန်မိန်ကလည်း မရှေးမနှောင်ပြီးသွား၏။

သူတို့ သစ်သီးအချိုပွဲ၊ နာနတ်သီးတို့၊ ပန်းသီးတို့ စားနေဆဲမှာ မိန်မိန်ဖူးနီက ထမင်းစားပွဲမှ ထထွက်သွား၏။

ကြီးမေက သူ့ကို အားမလိုအားမရ တစ်ချက်ကြည့်ကာ

"မောင်ဂုဏ်လူ မိန်မိန့်ကြည့်ရတာ မင်းကို ဘာစိတ်ခုနေသလဲမသိဘူး၊ မင်း သူနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြည့်မယ်ဆိုတာ ဆွေးနွေးပြီးပြီလား"

"မဆွေးနွေးရသေးပါဘူး ကြီးမေ၊ ခုတလော သူက ကျွန်တော့်ကို စကားတစ်ခွန်းမှကိုမပြောတာ"

"သြော်...သူမပြောလည်း မင်းပြောပေါ့၊ ဒီကောင်မလေးက ကလေးဆန်တယ်၊ မိန်မိန့်အကြောင်းလည်း မောင်ဂုဏ်လူသိသားနဲ့ကွယ်"

ကြီးမေသည် ဂုဏ်လူရဲ့ အေးတိအေးစက် တွန့်ဆုတ်ဆုတ်လုပ်နေပုံ၊ မိန်မိန့်မျက်နှာရိပ် မျက်နှာကဲကို တိတ်တဆိတ် မရဲတရဲ





အကဲခတ်နေပုံတို့ကို ကြည့်ကာ အေးကနေ မနေနိုင်သဖြင့် ဝင်တိုက်တွန်းရခြင်းဖြစ်သည်။

ဒီမှာ ဖအေလုပ်သူကလည်း သဘောတူသည်။ ကြီးမေကလည်း ကြည်ဖြူသည်။ မိန်မိန်ကလည်း ကလန်ကဆန် ငြင်းပယ်နေတာမှမဟုတ်ဘဲ။ ဒီကလေးက ဘာကြောက်နေရတာလဲ။

အိမ်ကို နေ့တိုင်းဝင်ထွက်နေပေမဲ့ ခုထက်ထိ လူငယ်ချင်း မဆွေးနွေးရသေးဘူးဆိုတာကိုပဲကြည့်။

ကြီးမေအနေနှင့်ကတော့ မောင်ဂုဏ်လူကို နှစ်သက်သဘောကျ ခင်မင်ပြီးသား။ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ အကျင့်စာရိတ္တ၊ အပြောအဆို အနေအထိုင်၊ မိဘမျိုးရိုး၊ မိသားစုဘာမှကို ပြစ်ချက်မမြင်။

ဒီလို လူရိုးလူကောင်းလေးတစ်ယောက်ရဲ့ လက်ထဲကိုပဲ ကိုယ့်တူမကို စိတ်ချလက်ချ ထည့်ပေးချင်သည်။

မိန်မိန်ဖူးနီ မတော်တရော်တွေများ ကြီးမေ စိုးရိမ်သည်။ မိန်မိန်က ရည်းစားမထားသေးဘူးပဲထား အိမ်မှာ ဒီလိုပဲနေမယ်ထား။

သူ့ဒက်ဒီ မင်းရာဇာက ဒီလိုပဲနေသွားမှာမဟုတ်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုမှာ။

တပင်လဲလို့ တစ်ပင်ထူမှာမို့ သူ့အပြစ်လည်းမဆိုချင်။ နောက်ဆို ဒီအိမ်ပေါ်ကို ဒေါ်နွဲ့နွဲ့ဇော် ရောက်လာမှာ ကျိန်းသေ။ လူကြီးမို့ ကြီးမေက ခန့်မှန်းနိုင်သည်။

ဒီတော့ သမီးပျိုလေး၊ တူမပျိုလေးရဲ့ မင်္ဂလာကိစ္စကို အရင်ဦးစွာ စီမံပေးချင်သည်။

သူ့ဒက်ဒီကလည်း ဒီသဘောပဲရှိသည်။

မိန်မိန်ဖူးနီကို ဂုဏ်လူနှင့် လက်ထပ်ပေးလိုက်မည်။ ပြီးလျှင် ကိုးမိုင်က ဆောက်ပြီးစတိုက်ကလေးကို သူတို့နေဖို့ လက်ဖွဲ့လိုက်မည်။ စီးစရာကားရော၊ အိမ်ထောင်ပရိဘောဂအပြည့်အစုံရော ပိုင်ဆိုင်သင့်တဲ့ လက်ဝတ်ရတနာတွေပါ ပေးအပ်ပြီးပြီဆိုမှ ဦးမင်းရာဇာ အိမ်ထောင်ပြုချင်ပြုပစေ။

ကြီးမေခင်သည် စိတ်ကူးနှင့် အစီအစဉ်များ ရေးဆွဲပြီးခဲ့ပြီဖြစ်သလို မိန်မိန့်ဒက်ဒီနှင့်လည်း တိုင်ပင်ညှိနှိုင်းပြီးပါပြီ။

လူငယ်တွေကိစ္စ အချိန်မဆွဲဘဲ စီစဉ်ချင်သည်။

မိန်မိန်သည် တဇွတ်ထိုးဆန်ဆန်နှင့် တစ်ခါတစ်ရံ ခေါင်းမာတတ်တာကလွဲလျှင် လူကြီးသူမစကားကိုတော့ နားယူလက်ခံ





တတ်သူပါ။

ခုလည်းပဲ လိုလိုလားလား ခေါင်းညိတ်တာမဟုတ်ပေမဲ့ ငြင်းဆန်ကာနှင့်တော့ မငြင်းပါ။

ကြီးမေကတော့ သူတို့ပူပေယ်ချင်းပါ အေးအေးမြေပြေနှင့် ချစ်ခင်ပျော်ရွှင်နေတာ မြင်ချင်သည်။

လူကြီးမိဘ သဘောတူရုံမကဘဲ အချင်းချင်း မြတ်နိုးစုံမက်ကြလို့ လက်ထပ်တာမျိုး ဖြစ်စေချင်သည်။

"ကဲ...မင်းက သူ့နောက်လိုက်သွားလေ၊ မိန်မိန် ခြံထဲဆင်းသွားတယ်ထင်တယ်"

"ဟုတ်ကဲ့"

ဒီလိုပေါ်တင်ပြောမှပဲ မောင်မင်းကြီးသားက ငေါက်ခနဲ ထမ်းသာအားရ ထသွားလေသည်။

"အင်း...ကြည့်ဦး၊ ရှင့်သမီးကတော့ မောင်ဂုဏ်လူကို နိုင်စားမယ့်ပုံပဲ၊ မျက်နှာတစ်ချက်တင်းရင် သူ့ခမျာ ပျာနေတာ"

"အေးလေကွာ ဒီကောင်ကလည်း"

ဦးမင်းရာဇာသည် သမီးရှင်မို့ ဒီလောက်ပဲပြောကာ သစ်သီးပန်းကန်ကိုချ မျက်နှာပူပူနှင့် ထထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ထမင်းစားပွဲမှာ ကြီးမေခင်တစ်ယောက်သာ ပြုးတုံတုံနှင့် ကျန်ခဲ့လေသည်။

* * *



မိန်မိန်ဖူးနီသည် တီရှပ်အဖြူလေးနှင့် အနားမှာ ဇာပွင့်လေးတွေပါသော ဒူးဆစ်ဖုံးစကဒ် ချည်သားပျော့ပျော့လေးကို ဝတ်ကာ ဒန်းပေါ်မှာ ခြေချိတ်ထိုင်နေ၏။

မျက်နှာလေးက သုန်မှုန်မှုန် စူကောက်ကောက်နှင့်။

ဂုဏ်လူက တိုက်ထဲကထွက်လာရင်း စူစူတင်းတင်းဖြစ်နေတဲ့ သူကလေးမျက်နှာကို အဝေးကပင် လှမ်းအကဲခတ်၏။

သူမအနားကို သွားချင်ပေမယ့် ထိုပုံစံလေးကြောင့် အားလည်းလျော့သည်။

ကိုယ့်ကို မုန်းနေသလားကွာ။

ဦးမင်းရာဇာရဲ့ အစီအစဉ်ကို သိပ်ကျေနပ်ပုံမရတာကိုတော့ ဂုဏ်လူ ရိပ်မိသည်။

ဒါကြောင့်လည်း ခဏခဏ သက်ပြင်းနက်နက်တွေ ရှိုက်



www.burmeseclassic.com

www.burmeseclassic.com



နေရတာ။

သူတို့နှစ်ဦး ဘယ်လိုရှေ့ဆက်စခန်းသွားရမလဲ။

မိန်မိန်သည် သူ့ဆီ ခြေလှမ်းမှန်မှန်နှင့် ဦးတည်လျှောက်လာနေတဲ့ ဂုဏ်လှကို ကြည့်ပြီး ရင်ခုန်သံ တစ်မျိုးတမည်နှင့် မနေတတ်သလို ဖြစ်ကာ မျက်နှာကို ခွန့်ရှုံ့ထားမိသည်။

သူဒီလို ချက်ချင်းတွေ့လာမယ်မထင်လို့ မိန်က ခြေထဲဆင်းလာမိတာ။

အခုမှ သူ့ကို ဘယ်လိုရှောင်ပြေးရမလဲ မတွေးတတ်။ သူက မိန့်ထံ စေ့စေ့ကြည့်လို့ တဖြည်းဖြည်း ကပ်လာသည်။

မိန့်အနီးရောက်လျှင် ခြေလှမ်းတုံ့သွားသည်။

“ရှင် ဒီကိုဘာလာလုပ်တာလဲ”

မေးပုံက ပုံမှာမခန့်လေးနှင့်။

“ကြီးမေလွှတ်လိုက်လို့”

“ဘာရယ်”

“ဆွေးနွေးစရာရှိရင် သွားဆွေးနွေးကြည့်တဲ့”

သူ့စကားကြောင့် မိန်မိန့်ရင်မှာ ဂုဏ်မေ့သွားရသည်။ မကြားချင်ပါဘူးဆိုမှ ဒီကိစ္စလေးကို ဆွေးနွေးဦးမှာတဲ့လား။





စိတ်ညစ်လိုက်တာ။

ယောကျ်ားများ မယုံချင်သေးပါဘူး။

ဦးဂုဏ်လှကိုဖြင့် စိတ်ကိုမဝင်စား။

တစ်ခါမှလည်း သူနှင့်မိန့်ကို ဒက်ဒီ ရည်မှန်းထားမည်ရယ်လို့ မတွေးဘူးခဲ့။

လောကကြီးမှာ မထင်မှတ်တာတွေ လာလာဖြစ်တတ်ပုံက ထူးဆန်းသည်။

“ကိုယ်ခဏထိုင်မယ်နော်”

သူခွင့်တောင်းပေမယ့် မိန်မိန့်ဖူးနီက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ။

သူက မိန်မိန့်အနားမှာ အသာအယာ ထိုင်လိုက်သည်။ ပြီးလျှင် မိန့်ကို စူးစူးနစ်နစ်စိုက်ကြည့်၏။

လှလွန်းတဲ့ ကောင်မလေးကို နီးနီးကပ်ကပ် ထိုင်ကြည့်ရတော့ ဂုဏ်လှရင်တွေ ဖိုလာသည်။

ဖြူနုဝင်းပသော အသားအရေနှင့် စူးလက်တောက်ပသော မျက်လုံးလေးတွေဟာ တကယ့်ကို အသက်ရှုမှားစေနိုင်လောက်အောင် ညှို့ငင်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့သောမျက်သားပေါ်မှာ နက်မှောင်သော မျက်နက်ဝန်းလေးဟာ တစ်ချက်ကြည့်မိတိုင်း ဂုဏ်လူအသည်းတွေ ခွေးခနဲ လှိုက်ဖိုရသည်။

ဒါ အရင်ကတည်းကပါ။

တစ်ခါတလေ နီးကြည့်မိစဉ်ကတည်းက ဖြစ်ခဲ့ရတဲ့ စိတ်လှုပ်ရှားမှုပါ။

ပန်းအဖူးအငုံလေးလို ချစ်စရာကောင်းတဲ့ ကောင်မလေးမို့ သူနှင့် သဘောတူကြည်ဖြူလိမ့်မယ်လို့ ကြိုတင်မတွေးအားရဲခဲ့ပါ။

အခုလည်း စိတ်ချလက်ချ မယုံရဲသေး။

သွေးရောင်လွှမ်းကာ ပန်းနုရောင်ဖြစ်နေသော နှုတ်ခမ်းထူထူ ဖူးဖူးအိအိလေးကိုဆိုလျှင် ဂုဏ်လူ ကြာကြာမကြည့်ရဲ။

အင်း...သူလေးကို အဖူးကလေးကို ငါလက်ထပ်ရမှာတဲ့။

ကြည်နူးပီတိက တစ်ကိုယ်လုံးကို စိမ့်ပြန့်သွားသည်။ ထို့အတူ စိတ်ပူပန်မှုတွေနှင့် ရင်ထဲမောလာပါသည်။

''ကဲ ရင်ဘာပြောမှာလဲ ဦးဂုဏ်လူ၊ မိန့်ကို ဘာကိစ္စ





စိုက်ကြည့်နေရတာလဲ''

နှလုံးသားထဲထိ ထွင်းဖောက်တော့မလို သူ့ရဲ့အကြည့်ငေးကို မိန့် သိပ်မခံချင်။

ဒက်ဒီ သဘောတူတယ်ဆိုတာနှင့် မျက်လုံးအမိုက်စား မွေ့က ပြောင်းလဲစူးရဲလာတာကို မိန်မကြိုက်ပါဘူး။

သူပိုင်ဆိုင်ခွင့်ရတော့မယ့် အရုပ်တစ်ရုပ်ကို နှစ်သက်သလို အသာစီးနဲ့ ကြည့်နေတာလေ။

ရင်ထင်သလိုလည်း မိန်က ရင့်ဖနီးဖြစ်ဦးမှလေ။

ဘာကိုမှ အပိုင်မတွက်ပါနဲ့ဦး ဦးဂုဏ်လူရေ။

၄ ရ်ခါတစ်ခါ ကြိုတွက်တာတွေက တက်တက်စင်အောင် မှားယွင်းတတ်ပါသေးတယ်။

''ကိုယ် မကြည့်ရဘူးလား''

''မကြည့်နဲ့''

မိန့်မိန့်ဖူးနီက မျက်စောင်းလေးတစ်ချက် ဆောင့်ခနဲ့ရွယ်၏။ ဒီမျက်စောင်းလေးကြောင့် ဂုဏ်လူ့နှလုံးသားတွေက ပိုတောင်လှုပ်လှုပ် ယိမ်းမူးသွားရသေးသည်။

''စကားပြောတာ မကြည့်ဘဲနဲ့ ဘယ်လိုပြောရမလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဒီတိုင်းပဲပြော''

''ကိုယ်ပြောချင်တာ ကိုယ်နဲ့မင်းနဲ့ကိစ္စ''

''အဲဒါ ဒက်ဒီနဲ့သွားပြော၊ မိန့် လာမပြောနဲ့''

''ဟာ…လက်ထပ်ရမှာ ကိုယ်နဲ့မင်းနဲ့လေကွာ''

''ရှင့်ကို ဘယ်သူက လက်ထပ်မယ်ပြောလို့လဲ၊ တော်ပြီ နားမထောင်ချင်ဘူး''

မိန်မိန်ဖူးနီက စိတ်တိုတို ရှက်တက်တက်နှင့် ဒန်းပေါ်က နေ ဖုက်ခနဲ ထရပ်ပြီး လှည့်ထွက်ဖို့ပြင်သည်။

''နေပါဦး မိန်မိန်၊ ဒီလိုမလုပ်ပါနဲ့''

ဟင်…ကြည့်စမ်း သူက ပိုင်စိုးပိုင်နင်း ရဲရဲတင်းတင်းနှင့် မိန့်လက်ကောက်ဝတ်ကို ဖျတ်ခနဲ လှမ်းဆွဲထားၿ၏။

အရင်ကဆို မိန့်မျက်နှာကို ရဲရဲဝံ့ဝံ့ပင် သေချာမကြည့်ရဲသူ ဟာ့ အဆင့်တွေခုန်တက်လိုက်တာ ကြည့်ဦး။

မိန်မိန်ဖူးနီက သူ့မလက်ကလေးကို ဆတ်ခနဲရုန်း၏။

''ခဏလေးပြန်ထိုင်ပါဦးကွာ၊ ကိုယ် မင်းကို ဘာလုပ်မှာ မို့လို့လဲ၊ စကားပြောရုံလေးပဲပြောမှာ''

''အောင်မာ စကားပြောရုံမပြောလို့ ရှင်က ဘာလုပ်ချင်





သေးလို့လဲ''

''မိန်မိန် ဘာလို့စိတ်ညစ်နေတာလဲ''

''ရှင်မသိဘူးလား၊ ဒီလိုစိတ်တိုအောင် ဘယ်သူဖန်တီး တာလဲ''

''အဲဒါကိုပဲ ဆွေးနွေးမယ်လေ၊ ဆယ်မိနစ်လောက် နားထောင်ပေးပါ''

ဂုဏ်လူသည် ရီးသလိုအသလိုနှင့် အတင့်ရဲမည့်ရဲတော့ လည်း မိန့်လက်ကို မလွှတ်ဘဲ ဒန်းပေါ်အတင်းပဲ ပြန်ထိုင်စေသည်။

''ပြေပြေလည်လည်ပေါ့ကွာ၊ ကိုယ်တို့က တော်ကြာ ဘဝအဖော်တွေ ဖြစ်တော့မှာ''

ပြောပုံကို မိန့် အသည်းယားမိပေမဲ့ ပြန်ချေပဖို့ စကား လုံးရှာမရ။

''ထပ်မပြောနဲ့''

''မင်းသိတယ်မို့လား၊ အဲဒီကိစ္စကို ဘယ်လိုသဘောထား သလဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြော''

သူ ဤသို့ အလေးအနက် ခပ်တည်တည်ပြောလျှင် မိန်မိန် မျက်ခုံးလေးရှုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြီးကို လက်ထပ်ရမယ်ဆိုတာ တွေးကြည့်လို့ကိုမရ သေးပါဘူး။

မိန့်သိတာ အိမ်မှာ ကားဒရိုင်ဘာမရှိရင် သူ့ကို ဟိုလိုက်ပို့ ခိုင်း၊ ဒီလိုက်ပို့ခိုင်း၊ ထိုင်စောင့်ခိုင်း၊ မိန့်လိုချင်တာဝယ်ခိုင်း၊ စားချင် တဲ့မုန့် သွားဝယ်ခိုင်း၊ ကားပျက်ရင် ဖုန်းနဲ့ခေါ်ပြီး လာပြင်ခိုင်း၊ နက်ဂိမ်းဆိုင် ညဖက်အဖော်အစောင့်ခေါ်၊ အိမ်မှာ မိန့်မိန့် မေ့ကျန် ရစ်ခဲ့တဲ့ ပစ္စည်းတစ်ခုခုကို သွားယူပေး စသဖြင့် တောက်တိုမယ်ရ အားကိုးဖို့လောက်ပဲသိတာ။

ဒီလို ကိုယ့်လက်အောက်က လူကို ဘာကြောင့် သားမက် လောင်းအရာထားပြီး ဘာကြောင့်များ မိန့်နဲ့ လက်ထပ်ပေးချင်လာရ တာလဲ။

စဉ်းစားကြည့်လိုက်ရင် ဝမ်းနည်းစရာကောင်းသည်။

သူမရဲ့ဘဝဟာ သိပ်ကို ပစ်စလက်ခတ် ဆန်သွားသလို ပင်။

ဂုဏ်လူသည် သူမမျက်နှာလေးကို မျက်စိမလွှဲဘဲ ကြည့် နေရာ စိတ်ပျက်ဟန်နှင့် ညှိုးသွားတဲ့ အရိပ်ကလေးကိုမြင်သည်။

သို့သော် သူ့ကိုကြည့်တဲ့ မျက်ဝန်းလေးမှာ တင်းမာရိပ်၊





ကျေနပ်ရိပ်က ရှိနေဆဲ။

"ရှင်းရှင်းပြောရရင် ဦးဂုဏ်လူကို ကျွန်မ လုံးဝစိတ်မ ဝင်စားဘူး၊ ကြိုက်ဖို့ဆိုတာ အဝေးကြီးပဲ၊ လက်ထပ်ဖို့ကတော့ ဒီထက်တောင်ပိုဝေးတယ်၊ ကိုဂုဏ်ကြီး ကျွန်မ တောင်းပန်ပါတယ် ဖြစ်နိုင်ဘူးဆိုတာ ရှင်လည်းသိမှာပါ၊ ဒက်ဒီကို မပယ်နိုင်ဘူးလို့သာ အပြတ်ငြင်းပေးပါ"

ဟာ…ပြောတော့လွယ်လိုက်တာ။

"ဒါဆို မင်းကငြင်းမယ်ဆိုတဲ့သဘောလား"

"သြော်…ကျွန်မ ငြင်းလို့မရလို့ပေါ့၊ ရှင် ငြင်းပစ်လိုက် ပါပေါ့"

"အန်ကယ့်သမီးရင်းဖြစ်တဲ့ မင်းကတောင် ငြင်းလို့မရ ဘူးဆိုရင် ကိုယ်လိုကောင်ကရော ဘယ်လိုငြင်းမလဲ၊ အန်ကယ့် ကျေးဇူးတွေ ကိုယ့်ဆီမှာတစ်ပုံကြီး"

"သြော်…သြော် ဒါကြောင့် ရှင်က ဘဝနဲ့ကိုရင်းပြီး ကျေးဇူးဆပ်ရမှာပေါ့လေ ဟုတ်လား"

သူမက ခပ်ငေါ့ငေါ့မေး၏။

"နားထောင်ကောင်းအောင် မရေရွတ်ပါနဲ့ ဦးဂုဏ်လူ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင့်စိတ်ထဲက အကြံအစည်တွေ ကျွန်မမသိဘူးထင်နေလား၊ ရှင်က ကျွန်မကိုသာမက ကျွန်မဒက်ဒီရဲ့ စည်းစိမ်တွေပါ လိုချင်မက်မော နေတာမဟုတ်လား''

''ဟာ…မိန်မိန်ရယ်၊ ဒီလိုတော့မစွပ်စွဲပါနဲ့''

သူမရဲ့ ခနဲ့သလို ရွဲ့သလိုကနေ တဲ့တိုးဆန်လာသော စကားတွေကြောင့် ဂုဏ်လူ့မျက်နှာ နီမြန်းပြီး ရှက်အမ်းအမ်း ဖြစ် သွားရပါသည်။

သူမခံချင်စိတ်လည်း ဖြစ်သွားမိသည်။

မိန်မိန် အထင်သေးတာကို ခံပြင်းမိတာအမှန်။

အံကိုတစ်ချက်ကြိတ်ပြီး

''မင်း ကိုယ့်ကို ဒီလိုမပြောသင့်ဘူး''

''ရှင့်စိတ်ထဲက အမှန်တရားကို ပြောတာလေ၊ နာ့းခါး သွားလို့လား''

သူမက မခိုးမခန့်လေး မျက်စပစ်လျှက်မေးသည်။

ဒီကောင်မလေးဆီမှာ သူ့အပေါ် အမျက်ဓာတ်ခံ၊ အမုန်း ဓာတ်ခံ ရှိနေလိမ့်မယ်လို့ သူမထင်ခဲ့မိပါလား။

''နားခါးတယ်ဆိုတာထက် မင်းစကားက ကိုယ့်ကို ဖော်





ကားနေတယ်''

''မကျေနပ်ဘူးလား၊ မကျေနပ်တော့ ရှင်ကဘာဖြစ်ချင် လဲ ပြောစမ်းပါ''

''ဘာဖြစ်ချင်လဲ ဟုတ်လား၊ ကိုယ့်ဆန္ဒက အန်ကယ် ဓီစဥ်တာကို လက်ခံချင်တယ်''

''ဘာ''

သူမ နှုတ်ခမ်းလေးမဲ့သွား၏။

ဒါက မတန်မရာစကားတစ်ခွန်း ဖြစ်နေသလိုပုံစံ။

''မင်းကိုလက်ထပ်ချင်တယ်''

ကောင်မလေးကို စေ့စေ့ကြည့်ပြီး ဂုဏ်လူက တစ်လုံးချင်း ဖြည်းဖြည်းလေး ပြောလိုက်သည်။

မိန်မိန်ဖူးနီ မျက်နှာလေးမှာ ရှက်စိတ်နှင့် နီမြန်းသွား၏။

သူဒီလိုပြောစရာလား။

''ကျွန်မကတော့ ရှင့်ကို ဘယ်တော့မှ လက်မထပ်ချင် ဘူး၊ ဆွေးနွေးတိုင်ပင်လည်း အလကားပဲ ကျွန်မမှ ရှင့်ကိုမချစ်တာ''

''အခုမချစ်ပေမယ့် နောက်တော့ချစ်လာနိုင်တာပဲ''

''ဟင့်အင်း…ဝေးသေးတယ်၊ မမျှော်လင့်နဲ့၊ ရှင် အဲလို



www.burmeseclassic.com

www.burmeseclassic.com

အခွင့်အရေးယူရင် ပိုတောင်မုန်းသေးတယ်၊ ဟွန်း မှတ်ထား"

မိန့်မိန့်ဖူးနီက ဆတ်ဆတ်ထိမခံ ဟန်ပန်လေးနှင့် ပြောပေမဲ့ ဂုဏ်လူ စိတ်မနာနိုင်ပါ။

အခွင့်အရေးသမားလို့ ထင်လည်းမတတ်နိုင်။

သူကလေးကို ပိုင်ဆိုင်ခွင့်ရမယ်ဆို ပိုင်ဆိုင်ချင်သည်။

ပြောပြောဆိုဆို မိန့်မိန့်က စကားဆုံးတာနှင့် လှစ်ခနဲ ထပြေးဖို့ကြံသည်။

ဒါကိုသိတော့ ဂုဏ်လူက သူမပခုံးလေးတစ်ဖက်ကို လှမ်းဆုပ်ကိုင်ထားမိသေးသည်။

သို့သော် မရ။ သူမက အမိမခံတဲ့အပြင် ဂုဏ်လူကိုပါ လက်နှင့်ပြန်တွန်းထုတ်ပြီး အဒိုက်မိကုန်း အနားက ပြေးထွက်သွားလေသည်။



မျိုးပပသည် ကောင်တာမှာရပ်ကာ ပိုက်ဆံရှင်းဖို့ စောင့်ရင်း မိန့်မိန့်ဖူးနီထိုင်နေရာ စားပွဲဆီသို့ နောက်ပြန်တစ်ချက် လှည့်ကြည့်လိုက်သည်။

ကော်ဖီဆိုင်ကလေးရဲ့ မှန်ချပ်ကြီးကနေတစ်ဆင့် မိန့်မိန့်အပြင်ဖက်ကို လက်ပေါ်မေးထောက်လျက်သား ငေးနေသည်။

ဖြူစင်ဝင်းမွတ်သော မျက်နှာလေးမှာ မျက်တောင်ကော့ကော့၊ ပါးဖောင်းဖောင်း၊ နှုတ်ခမ်းထူရဲရဲလေးနဲ့ အင်မတန်ချစ်စရာကောင်းတဲ့အပြင် မေးစေ့က အချိုင့်ကလေးဟာလည်း တစ်မျိုးဆွဲဆောင်မှုရှိတဲ့ ကလေးမ။

ဆံပင်စလေးတွေကို နှစ်ထပ်ခွဲ စည်းနှောင်ထားတာမို့ ဆံလေးတချို့ မျက်နှာပေါ် ကပိုကရိုကျနေပြီး ပန်ထားတဲ့ အသဲပုံ ခပ်ကြီးကြီး နားစွဲကြည်ကြည်လေးနှင့် ဘယ်လိုချစ်စဖွယ်ကောင်း


www.burmeseclassic.com

www.burmeseclassic.com



နေသလဲမသိပါဘူး။

ဝတ်ထားတာက နောက်ဖက်မှာ ခါးစည်းကြိုး ချည်နှောင်ထားတဲ့ စကားဝါရောင် အင်္ကျီပါးပါးလွင့်လွင့်လေး။ ဘောင်းဘီက သရီးကွာတား အသားရောင်ပျော့ပျော့။ ဘောင်းဘီအနားက ဒူးဆစ်အောက်မှာ ကြိုးချည်အရုံ့ကလေးပါသေးတော့ ကလေးဆန်လျက်။ စီးထားတဲ့ဖိနပ်က ရွှေမင်ရောင် ရှူးဖိနပ်အပါးလေး။

ခြေနှစ်ဖက်ကို ချိတ်ထားဟန်က ကျော့ကျော့မော့မော့နှင့် မင်းသမီးလေးလို။

ဘယ်လိုပဲကြည့်ကြည့် တင့်တယ်လှပလွန်းတဲ့ ငေးချင်စရာ ရုပ်ကလေးကို တစ်ခါတစ်ရံတော့ မနာလိုပင်ဖြစ်မိသား။

မျိုးက ပင့်သက်ရှိုက်၏။

တကယ်တော့ ဒီကောင်မလေးနှင့် မျိုးက အသက်ကွာတဲ့ အပြင် ညီမနှစ်ဝမ်းကွဲလည်း တော်ပါသေးသည်။

မိန်မိန့်ဒက်ဒီ ဦးမင်းရာဇာက ဖေဖေ့ရဲ့ညီတစ်ဝမ်းကွဲတော်သည်။

ဒီတော့ မိန်မိန်နှင့် မျိုးကြတော့ နှစ်ဝမ်းကွဲညီအစ်မ ခေါ်ရမှာပေါ့။





အမျိုးထဲမှာ မိန်မိန်က တစ်ဦးတည်းသောသမီးလေးလည်း ဖြစ်၊ အမွေပေါင်းများစွာ ပိုင်ဆိုင်သူလေးလည်း ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းအားကျငေးမောရသူပါ။

မျိုးက ဦးရာဇာကုမ္ပဏီမှာ (Chief Accountnt) တစ်ယောက်အဖြစ် အလုပ်ဝင်ခဲ့တာ ငါးနှစ်ကျော်ပြီ။

တူမတော်တယ်ဆိုပေမဲ့ တကယ်တော့ သူ့ကုမ္ပဏီရဲ့ ဝန်ထမ်းပါပဲ။

မျိုးတို့က ကုမ္ပဏီပိုင်ရှင်ဦးလေးရဲ့ မျက်နှာကို ကြည့်ရသလို ဦးလေးရဲ့သမီး မိန်မိန်ဖူးနီကိုလည်း အခြေအနေကြည့်ကာ လိုလိုက် အကြိုက်ဆောင် မျက်နှာသာပေးရပါသည်။

မိန်မိန် ရုံးကိုလာလို့များက ကော်ဖီဆိုင်ထွက်ထိုင်တာ။

ဒီကော်ဖီရှော့လေးက မျိုးတို့ရုံးနား မလှမ်းမကမ်းမှာရှိပြီး လမ်းတစ်ဖက် ကူးလိုက်ရုံနှင့် ရောက်တာမို့ ရုံးကလူတွေ ညှိသည် ညှိခံစကားပြောစရာရှိတိုင်း ဒီကော်ဖီဆိုင်ကိုပဲ လာလိုက်တာများသည်။

ကိုယ်တိုင်ယူစနစ်မို့ မိန်မိန့်ကို စားပွဲမှာထိုင်စေလျက် မျိုးက ဗန်းလာသယ်တာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုရင် မျိုးက မိန်မိန့်ထက် ဆယ်နှစ်နီးပါး အသက်ပိုကြီးသည်။ ဆံပင်ကို သပ်သပ်ရပ်ရပ် ထုံးဖွဲ့ပြီး ကုမ္ပဏီယူနီဖောင်းလည်း ဝတ်ထားတော့ မျက်နှာက ရှိရင်းစွဲအသက်ထက် ပိုရင့်နေလိမ့်မည်။

သို့သော် ကလေးနှင့် တွက်ကပ်နေလို့ ဘယ်ဖြစ်မှာလဲ။

မိန်မိန်ရုံးကို ယောင်မှားရောက်လာတိုင်း မျိုးက ဟှာဟှာသလဲ ဂရုစိုက် အရေးပေးရသည်မဟုတ်လား။

စားချင်တဲ့မုန့်ရှိရင် ချက်ချင်းမှာပေးရတာ။ မျိုးကိုယ်တိုင်ကလည်း အရေးပေးရသည်မဟုတ်လား။

စားချင်တဲ့မုန့်ရှိရင် ချစ်ခင်တွယ်တာချင်စရာလေးပါ။

မျိုးပပက ကော်ဖီဗန်းလေးနှင့် စားပွဲရှိရာ ပြန်ရောက်လာသည်။

''မိန်မိန်လေး ဘာတွေငေးနေတာလဲဟော့''

''စိတ်ညစ်နေတာ မမျိုးရေ''

''ဟောတော့ ညည်းလေးမှာများ စိတ်ညစ်စရာရှိသေးလား''

မျိုးပပက နှုတ်ကမေးရင်း ချောကလက်မစ်ရိုတ် ဖန်ခွက်ကိုလည်း မိန်မိန့်ဖူးနီရှေ့သို့ ထိုးပေးလိုက်သည်။

မိန်မိန် ချောကလက်ကြိုက်တာ မျိုးသိသည်လေ။

မုန့်ကလည်း ချောကလက်ဒိုးနတ်ပါပဲ။

''ရှိတာပေါ့လို့''

''အမယ်လေးနော်...ထူးထူးဆန်းဆန်း''

လိုလေသေးမရှိ ရွှေဘုံပေါ်က မင်းသမီးလေးလို စံစားနေတဲ့ ကလေးမကများ ညည်းညည်းညူညူဆိုတော့ မျိုးက ပြုံးမိလေသည်။

''ကဲ ပြောစမ်းပါဦး၊ ဘာတွေရင်ဖွင့်မလို့လဲ''

မိန်မိန်သည် တစ်ခါတစ်ရံ စိတ်လိုလက်ရရှိလျှင် သူ့ကိုယ်ရေးကိုယ်တာတချို့ကို မျိုးထံ လာတိုင်ပင်ပြောပြတတ်သည်။

မျိုးက သူလိုရာ အကူအညီပေးနိုင်တဲ့ အစ်မကြီးတစ်ယောက်လိုမျိုး ဖြေရှင်းပေးရတာ။

ဤသို့ ဘော့စ်ဦးလေးရဲ့သမီးနှင့် တရင်းတနှီးရှိတာကိုလည်း မျိုးက ဂုဏ်ယူသဘောကျမိစမြဲပါ။

အိမ်မှာဆိုလည်း မျိုးက သမီးအကြီးမို့ အရာရာဦးဆောင်နေရတာ။ မောင်ညီမတွေကိစ္စ ကူညီဖြေရှင်းပေးရတာမဟုတ်လား။







www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မိန်မိန်ရဲ့ပြဿနာလေးတွေကတော့ အမြဲတမ်း ချိုင်းပလေးဆန်ဆန်ပါ။

မပွဖင်းမျက်နှာဖုံး အလှပုံရိုက်ချင်တာ သူ့ဒက်ဒီက ခွင့်မပြုတာတို့၊ ဟစ်ဟော့ အဆိုတော်ဆီ ဖုန်းနဲ့မိတ်ဆက်တာ အဆို တော်ရဲ့ ရည်းစားက ဖုန်းကိုင်လို့ အခြေအတင်ပြောပစ်လိုက်တာတို့၊ ဖြူတီစပါးသွားပြီး တက်တူးရေးဆွဲကြည့်ဖို့ အဖော်လိုက်ပေးရတာ တို့၊ သူငယ်ချင်းနဲ့စိတ်ကောက်ပြီး မခေါ်တာတို့ ဒါမျိုးလေးတွေပဲ ဖြစ်သည်။

ဘာမှကြီးကြီးမားမား ရေးကြီးခွင်ကျယ်လည်း မဟုတ်ပါ ဘဲ ပေါက်ကရကိစ္စလေးတွေနှင့်ပဲ ကွိကျိကွိကျိ ဖြစ်လာတတ်တာ မျိုးက အကြောင်းသိလေ။

ဒါကြောင့် မိန်လေးကို အပြုံးနှင့်သာ ကြည့်နေမိရင်း

''ချော့ကလက်ရိုက်လေး အရင်သောက်ဦး၊ ပြီးမှ အေးအေးဆေးဆေးပြောပြ ဟုတ်ပြီလား''

''ဒီတစ်ခါ အေးအေးဆေးဆေးမဟုတ်ဘူး မမျိုးရဲ့''

မိန်မိန်က နှုတ်ခမ်းလေးကို စူထော်ကာ…

''အစကတည်းက ရည်းစားထားမိရင်ကောင်းမှာ''





''ဘာရယ်''

''အခု မိန် ရည်းစားလိုချင်တယ်''

''ဘုရားရေ…ဒါ ဘယ်လိုပြောတာလဲ၊ တိုးတိုးလုပ်စမ်း ပါ မိန်းကလေးရယ်၊ သူများတွေကြားသွားမှဖြင့်''

မျိုးပပက မျက်လုံးပြူးနှင့် ဟန့်မိသည်။

ပြောပုံကကြည့်လေ အခုချက်ချင်း ရည်းစားရှာပေးရမယ့် ပုံ ဖြစ်နေပြီ။

''တကယ်ပြောတာ မမျိုးရဲ့၊ မိန့်မှာ ရည်းစားရှိမှဖြစ်တော့ မှာ သိရဲ့လား''

မျိုးသည် မထိတ်သာမလန့်သာဖြင့်

''ဘာဖြစ်လို့တုန်း''

မိန်မိန်က စိတ်မရှည်သလို

''ရည်းစားမရှိရင် သူတို့ပေးစားတဲ့သူ ယူရမယ်တဲ့''

''ဘယ်သူကလဲ''

''ဒက်ဒီကပေါ့''

မိန်မိန် ပြောပုံကြောင့် မျိုးပင် အလန့်တကြား ဖြစ်သွားရ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''အစတုန်းကတော့ သူတို့ပဲ ရည်းစားမထားရဘူးဘာညာနဲ့ ပိတ်ပင်ထားပြီး အခုမှ မိန်လေးမှာ ချစ်သူမရှိရင် သူတို့သဘောတူတဲ့သူ လက်ခံရမယ်တဲ့''

''နေစမ်းပါဦး အန်ကယ်ရာဇာက ဘယ်သူနဲ့သဘောတူတာလဲ''

မိန်မိန်ဖူးနီက နှုတ်ခမ်းလေးကို ဖိကိုက်ငြိမ်သက်နေကာ ချက်ချင်းမဖြေ။

ဒက်ဒီရော ကြီးမေရော မှာထားတာက ဒီသတင်းကို လျှောက်မပြောနဲ့ဦးတဲ့။

မိသားစုအရေးကိစ္စ အပြင်ကို မပေါက်ကြားစေနဲ့ဦးတဲ့။ ဒါပေမဲ့ မိန်တော့ မြိုမနေနိုင်ပါဘူး။

ပြောပြလိုက်မှာပဲ။

တစ်ခဏ စဉ်းစားပြီးတာနှင့် မိန်မိန်က မဖုံးကွယ်တော့ဘဲ

''ဘယ်သူရှိမလဲ ဟိုလူကြီးပေါ့''

''ဘယ်လူကြီးလဲ''

မျိုးရင်ထဲ ဒိန်းခနဲပင် တုန်သွားရသည်။ ရင်ထဲက နှလုံးသားက ပြင်းပြင်းထန်ထန်ပင် တုန်ခါလှုပ်ရှားသွားသည်။





သိချင်စိတ်ဖြင့် ဖွင့်လာမည့် မိန်မိန် နှုတ်ခမ်းလေးဆီ ရင်တထိတ်ထိတ် စောင့်ကြည့်နေမိသည်။

မဖြစ်နိုင်ပါဘူး။

သူဟာ မျိုးတို့နဲ့မှ အရွယ်တူ အတန်းတူ။ ရင့်ကျက်တည်ငြိမ်မှုချင်း မကွာဟမှာ။

ဆံပင်ကို ဂျဲနှင့် သပ်သပ်ရပ်ရပ်ဖြီးတတ်ပြီး ခန့်ညားချောမောတဲ့ မျက်နှာပိုင်ရှင်က မျိုးအာရုံထဲ အလိုလိုဝင်လာသည်။

အင်္ကျီဖြူလွလွနှင့် ပိုးချည်အရောပုဆိုးတို့ကို ဝတ်ဆင်တတ်တဲ့ ရှင်းရှင်းသန့်သန့် ကိုလူညီချော။

သဘောကောင်းမွန်ရည်ပြီး အပြုံးလေးက ချိုသာဖော်ရွေလွန်းလို့ တစ်ရုံးလုံး ဝိုင်းချစ်နေရတဲ့ မန်နေဂျာ ကိုရွှေချော။

မဟုတ်ပါစေနဲ့။ ဒီလိုမဖြစ်ပါစေနဲ့။

အမောတကော ဆုတောင်းနေဆဲ။

''ကြီးမေကတော့ လျှောက်မပြောရဘူးတဲ့၊ ဒါပေမဲ့ မိန်စိတ်ဆိုးလို့သေတော့မယ်၊ မမျိုးကိုတော့ ပြောပြလိုက်မယ်''

''အင်း…ပြောလေ''

မကြားရဲဘဲ အသက်အောင့်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဂုဏ်လှကြီးပေါ့"

"ဟင်"

မျိုးပပနှလုံးသားကို ဆွဲနှုတ်ခံလိုက်ရသလို အံ့အားတသင့် နာကျင်ကြေမွသွားရပါသည်။

"ဂုဏ်ကြီးနဲ့ မိန်မိန်နဲ့ ဟုတ်လား"

မယုံနိုင်စွာ ထပ်မေးမိ၏။

"အင်းလေ…မဖြစ်နိုင်ဘူး၊ မအပ်စပ်ဘူး၊ တခြားစီတွေနော်၊ ဒက်ဒီ ဘာစိတ်ကူးပေါက်တာလဲမသိဘူး၊ ဒီအရွယ်နဲ့ ဒီအရွယ် စီစဉ်ရလား၊ မကြိုက်ပါဘူး၊ မိန်တော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး သိလား"

မျိုးပပသည် ဘာမှထပ်မပြောနိုင်ဘဲ ရင်တုန်ပန်းတုန်ကြီး ငြိမ်တွေကြည့်နေမိပါသည်။

သူတို့ပုံကလည်း ကလေးနှင့်လူကြီးလို ကွာနေတာ။

ပြီးတော့ ဂုဏ်လှဟာ မန်နေဂျာဆိုပေမဲ့ အန်ကယ်ရာဇာရဲ့ ကျေးဇူးခံကျေးဇူးစားပါ။ တန်းတူအခြေအနေတူထဲကမှ မဟုတ်တာ။

လှိုင်မြင့်မိုက အပေါ်ဆုံးထပ်တိုက်ခန်းလေးမှာနေတာ။ စီးစရာကားက အန်ကယ်ရုံးက ပေးထားတဲ့ကား။ ပြီးတော့





အန်ကယ့် လခစားဝန်ထမ်း၊ မိဘမဲ့၊ အသိုင်းအဝန်းလည်း ဘာမှ မတောင့်တင်း။

ပြောရမယ်ဆို သူ့ရဲ့ တစ်ဦးတည်းသောသမီးအတွက် ဂုဏ်သရေရှိ အဆင့်အတန်းတူ သူဌေးသားကို ရှာရမှာမဟုတ်ဘူး လား။

ဦးမင်းရာဇာမှာ ဂရိတ်အပေါင်းအသင်း မိတ်ဆွေတွေမှ အများကြီးပါ။

ဒါကို ဘာကြောင့် ဂုဏ်လှကိုမှ ပစ်မှတ်ထားမျက်စိကျရ တာလဲ။ လှယုံလူရင်းထဲက လက်^အောက်ငယ်သားမို့လို့ ရွေးချယ် တာလား။

မျိုးပပရဲ့အတွေးတွေ ရှုပ်ထွေးမွှန်းကြပ်သွားရသည်။

"ကြည့်လေ…မမိုးတောင် အံ့သြနေတယ်မဟုတ်လား"

အံ့သြတာထက် ရင်ကွဲပက်လက် မချိတင်ကဲဖြစ်သွားတာ ပါ ညီမလေးရယ်။

ဂုဏ်ကြီးနှင့် မျိုးဟာ ဘဝအနေအထားချင်း မတိမ်းမယိမ်း တစ်ရုံးထဲမှာ လုပ်ဖော်ကိုင်ဖက်ချင်းမို့ ရင်းနှီးပြီး သံယောဇဉ်ဖြစ်နေ တာလည်း နှစ်တွေကြာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တစ်နေ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားတွေပြော၊ ထမင်းအတူစား၊ နွေးနွေးထွေးထွေးသာသာယာယာ ဖြတ်သန်းလာခဲ့ကြတဲ့ အချိန်တွေ မနည်းပါ။

တစ်ယောက်အကြောင်းလည်း တစ်ယောက်သိပြီးသား။

အသက်အရွယ်ချင်း၊ ရာထူးခြင်း၊ ဘဝအနေအထားခြင်း မျှတသည်။ ဘာမှကွာဟချက်မရှိ။

တစ်ဦးအပေါ် တစ်ဦးလည်း နားလည်မှုရှိသည်ဟု မျိုးထင်သည်။

မျိုးဖက်က မျက်လုံးချင်း နားလည်မှုတွေနှင့် တိတ်ဆိတ်သော မျှော်လင့်ချက်တစ်ခု ရင်ထဲမှာ ပြင်းပြင်းထန်ထန် ရှိနေခဲ့တာ မညာချင်ပါ။

မျိုးက အမြင့်ကြီးရည်မှန်းတာလည်း မဟုတ်ပါ။

ဒါပေမဲ့ သူကတော့ အပြင့်ကြီး ရည်မှန်းသွားပြီလား။

ဒါကြောင့် အရင်ကတည်းက အန်ကယ်ရာဇာကို မျက်နှာလိုမျက်နှာရနှင့် အောက်ခြေသိမ်းကအစ မခိုင်းဘဲ အကုန်ဝင်လုပ်ပေးနေခဲ့တာလား။

ဝန်ထမ်းထူးချွန်လက်မှတ်က သူပဲ နှစ်တိုင်းရသင့်နေတာ





ဘစ်ရုံးလုံးက ပြောနေကျ ကိစ္စတစ်ခုလေ။

အခုတော့ ဘော့စ်ရဲ့သားမက်နေရာပင် မျှော်မှန်းနိုင်ပြီ။

"သူ့ဘက်ကရော"

မျိုးဆီက မေးခွန်းတစ်ခု ခုန်ထွက်သွားမိ၏။

မိန်မိန်မူးရီက ခေါင်းယမ်းပြီးလျှင်...

"သူ့ဖက်ကတော့ မိန် မသိဘူး"

ဟု ဆိုသည်။

"ဒါဆို ဘာမှတရားဝင်မကြေညာသေးဘူး၊ လူကြီးတွေညှိုးစားစီစဉ်တုန်းပေါ့၊ ဒီလိုလား"

မိန်မိန်သည် တကယ်တမ်း နှုတ်လွှန်မှာစိုးကာ တိကိကျကျလည်း မဖြေချင်လှပေ။

ကိုဂုဏ်လူကိုယ်တိုင် သူ့နှုတ်ကနေ "မိန်မိန့်ကို လက်ထပ်ခွင့်ရချင်တယ်" ဟု ပြောခဲ့တာကို အလိုလိုထိန်ချန်ချင်မိ၏။

"ဂုဏ်ကြီးက ညီမလေးကို ဘာမှမပြောဘူးလားဟင်"

"ဟင့်အင်း"

မိန် ညာလိုက်သည်။ ဂုဏ်လူပါ လက်ခံပြီဆိုလျှင် သူမလက်မခံတာဟာ သူမရဲ့အပြစ် ဖြစ်သွားမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

"ထင်သားပဲ၊ ဂုဏ်ကြီးကတော့ မိန်မိန့်ကို ကလေးလို့ပဲ မြင်နေမှာပေါ့၊ ဘယ်စဉ်းစားပါ့မလဲ၊ အန်ကယ်ရာဇာပြောရင်သာ ငြင်းလို့မကောင်းဘဲ မြုံစိစိကြီးငြိမ်နေမှာ၊ မိန်မိန်လေးက သဘော မကျရင် ငြင်းလို့ရတာပဲ ဟုတ်တယ်မို့လား"

"မသိပါဘူး၊ မိန်တော့ ရည်းစားရှိရင် ကောင်းမယ်လို့ပဲ တွေးမိတယ်"

"ဟယ်...ဘယ်လိုလေးလဲ၊ ချက်ချင်းလက်ငင်း ရည်းစား ကောက်ထားတော့မယ်ပေါ့"

"အင်းလေ"

"ဘယ်သူရှိမလဲ၊ သူငယ်ချင်းတွေ ဘာတွေထဲက ပရိုပို့စ် လုပ်ထားတာရှိတယ်ထင်တယ်၊ ကောင်မလေးနော် ပြောပုံကမရိုးဘူး ဟင်း ဟင်း"

မျိုးပပသည် မိန်မိန်ဖူးနီ ချစ်သူရှိရေးကို ချက်ချင်းကြီး အားတက်သရော စိတ်ဝင်စားလာမိတာ ဝန်ခံပါသည်။ ဒါမှလည်း ဂုဏ်တစ်ယောက် ကျဉ်းထဲကျပ်ထဲက လွတ်လမ်းမြင်မှာ မိန်မိန် က အိမ်မှာ ဖူးဖူးမှုတ် အလိုလိုက်ခံရသူလေးဖြစ်တာကြောင့် သူမမှာ သာ ချစ်သူရှိလို့ကတော့ အိမ်ကသဘောတူတာကို ပြတ်ပြတ်သား





သားငြင်းပယ်မှာပင်။

နောက်ဆုံး မရဘူးထင်လျှင်လည်း ခိုးရာလိုက်ပြေးတဲ့ အထိ စွန့်စားဖို့ ဝန်လေးမှာမဟုတ်ပေ။

လူငယ်လေးတစ်ယောက်ရဲ့ ရူးရူးမူးမူး စွန့်လွှတ်စွန့်စား မှုတွေ၊ အားကြီးမာန်တက် ကြိုးစားဖန်တီးမှုတွေကို ဘယ်သူကများ ကြာရှည်တားမြစ်ပိတ်ပင်ထားလို့ ရမှာလဲ။

"ပရိုပို့စ်လုပ်ထားတဲ့ထဲက မိန်ကြိုက်တာမှမရှိတာ၊ အဲဒါ ကြောင့် ညစ်နေတာပေါ့ မမျိုးရဲ့"

"မိန်လေးက ဂုဏ်ကြီးကို လက်မခံနိုင်ဘူးဆိုတာ ပြောမပြ လိုက်ဘူးလား"

"ပြောတာပေါ့၊ ရှင့်ကိုမုန်းတယ်၊ ကြည့်မရဘူးလို့ကိုပြော ပစ်တာ"

မျိုးပပက မိန်မိန် ရဲ့မဲ့ပြောပုံလေးကို ရယ်မိ၏။

အခုမှ စိတ်ထဲ နည်းနည်းပေါ့သွားရသည်။

ဂုဏ်ကြီးကို သူမကြိုက်လို့ တော်ပါသေးရဲ့ဟုလည်း ရင်တမမနှင့် ပင့်သက်ခိုးရှိုက်ရသည်။

"မိန်မိန် ငါတစ်ခုပြောမယ်၊ စိတ်မဆိုးနဲ့"



www.burmeseclassic.com

www.burmeseclassic.com

''အင်း…မဆိုးဘူး၊ ဘာလဲ''

သူမက စိတ်ဝင်တစား မျက်လုံးကလေးတွေ အရောင်ဖိတ်လဲ့လာသည်။

''မမျိုးသူငယ်ချင်းရဲ့ မောင်လေးတစ်ယောက်ရှိတယ်၊ မိတ်ဆက်ပေးရမလား''

''ဟင်…မမျိုးကလည်း''

မိန်ဖူးမျက်နှာလေးရဲကာ ရှက်တက်တက်လေး ရယ်မိ၏။

''ဪ…တကယ်မေးတာ''

''ဟဲ…ဟဲ ရှာပေးတော့မယ်ပေါ့''

''ကိုယ့်ညီမလေး စိတ်ဆင်းရဲနေတာ မကြည့်ရက်လို့ပါနော်''

''မိန်မိန်က ဂျေးထူတယ်နော်၊ သိတယ်မဟုတ်လား''

''သိပါ''

''မမျိုးအသိက ချောလား''

''အမိုက်စားလေးပဲ''

''ဘယ်လိုပုံလဲ''

မိန်ဖူးက မျက်မှောင်ကုပ်ကာ ပြန်မေးသည်။ ရယ်ကျဲကျဲ





ပြောင်စပ်စပ်ဖြစ်ချင်နေတဲ့ ပုံစံကိုလည်း ထိန်းရသေးသည်။

ရှက်တော့လည်း ရှက်တာပေါ့နော်။

G Talk ပြောရင်း Chatting လုပ်ရင်း သိနေတဲ့သူတွေလောက်မှ မချောရင်တော့ မိန်က စိတ်မကူးချင်ပေ။

အခုနေ ရည်းစားတစ်ယောက် အလိုရှိနေတာတော့ အမှန်ပင်။ ဂုဏ်လူရဲ့ ရိသဲ့သဲ့မျက်ဝန်းတွေကို ဝေယံမခံချင်ပေ။

''မိန်ကလေးအရွယ်ပဲ၊ ဒီဇိုင်းလေးက သန့်တယ်''

''သူက မိန့်ကိုမြင်ဘူးလား''

''သိတယ် မိန်ရဲ့၊ YUFL က မိန်မိန်ဖူးနိက နာမည်ကြီးပဲတဲ့၊ မိတ်ဆက်ပေးမလားလို့ မမျိုးကိုမေးတာ၊ အဲဒီတုန်းကတော့ ယောက်လိုက်တာပေါ့၊ ငါ့ညီမ[illegible] ကြည့်တောင်မကြည့်နဲ့လို့ ပြောလိုက်တယ်''

''ဟား…ဟား''

မိန်ဖူးက ရယ်သည်။ [illegible] နာမည်ကြားဖူးကာ ဦးမင်းရာဇာရဲ့သမီးဆိုပြီး ဖြုတ်တဲ့သူကလည်း ဖြုပါသည်။

''သူဖက်က စိတ်ဝင်စားပြီးသား၊ မမျိုးကိုတောင် တွေ့တိုင်းပူဆာနေတယ်၊ သူငယ်ချင်းမောင်ဆိုတော့လည်း ကိုယ့်မောင်


www.burmeseclassic.com

www.burmeseclassic.com



လို့ အကြောင်းသိပါပဲ၊ ကောင်လေးက ကွန်ပျူတာနဲ့ ကျောင်းပြီး သွားပြီ၊ နေတာက ဘောက်ထော်မှာ၊ မိန်လေးတွေ့ချင်ရင် တစ်ရက် မိတ်ဆက်ပေးမယ်''

''အို...အဲလိုဆိုအောက်တာပေါ့''

''ကိုယ့်ညီမလေး သိက္ခာထိခိုက်အောင် မမျိုးက လုပ်ပါ့ မလားဟယ်၊ ဒီတိုင်း မိတ်ဆက်ပေးတဲ့သဘောပဲ လုပ်မှာပါ''

မိန်ဖူးက မမျိုးမျက်နှာကို စိုက်ကြည့်နေမိသည်။

ဒက်ဒီကိုကြောက်တဲ့သူဆိုတော့ ဒက်ဒီ့စကားနားထောင်မှ ပဲ တိုက်တွန်းနားချမယ်လို့ မိန်ကထင်တာ။

ရည်းစားထားမယ်ပြောရင် ဖျောင်းဖျချော့မော့ပြီး တားမြစ် မယ်လို့သာ တွက်ထားတာ။

အခု မမျိုးက မိန်ထင်သလိုမဟုတ်။

သူ့သူငယ်ချင်း မောင်နှင့်တောင် မိတ်ဆက်ပေးဦးမယ်တဲ့။

ကြည့်ဦး သဘောတွေကောင်းလိုက်တာ။

မိန်တို့နှင့် အသက်အရွယ်ကွာပေမဲ့ မမျိုးက လူငယ်ေ အပေါ် နားလည်မှုရှိသည်။

ဆယ်ကျော်သက်ဘဝ ရင်ခုန်သံကို နားလည်သည်။





ခံစားပေးတတ်သည်။

မိန်တော့ ဘာပဲဖြစ်ဖြစ် မမျိုးကို ရင်ဖွင့်မိတာ မှန်သွားပြီ လေ။

''ဘယ်လိုလဲ မိန်လေး''

''အဲဒါတော့ မမျိုးသဘောပဲ၊ စကားပြောကြည့်လို့ ဖီလင် လာရင်တော့ ဆောရီးပဲနော်၊ မမျိုးလူကို မိန် အားနာမှာမဟုတ် ဘူး''

''အေးပါဟယ်...ငါသဘောပေါက်ပါတယ်''

မိန်က ကိုဂုဏ်ထင်သလို အတုံးအခဲမလေးမဟုတ်ဘူးဆို ဘာ ပြချင်သည်။

သူတို့ဘာသာ အစီအစဉ်တွေဆွဲ၊ စိတ်ကူးယဉ်နေတုန်းမှာ ကြက အရွဲ့တိုက်ပြီး ကောင်လေးတစ်ယောက်ယောက်နှင့် တွဲလိုက် ချင်တာပါပဲ။

ဒါကို မိန် ပါးစပ်ဟလိုက်တာနှင့် မမျိုးက ရိပ်မိသည်။

မိန့်မိန့်ရင်ထဲက ခံစားချက်ကို ထိုးထွင်းသိမြင်သည်။

သူငယ်ချင်းတွေကိုလည်း မိန်က ကြေညာထားပြီးသား။ အချိန်မဆွဲဘဲ ချစ်သူထားလိုက်တော့မည်ဆိုတာ ဖွင့်ပြောထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကသဘောတူတဲ့လူကြီး မယူချင်ဘူးဟာ၊ ငါ့ဘာသာ ကိုယ့်ကြိုက်တာ ကိုယ်သဘောကျတာ ရှာချင်တယ်"

"နင်က ရှာစရာလိုသေးလား မိန်ဖူးရဲ့၊ နင့်နားမှာ ဒီလောက်ပတ်ချာလည်ဝိုင်းနေတဲ့ဥစ္စာ" ဟု သူငယ်ချင်းတွေက မဲ့ရွဲ့ကြ၏။

ဝိုင်းတာက ဝိုင်းတာပဲလေ။ ရွေးရခက်တာကလည်း ခက်နေတာပဲ။ သူတို့က မိန့်ကို သဘောမပေါက်လို့။

မိန့်က ကိုယ်စိတ်ကျေနပ်မှုရပြီး တကယ်ချစ်သွားတာလည်း လိုချင်သေးတာကိုး။

ငါ့ရင်ထဲက အရှူးအမူး ချစ်မြတ်နိုးတာကိုမှ လက်ခံချင်တာဟု ဟပ်ကွန့်လျှင် သူ့ကို အမြင်ကပ်ပြီး ဝိုင်းအော်တော့မှာ။

ဒီတော့ နှုတ်ဆိတ်နေလိုက်ရတာ။

အခု မမျိုးကကြတော့ သူငယ်ချင်းမဟုတ်တော့ မိန့်က အတွန့်တက်ရသည်။ အကဲပိုရသည်။

မိန့်ဘာပြောပြော မမျိုးက မိန့်ကို ရှုံ့ချမယ့်သူမဟုတ်ဘူးလေ။

"ဒီဇနေ မမျိုးဖုန်းဆက်မယ်၊ ကောင်းအစ်မနဲ့ လပြည့်ဝန်းသွားကြဖို့ ချိန်းထားတယ်၊ မမျိုးတို့အပြင်သွားရင် ကောင်းက လိုက်ပို့ပေးနေကျလေ"

မမျိုးက အားတက်သရော ဆက်ပြော၏။

မိန့်မိန့်ကတော့ နှုတ်ခမ်းလေးချွန်လျက် ပခုံးတွန့်ပြလိုက်သည်။

"မတော်တဆလာခုံသလိုပုံစံမျိုးနဲ့ ငါမိတ်ဆက်ပေးမယ် သိလား၊ စနေနေ့လည်ပိုင်းလောက်နော်၊ မိန့်လေးမေ့နေဦးမယ်"

"အင်းပါ"

"မိန့်လေး GSM က အရင်ဟာပဲမဟုတ်လား"

"အင်း"

သူမ ပထမနှစ်စတက်ကတည်းက ဒက်ဒီက လက်ကိုင်ဖုန်းတစ်လုံး ဝယ်ပေးခဲ့တာဖြစ်သည်။

ဆက်သွယ်ရေးကတော့ အဆင်ပြေပါသည်။ ဘယ်နားရောက်နေနေ ကိစ္စမရှိ။

"သွားစရာတွေဘာတွေ ရှိသေးလား၊ စဉ်းစား"

"သူငယ်ချင်းမွေးနေ့တော့ရှိတယ်၊ ဒါပေမဲ့ အဲဒါက မနက်ပိုင်းလေးခဏပါ"







www.burmeseclassic.com

www.burmeseclassic.com



''မမျိုးက ကြိုပြောထားတာနော်၊ အစီအစဉ်ကို မိန့်လေးဖက်က မပျက်နဲ့ဦး''

စိတ်မချလက်မချ မှာနေသေးသည်။

ထူးထူးဆန်းဆန်း မိတ်ပါလက်ပါကြီးကို ကူညီနေချင်တော့တာ။

''မပျက်ပါဘူး၊ မိန့်လည်း တွေ့ချင်ပါတယ်''

''အဲဒါဆို အိုကေ''

မျိုးပပက အခုမှပဲ သူ့ရဲ့အိုက်စ်ကော်ဖီခွက်ကို ကောက်မော့ဖို့ သတိရသည်။

စိတ်ထဲမှာတော့ အစီအစဉ်တွေ ဆက်ဆွဲနေမိ၏။

မိန့်လေးက ကလေးမှမဟုတ်တော့ပဲ။ သူ့ဘာသာ ချစ်သူရွေးချယ်ချင်ဘာ ...ဘာဝကျတာပဲလေ မဟုတ်ဘူးလား။



...နေ့နေ့ရဲ့ နေ့လယ်ခင်းမှာ မိန့်မိန့်ဖူးနိုက သူငယ်ချင်းဖြစ်သူ သန္တာကျော်ကို အဖော်ခေါ်လျက် လပြည့်ဝန်းပလာဇာသို့ ရောက်လာနေပါသည်။

အောက်ထပ်က ကော်ဖီဆိုင်လေးထဲမှာ မမျိုးတို့ ...ရောက်နှင့်နေပြီ။

မိန့်လေးက သန္တာကျော်လက်ကိုဆွဲကာ မမျိုးတို့စားပွဲကို မြင်သလိုဟန်ဆောင်ရင်း ခပ်တည်တည်ပဲ ဆိုင်ကလေးထဲ ဝင်လာသည်။

ဂျင်းဘောင်းဘီအကျပ်ကလေးကို ခါးပတ်အပြားကြီးပတ်ကာ ဝတ်ထားပြီး အပေါ်အင်္ကျီက ဂုတ်ကြိုးသိုင်းလေး ချည်ထားရတဲ့ ဆွဲသားအဖြူပျော့ပျော့လေး။ နားကွင်းအဖြူအဝိုင်းကြီးက နားမှာ တလှုပ်လှုပ်နှင့် ဆံပင်တွေ အကုန်ထိပ်မှာစုစည်းပင့်တင် စီးနှောင်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ မိန်လေးဟန်ပန်က ရှော့ပင်ထွက်လာကဲ့ဒီဇိုင်း။

ပခုံးမှာလွယ်ထားတဲ့ ဖန်စီအိတ်က အစိမ်းပုပ်ရောင်ခပ်ကြီးကြီး။ စီးထားတဲ့ လေဒီရှူးခွာချွန်လေးကလည်း အစိမ်းပုပ်ရောင်။

လက်ကောက်ဝတ်မှာ လေးထောင့်ပုံစံ နာရီအဖြူလေးတစ်လုံးနှင့် ဖန်စီဆွဲကြိုး အရှည်ကြီးကိုလည်း ဆွဲထားသေးသည်။

နဂိုချောသော ကောင်မလေးမို့ ခေတ်မီမီပြင်ဆင်ခြယ်သထားသောအခါ မြင်သူငေးချင်စရာ သဏ္ဍာန်လေးဖြစ်နေပါတော့သည်။

သူမနံဘေးက သန္တာကျော်သည် ချော့ကလက်ရောင်ဂါဝန်လေးနှင့် အဆင်ပြေ ကြည့်ကောင်းသော်လည်း မိန်လေးလို မထင်ပေါ်ပါ။

မိန်ကလေးပုံစံက ညို့စာတ်အပြည့်နှင့် အင်မတန်ဆွဲဆောင်နိုင်သည်။

မိန်မိန်ဖူးနီက တခြားစားပွဲမှာ ထိုင်မလိုဟန်ပြင်ဆဲမှာ သန္တာက

"ဟဲ့…ဟိုမှာ မမျိုး"

"ဩော်"





မိန်က အခုမှလှည့်ကြည့်သည်။

"ဟယ်တော့…မိန်လေးတို့ပါလား၊ ရှော့ပင်လာတာလား"

မမျိုးကလည်း အခုမှမြင်သယောင်နှင့် ကမန်းကတန်းနှုတ်ဆက်ပါသည်။

မမျိုးနှင့်အတူ မမျိုးတို့အရွယ် ခပ်ပြည့်ပြည့်ကိုယ်လုံးဝဝအမကြီးတစ်ယောက်နှင့် သူ့နံဘေးမှာတော့ ပန့်ကေဆံပင်ဒီဇိုင်းနှင့် လူငယ်လေးတစ်ယောက်။

ထိုလူငယ်လေးရဲ့ မျက်ဝန်းအစုံက သူမကိုတွေ့တာနှင့်ငြိမ်သကာမိုက်တန့် ငေးမောသွားပါသည်။

မိန်ဖူးကလည်း မမျိုးတို့ စားပွဲရှိရာလှမ်းလာရင်း ထိုကောင်လေးနှင့် တစ်ခဏ အကြည့်ချင်းဆုံမိသည်။

ကောင်းမင်းသုန်သည် အစက ခိုးသာကြည့်ရသော မိန်းမငယ်လေးကို အခုလို နီးနီးကပ်ကပ် ဆုံခွင့်ရတုန်း မမှိတ်မသုန်စိုက်ကြည့်နေမိသည်။

ချစ်စရာလေးကွာ။

သူလေးကိုကြည့်နေရတာ ရင်ခုန်ချင်စရာကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com

တာ။

မိန်ကလည်း ထိုကောင်လေး ရုပ်သဏ္ဌာန်ကို မြင်မြင်ချင်း နှစ်သက်သွားရသည်။

သူ့ရဲ့မျက်နှာ ဖွဲ့စည်းပုံက အတော်ဆွဲဆောင်မှုပြင်းသည်။

မျက်ခုံးနက်နက်ထူထူ၊ နှာတံပေါ်ပေါ်နှင့် ပိရိသေသပ်သော နှုတ်ခမ်းပါးပါးတို့ဟာ အကြည့်မလွှဲချင်စရာ ညှို့အားကောင်းလှသည်။

သူမအား သူက စတင်ပြုံးပြလိုက်သောအခါမှာ နှလုံးသားတွေ လှုးလွန့်လှုပ်ခါသွားရသည်။

အင်မတန် အပြုံးချိုတဲ့ကောင်လေးပဲ။

သူပြုံးလိုက်သောအခါ သူ့မျက်နှာလေးရဲ့ ဆွဲဆောင်မှုက ပိုမို၍ ပြည့်စုံသွားပါသည်။

"ဒီမှာပဲထိုင်လိုက်လေ၊ ဒါမမျိုးသူငယ်ချင်း မခိုင်၊ ဒါက မခိုင်ရဲ့မောင် ကောင်းမင်းသုန့်တဲ့၊ ကောင် သူက မိန်မိန့်ဖူးနီ သူက သန္တာ"

"မိန့်ဖူးကို ကျွန်တော်သိပါတယ်၊ မမမျိုးကို မိတ်ဆက်ပေးဖို့ ခဏခဏပူဆာတာဗျ၊ ဒီနေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင် သိခွင့်ရ





တယ်"

သူက မိန့်မျက်နှာလေးဆီမှ အကြည့်မလွှဲဘဲ ဝမ်းသာအားရသံနှင့် ဆိုသည်။ နွေးထွေးသက်ဝင်လှသော သူ့အကြည့်ကမင်ဘေးမှာရှိသူတွေကို တစ်စုံတစ်ရာ သိသာနေစေသည်။

မိန့်ရင်ထဲမှာလည်း ရှုးရှူးရှရှ ခံစားချက်အသစ်ကလေး တစ်ခု ဝင်ရောက်လာပါသည်။ သူ့ရဲ့အကြည့်ငေးဟာ နှစ်လိုဖွယ်ရှိလွန်းတာမို့ မိန်လည်း သာယာပျော်ရွှင်မိသလိုလို ဖြစ်သွားသည်။

"မိန်လေး ဘာသောက်မလဲ၊ မှာလေ"

"မိန်က အိုက်ကော်ဖီ"

"ဟဲ့…ဒီတစ်ခါ ကော်ဖီဖြစ်သွားပါလား၊ ချော့ကလက် မဟုတ်တော့ဘူးလား"

"ချော့ကလက်က ကလေးကြိုက်လေဗျာ"

"ဪ…ငါ့ညီမက ကလေးပဲဥစ္စာ"

"မမမျိုးနဲ့ မမခိုင်နော်၊ မိန်ဖူးကို အပျိုကြီးလိုင်းသွင်းဖို့တော့ မစဉ်းစားကြနဲ့"

"အောင်မာ…သူက ကြည့်စမ်း"

"ကောင်းနော်…ကောင်း"



www.burmeseclassic.com

www.burmeseclassic.com

မမျိုးက လက်ညှိုးတထောင်ထောင်ကြိမ်းသလို မမနိုင်က လည်း သူ့မောင်အချိုးကို ရိပ်မိပုံပေါ်သည်။

''မိန်မိန် မမျိုးနဲ့ သိပ်မပေါင်းနဲ့ သိလား''

''နင်ဘာမှစိတ်ပူမနေနဲ့၊ မိန်လေးက ဒီလောက်ချစ်ဖို့ ကောင်းတာ၊ ငါနဲ့ပေါင်းလည်း အပျိုကြီးဖြစ်ဖို့ လမ်းမမြင်ပါဘူး ဟယ်၊ နော် နိုင်နိုင်''

''အေးလေ''

မိန်သည် သူမကိုပဲ ဝိုင်းကြည့် ဝိုင်းစနှင့်မို့ ရင်ထဲမှာ ကျေနပ်ရွှင်ပျမိသည်။

''ဟာဗျာ...ဒါဆိုတော့လည်း တစ်မျိုးစိုးရိမ်ရပြန်ပြီ၊ မိန်မိန် မှာ ရည်းစားရှိနေပြီလား''

''ဟဲ့...ဘာတွေပေါက်ကရ လျှောက်မေးနေတာလဲ၊ အခု မှ တွေ့ကြတဲ့ဟာ''

''သိချင်လို့မေးတာပေါ့ဗျ''

''ငါတို့ရှိသေးတယ် ကောင်စုတ်လေးရယ်၊ ဣန္ဒြေနည်း နည်းဆယ်ထားဦး''

''ဟာဗျာ''





ကောင်းမင်းသုန်က ရှက်ရယ်ရယ်လိုက်၏။ မိန်လေး ျက်နှာမှာ ပူနွေးရှိန်းမြသွားရသည်။

''အေးလေ...နင့်ဟာနင် နောက်မှ ဖုန်းထဲမှာမေးပါလား''

မမျိုးက ဖုန်းဆက်ဖို့လမ်းကြောင်းပေးနေပြန်ပြီ။

မိန်မိန့်ရင်ထဲမှာ တုန်တုန်ရီရီနှင့် တစ်မျိုးဖြစ်နေသည်။

သူဟာ မိန့်စိတ်တွေ တစ်ထိုင်တည်းမှာ ဆွဲဆောင်သိမ်း ်ကန်နိုင်သည်။

သူ့ရဲ့ ရယ်ဟဟပြောစကားတို့ကို မိန် စွဲလမ်းနှစ်ခြိုက် သွားမိပြီ။

''မိန်မိန် ကျွန်တော်ဖုန်းဆက်လို့ရမလား''

သူက ချက်ချင်းခွင့်တောင်းသည်။

''ဆက်ချင်ဆက်ပေါ့''

မပွင့်တပွင့်လေး ပြန်ဖြေတော့ ကောင်းမင်းသုန် ပျော်သွား ၏။

ဒီကောင်မလေးနှင့် ပတ်သက်ရင်းနှီးခွင့်ရချင်တာ ကြာပြီ။ ီနေ့မှပဲ သူတောင့်တချက်က ပြည့်စုံသွားတော့သည်။

အရင်ကဆိုရင် မမျိုးတစ်ယောက်က သူ့ညီမချောချောလေး



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပတ်သက်ရင် စကားစတောင် ခံတာမဟုတ်။

''မိန်လေးကို ထိဖို့တော့ မစဉ်းစားနဲ့ဟေ့၊ သူ့ဒက်ဒီနဲ့ တွေ့သွားလိမ့်မယ် ဘာမှတ်လဲ''ဟု ခြိမ်းခြောက်တတ်သေးတာ

အခုမှ ဘာကြောင့် လိုလိုလားလား မိတ်ဆက်ပေးသလဲ မသိ။

ဘာပဲဖြစ်ဖြစ် သဘောကောင်းတဲ့ မမမျိုးကို ကျေးဇူးတင်ရမည်။ ရှေ့ဆက်ပြီးတော့လည်း မမျိုးအကူအညီတွေ လိုပါသေးသည်။

သဏ္ဍာကျော်က အားတုံ့အားနာ ဟိုဒီငေးနေသလို မမခိုင်နှင့် မမမျိုးကလည်း သူတို့လေနှင့် သူတို့ပိနေကြတဲ့ အခိုက်အတန့် ကောင်းမင်းသုနက သူမကို ပြောင်စပ်စပ်လေး မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

ဒါဟာ ဘာစကားမှ ပြောစရာမလိုတဲ့ ရေးဟောင်းသင်္ကေတတစ်ခုပဲလေ။

ကိုယ့်ဖက်က မရိုးဘူးဆိုတာ အလွယ်ကူဆုံးသိစေလိုက်တာ။

ထင်တဲ့အတိုင်း မိန်လေးက မျက်စောင်းလေးတစ်ချက်နှင့်





တုံ့ပြန်သည်။ ''ရှင်မရိုးတာ သိသားပဲ၊ ဟွန်း လုပ်မနေနဲ့''ဆိုတဲ့ အဓိပ္ပာယ်လို့ သူကယူဆသည်။

ကောင်းရဲ့အတွေးကတော့ အင်တာနက်ခေတ်ကြီးထဲမှာ အဓိကက အချိန်မဖြုန်းတီးဖို့ပဲလေ။

စိတ်ဝင်စားရင် အဲဒါကို မြန်မြန်အသိပေး။ စောစောစီးစီး ပရိုပို့စ်လုပ်၊ ရက်စ်အော်န်းသိအောင် ကြိုးစား၊ ပြီးရင် ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆက်သွားတော့။

ကောင်မလေးတစ်ယောက်ကို သဘောကျရက်နဲ့ ကြိတ်မြိုပြီး ထိုင်ကြည့်နေလို့ကတော့ ဘာမှဖြစ်လာမှာမဟုတ်ဘူးလေ။

အခွင့်သာရင် ရဲရဲတင်းတင်း ချဉ်းကပ်တတ်တာ ကောင်းရဲ့ အကျင့်ပါပဲ။

ကောင်းသည် စိတ်ထဲက အဆင့်တွေကျော်၊ စိတ်ကူးတွေလွှန်၊ အတင့်တွေရဲနှင့် မိန်မိန့်ဖူးနီနား ကပ်ချင်လှပြီ။ သူမရဲ့ နှုတ်ခမ်းလေးက ဖူးသစ်စ ပန်းငုံကလေးတစ်ငုံလို ကြည့်ရတာနှင့်ပင် စွဲမက်ရင်ခုန်စရာကောင်းသည်။

ကောင်းရင်တွေက ခုန်ချင်နေပြီ။

ကောင်မလေးကို ခပ်လောလောနှင့် မျက်နှာလုပ်ကာ ကော်ဖီခွက်ကို တိုးရွှေ့ပေးရင်း ဘယ်လိုကဘယ်လို သူ့ရဲ့ခေါက်


www.burmeseclassic.com

www.burmeseclassic.com

လက်စကော်ဖီခွက်ကို တိုက်မိတယ်မသိပါဘူး။

"ဟောတော့"

မိန်လေး ရေရွတ်သံမဆုံးခင်ပဲ ကော်ဖီရည်တွေက စားပွဲမှတစ်ဆင့် သူမကိုယ်ပေါ် ဖိတ်စင်စီးကျကုန်၏။

"ဆောရီးပဲဗျာ"

မမနိုင်က မမျိုးကို မျက်ခုံးပင့်ပြ၏။ ငါ့မောင်လေးတော့ ပျာယာတွေခတ်နေပြီ။ ကယောင်ကတမ်းတွေ ဖြစ်နေပြီ၊ တွေ့လား ဆိုတဲ့ပုံစံ။

မမျိုးကလည်း သူ့ကို ရယ်ချင်ပြုံးတုံ့နှင့် တစ်ချက်ကြည့်သည်။

သို့သော် ကောင်းသည် မမကြီးတွေ့ကို ဂရုမစိုက်အားချေ။

မိန်လေးကိုသာ ဆက်ပြီး ပျာယာခတ်နေသည်။

"ပေကုန်ပြီထင်တယ်၊ အားနာလိုက်တာဗျာ"

တစ်သျှူးကို မြန်မြန်ဆွဲထုတ်ပြီး ပေသွားတဲ့အင်္ကျီပေါ် ကိုယ်တိုင်လာသုတ်ပေးတာမို့ မိန်လေးသည် သူ့ရဲ့လက်မြန်ရဲတင်းပုံကို တွန့်ခနဲဖြစ်သွားရသည်။

မနေတတ်စွာ နောက်ဆုတ်ရင်း…





"ရပါတယ်၊ မိန်လေးဘာသာသုတ်ပါ့မယ်"

"ခဏလေး ကျွန်တော်လုပ်ပေးမယ်"

ဂရုတစိုက်နဲ့ ကြင်နာယုယဟန်ဖြင့် သူက အဲလိုလုပ်တော့ မိန်လည်း ရင်ထဲ ပရမ်းပတာ အားနာအနေခက်မိတာပေါ့။

"အို…ရပါတယ်ဆိုကောင်းရယ်"

မိန် ရှက်စနိုးတားမြစ်ရင်း လက်ချင်းလည်း ထိမိကြ၏။ သူ့လက်ရဲ့ ဖျတ်ခနဲ အထိအတွေ့ဟာ ထူးဆန်းစွာ မိန့်ရင်တွေကို လှိုက်ခနဲ ဖိုနွေးစေသည်။

အထိအတွေ့လေးတစ်ခု အမှတ်တမဲ့ အကြိုဟာ သူမကို ဒီလိုဖျားယောင်းနိုင်လိမ့်မယ်ဟု ဘယ်တုန်းကမှ မထင်မိ။

သူမှာ သံလိုက်ဓာတ်တစ်မျိုးရှိတယ်လို့ပဲ ခေါ်နိုင်မလား မသိပါဘူး။

မိန်လေးနှလုံးသားတွေ လှုပ်ရှားတုန်ရီသွားသည်။ ဘေးမှာ ရှိနေသူတွေကို တခဏမေ့လျော့သွားသည်။ ရင်ထဲမှာ ရေလှိုင်းစီးနေရသလို၊ ချားရဟတ်စီးနေရသလို တလှပ်လှပ်ဖိုသွားရတာကို မိန် မမေ့နိုင်တော့ပါ။

* * *


www.burmeseclassic.com

www.burmeseclassic.com

မိန်မိန်ဖူးနီက အခန်းထဲသို့ဝင်လာကာ မှန်ရှေ့မှာ တစ်ချက်ရပ်ကြည့်သည်။

အပြာနှင့်အဖြူ နှစ်ရောင်စပ် နှစ်ထပ်အင်္ကျီ အသားပျော့ပျော့လေးဟာ မိန်မိန်ကိုယ်ပေါ်မှာ ကွက်တိပါပဲ။

ဒီအင်္ကျီလေး လှတယ်ဆိုပြီး ကောင်းကိုယ်တိုင် ရွေးချယ်ပေးခဲ့တာ။

မိန်ဖူးသည် အင်္ကျီကို မချွတ်လဲနိုင်သေးဘဲ နှုတ်ခမ်းလေး ပြုံးနေမိသည်။

နားထဲမှာ သန္တာစကားကိုလည်း ပီတိတသိမ့်သိမ့်နှင့် ပြန်ကြားယောင်မိသည်။

"နှင်တို့နှစ်ယောက်ကို ကြည့်ရတာ ကိုရီးယားမင်းသားနဲ့ မင်းသမီးလေး ကျနေတာပဲဟာ၊ အရမ်းလိုက်တာပဲ၊ ပြီးတော့ သူက





နှင့် တစ်ချိန်လုံးကြည့်နေတာနော်၊ မျက်လုံးတွေကလည်း ချိုမြိန် ... ပျော်ရွှင်နေတာပဲ၊ နှင်လည်း ရင်တွေခုန်နေတယ်မို့လား မိန်မိန် ... ကိုမညာနဲ့နော်"

မိန်က သန္တာစကားကို မပြေရှင်း မငြင်းဆန်ဘဲ ရယ်သာ နေမိခဲ့သည်။

ရယ်နေတာဟာ ပျော်လို့ပေါ့။

ပျော်နေတာက ကြည်နူးစိတ်ချမ်းသာလို့။

အဲဒီကြည်နူးမှုတွေကို ပေးတာကတော့ ကောင်းမင်းသုန် ဆိုတဲ့ ကောင်းပေါ့။

မိန်အင်္ကျီဖြူဖြူမှာ ကော်ဖီတွေ စွန်းပေသွားတာကို သူက အားတုံ့အားနာဖြစ်မဆုံး။

"အသစ်တစ်ထည် ဝယ်လဲလိုက်ပါလား မိန်လေး၊ ... ကျွန်တော် အမှတ်တရဝယ်ပေးမယ်လေ" ဆိုတော့ မိန်က ခေါင်းခါ ငြင်းပါသေးသည်။

သို့ပေမဲ့ မမျိုးကရော မမခိုင်ကပါ အင်္ကျီစွန်းပေနေတာ ကြည့်မကောင်းတာမို့ လဲလှယ်ဖို့ အကြံပေးကြရာ လပြည့်ဝန်းပေါ် ... ကပြီး (LAD N LASS) ဖက်ရှင်ဆိုင်ထဲကနေ ကောင်းကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မိန့်ဖို့ အင်္ကျီတစ်ထည် ခပ်မြန်မြန်ဝယ်ပေးခဲ့သည်။

အဲဒီအင်္ကျီကိုယူပြီး တွင်းလက်စ်ထဲဝင်ကာ လဲလှယ်ရသေး၏။ ပြန်ထွက်လာတော့ ကောင်းက သူမကို ချစ်စနိုးဆိုးကြီးစောင့်စား ကြည့်ရှုလေရာ မိန်မိန့်မှာ ရှက်ရင်ဖိုဖွာ မနေတတ် ဖြစ်ရပြန်သည်။

ကောင်းနှင့် စတင်ဆုံစည်းပုံလေးက မမေ့နိုင်စရာ အမှတ်တရအဖြစ်အပျက်ကလေးများနှင့် ပြည့်နက်နေခဲ့သည်။

"သူ့အမူအရာက အရမ်းသိသာတယ်ဟာ၊ သူဘယ်တုန်းကစပြီး နင့်ကိုကြိုက်နေတာလဲ မိန်မိန်၊ အဲဒီကဏ္ဍ ငါ့ကိုလျှို့ထားတာမဟုတ်လား"ဟု သန္တာက မကျေမနပ် မေးနေခဲ့သေးသည်။

သူဘယ်တုန်းကစပြီး စိတ်ဝင်စားနေသလဲ မိန် မသိပေမဲ့ မိန့်ကတော့ သူ့မျက်နှာမြင်လိုက်ရကတည်းက ရင်ထဲ နွေးမြမြဖြစ်နေရတာ အခုထိပဲ။

သူ့အကြည့်၊ သူ့အမူအရာ၊ မတော်တဆအဖြစ်အပျက်လေးတွေအားလုံးကို အကြိမ်ကြိမ် ပြန်စဉ်းစားကာ ကြည်နူးနေမိသည်။

အင်္ကျီကိုချွတ်လဲပြီး တယုတယလေး ချိတ်မှာချိတ်ကာ သူ့လက်ဆောင်လေးဟု မက်မောတန်ဖိုးထားကာ ကြည့်၍မဝ။





"နင်လည်း အမူအရာပျက်နေပါတယ် မိန်မိန်ရယ်၊ စိတ်လှုပ်ရှားနေတာ သိသာပါတယ်"

သန္တာက ဤသို့ နောက်တစ်မျိုး စွပ်စွဲခဲ့သေး၏။

ဒါပေမဲ့ မိန် မငြင်းနိုင်။ စိတ်လှုပ်ရှားမိတာ ဝန်ခံပါသည်။

"သူက အရမ်းတော့သွက်တယ်နော် နင်သတိထား"

"ဘာလို့လဲ"

"နင့်အသားကို ဖျတ်ခနဲ ထိဖို့ဝန်မလေးဘူးလေ၊ အပေါ်တက်ဖို့ နင်ငြင်းတော့ စက်လှေကားဆီ လက်ဆွဲခေါ်လိုက်တာ ငါမြင်သားပဲ"

"အဲဒါ အမှတ်တမဲ့ပါဟယ်"

"သူကြည့်ရတာ မိန်းကလေးတွေအထာကို နပ်နေတဲ့ပုံပါ"

"သန္တာနော်...ကောင်းက သဘောကောင်းတာပါ"

သူမက ကာကာကွယ်ကွယ် ဖာထေးမိသည်။ အမှန်တော့ သန္တာထောက်ပြသလိုပင် ကောင်းကိုကြည့်ရတာ မိန်းကလေးတွေကို ဘယ်လိုပြောဆိုဆက်ဆံရမယ်ဆိုတာ ကျွမ်းကျင်ပါးနပ်နေပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံရှိတာ သိသာနေသည်။

သို့သော် ဒါကို မိန်က အပြစ်မမြင်။ ကောင်းအကြည့်၊ ကောင်းအပြုအမူလေးတွေက သူမနှလုံးသားကို ထိထိရှရှလေး ပုတ်နှိုးလိုက်ပြီ မဟုတ်လား။

စွဲမက်ဖွယ် ပြုံးစစ နှုတ်ခမ်းများက မိန့်အာရုံမှာ ယစ်မူးစရာ အသစ်အဆန်းဖြစ်နေသည်။

ခဏခဏ ပြန်စဉ်းစားမြင်ယောင်နေမိသည်။

ခွဲခွာလာခဲ့လည်း ဆက်ပြီး သတိရတမ်းတမိတာဟာ ချစ်ခြင်းရဲ့ အစပထမနိဒါန်းပဲလား။

မချစ်ဘူးလို့ မိန် သေသေချာချာမသိ။

မမျိုးက ဘယ်လိုလဲဟု အခြေအနေမေးလျှင် "ဆောရီးပဲ၊ ထပ်မတွေ့ချင်တော့ဘူး" ဟု ပေါ့ပေါ့ဆဆ ပြောနိုင်တော့မည် မထင်။

သူနှင့် မျက်လုံးချင်း ဆုံကြည့်ရစဉ်ခဏ မိန့်ရင်ထဲ ချမ်းမြေ့သာယာနေမိတာ ဘယ်လိုငြင်းမလဲနော်။

ဒိန်မိန်သည် အိမ်နေရင်း ပိုးသားဂါဝန် ပန်းနုရောင်လေး တစ်ထည်ကို လဲလှယ်ဝတ်ဆင်ကာ ခုတင်ပေါ်သို့ ပစ်လှဲချလိုက်





သည်။

ကောင်းမျက်နှာလေးကို မျက်စိမှိတ်ကာ မြင်ယောင်ကြည့်လိုက်ဦးမည်။

သူနှင့်မိန့်တို့ မြန်မြန်ဆန်ဆန် သမီးရည်းစားတော်သွားမှာလား။ တွေးကြည့်လိုက်တော့ ရင်ဖိုချင်စရာကောင်းပါဘိ။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမင်းသုန်သည် ထိုညက အတော်ညဉ့်နက်နေမှ အိပ်မပျော်နိုင်သေးဘဲ စီးကရက်တစ်လိပ် ရှိုက်ဖွာရင်း မိန်မိန့်ဖူးနီဆီ ဖုန်းဆက်သွယ်ကြည့်ဖို့ စိတ်ကူးလိုက်မိသည်။

ကောင်မလေးရဲ့ ချစ်စရာမျက်လုံး ရွှန်းတောက်တောက်လေးတွေက သူ့ကို ဖိတ်ခေါ်နေသည်ဟု သူထင်သည်။

သူတွက်ရင် မမှားနိုင်ပါဘူး။

မိန်မိန်က ဖြူစင်ရိုးသားပုံလေးရသည်။ သူမစိတ်ထဲက လှုပ်ခတ်မှုလေးတွေကို သူကောင်းစွာရိပ်မိသည်။

မိန်မိန့်လို မိန်းကလေးမျိုးကို သူလိုအပ်နေတာကြာပြီ။

ကောင်းမင်းသုန်သည် ငယ်ရွယ်သော၊ ချမ်းသာပြည့်စုံသော မိန်းမချောလေးတွေကိုသာ တောက်လျှောက်ရွေးချယ်တွဲလာခဲ့တာ။





အခုနောက်ဆုံးတွဲနေတဲ့ အိမ့်သက်ထားနှင့် ခုတလော အဆင်မပြေ။

အပေးအယူတွေ ညှိလို့မရဘူးဖြစ်နေသည်။

မိန်နဲ့သာတွဲဖြစ်ရင်တော့ အိမ့်သက်ကို ခဏနားထားလိုက်မည်ဟု စိတ်ကူးသည်။

ဘာပဲဖြစ်ဖြစ် ဒီညတော့ ဖုန်းဆက်မည်။

တွေ့တာ သုံးရက်ရှိပြီလေ။ မိန်လေးလည်း သူ့ဖုန်းဆက်လာမလား တမျှော်မျှော် တထိတ်ထိတ် ရှိနေရှာလိမ့်မည်။

"ဟဲလို"

မိန့်ဖူးရဲ့ ထူးသံတိုးဖျော့ဖျော့လေးက မရဲတရဲ။

"မိန်လေး"

"ကောင်းလားဟင်"

မေးရင်း လက်ဖျားကလေးပင် အေးစက်လာမိသည်။ သူ့အသံကိုကြားရတာ မိန့်ဆန္ဒတစ်ခု ပြည့်ဝသွားသလိုပင်။

"ကျွန်တော်မှန်းသိတယ် ဟုတ်လား"

"သိတာပေါ့၊ ရှင့်အသံကို မှတ်မိသားပဲ"

သူသည် ကျေနပ်ရွှင်မြူးစွာ ဟက်ခနဲ တစ်ချက်ရယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

“မိန်လေးက အရမ်းဖြူစင်တယ်ကွာ၊ တခြားကောင်မ
လေးတွေလို ပဲမများဘူး၊ ကျွန်တော်ကလည်း အဲဒါမျိုးပဲကြိုက်တာ”

သူ့စကားများက မိန့်နှလုံးသားထဲသို့ ကြည်မွေ့စွာ တိုးဝေ
သွားကြ၏။

“မိန်လေး···အသံကိုပဲ မှတ်မိတာလား၊ ကျွန်တော့်ကို
သတိရောမရဘူးလား”

လူလည်လေးက တစ်ဆင့်တက်လာပါသည်။

မိန် တိတ်နေလျှင် သူက···

“ကျွန်တော်ကတော့ မိန်လေးကို အရမ်းသတိရတယ်
အခုလည်း အိပ်မပျော်တာနဲ့ ဆက်ကြည့်လိုက်တာ၊ အနှောင့်အယှက်
တော့ မဖြစ်ပါဘူးနော်”

“ဟင့်အင်း···မဖြစ်ပါဘူး၊ မိန်မှ မအိပ်သေးတာ”

“အိပ်ပျော်နေရင်ရော ကျွန်တော့်ဖုန်းဆို မကိုင်ဘူးလား”

“အိပ်ပျော်နေရင် ဘယ်ကြားမလဲ၊ ဖုန်းပါ ပါဝါပိတ်လိုက်
တာပေါ့၊ ဟင်း ဟင်း”

“ဟာ···အဲလိုမရဘူး၊ ဒီညကစပြီး ဖုန်းဖွင့်ထားတော့”

“ဘာလုပ်မလို့လဲ”



“သတိရရင် တရေးနိုးခေါ်ချင်တယ်”

“အဲလောက်တော့မလုပ်ပါနဲ့”

“ကျွန်တော်က ခင်ပြီဆိုရင် နည်းနည်းသည်းတယ်”

သူက ရယ်သံနှင့် ဝန်ခံသည်။

“မိန်ရော ကျွန်တော့်ကိုခင်လား”

“ကောင်းက ခင်စရာကောင်းတာပဲ”

“ဒါဆိုခင်တယ်ပေါ့”

“အင်း”

“ကျွန်တော်နဲ့ ခင်ခင်မင်·ˆ်နေရင် သဝန်တိုမယ့်သူရော
ရှိလား”

သူက သွယ်ဝိုက်မေးလျှင် မိန့်အာရုံထဲ ဖျတ်ခနဲဝင်လာ
သူက ကိုဂုဏ်လူပါပဲ။

ဂုဏ်လူသိရင် သဝန်တိုမှာလား။

သူမ ညကြီးသန်းခေါင် ကောင်လေးတစ်ယောက်နှင့် ဖုန်း
အကြာကြီးပြောတာ သူသိလျှင် ဝန်တိုကန့်ကွက်မှာလား။

အို···သူနဲ့ဘာဆိုင်တာမှတ်လို့။

“မိန် ဘာတွေစဉ်းစားနေတာလဲ”


www.burmeseclassic.com

www.burmeseclassic.com

"ကောင်းက ဘာကိုမေးတာလဲ"

"မိန်လေးသိသားနဲ့ကွာ"

"သဝန်တိုမယ့်သူဆိုတာဘာလဲ"

"ပတ်သက်တဲ့လူ၊ ဆိုင်တဲ့လူပေါ့၊ တစ်နည်းအားဖြင့် သက်ဆိုင်သူလေ၊ ဟား ဟား"

"မရှိပါဘူး၊ ကောင်းမှာသာ ရှိချင်ရှိမှာ၊ မိန်းကလေးရှုပ်တဲ့ ပုံကြီးလေ၊ သိသားပဲ"

"ဟား...ဟား...ဟား ကျွန်တော့်ကိုစွဲတယ်လို့ အထင် ကြီးတယ်ပေါ့လေ ဟုတ်လား"

"ဟွန်း...ချောတယ်ဆိုပြီး မာနတက်မနေနဲ့"

"ကျွန်တော် တကယ်ချောလို့လားဗျ"

"သွား...မသိဘူး"

"ရုမ်းကြိုက်မှသာ နွားချောတာ၊ မိန်လေးကြိုက်မှ ကောင်း ချောမှာ"

"အံမယ်"

"မကြိုက်ဘူးလား"

"ဘာလို့ကြိုက်ရမှာလဲ"





"ကျွန်တော်ကတော့ မြင်ကတည်းက စွဲသွားတာ"

"ဘာတွေလျှောက်ပြောနေတာလဲ"

ရိသဲ့သဲ့စကားလေးများကြောင့် မိန်မိန် ရင်ဖိုရှက်ရွံ့နေရ သည်။

သူမရဲ့အသံလေးကလည်း မူနွဲ့နွဲ့ဖြစ်သွားသည်။

"ခင်လို့နောက်ကြည့်တာပါ၊ စိတ်မဆိုးနဲ့"

မိန်မိန့်နှုတ်ခမ်းလေးမှာ ရှုထော်နေရ၏။

"ကျွန်တော်က မိန်နဲ့စကားပြောရတာ ပျော်လို့ပါ"

မိန်ကပဲ သူ့ကိုပျော်အောင် ဖန်တီးပေးနိုင်သလိုလို။

"နောက်ညတွေလည်း ဖုန်းဆက်မယ်နော်၊ ရမလား"

"ပြောစရာရှိရင် ဆက်ပေါ့"

"ပြောစရာတွေကတော့ တစ်သက်လုံးတောင် ကုန်မှာ မဟုတ်ဘူး"

"အဲလောက်တောင်များတယ်"

"များတာပေါ့ဗျာ၊ ရင်ထဲက အလိုလိုထွက်လာတဲ့ စကား လုံးတွေလေဗျာ၊ ကုန်သွားတယ်လို့ ဘယ်ရှိမှာလဲ"

"ကြောက်တောင်ကြောက်လာပြီ"


www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုကြောက်တာလဲ"

"ဖုန်းဘီလ်တက်မှာ"

"ဟာကွာ…မိန်းကနှောက်တယ်၊ ဒါ့ကိုတော့မပူနဲ့ ပိုက်ဆံကုန်ရင်ကုန်ပါစေ ကျွန်တော်ပဲ အမြဲစခေါ်မှာပါ"

"မိန့်က စတာပါနော်"

သူမက တိုးသဲ့သဲ့လေး ရယ်မောလိုက်သည်။ ရယ်သံချိုလေးက ကောင်းရင်ထဲထိ ရောက်သွားသည်။

"ဒါဆို တစ်ခါတလေတော့ မိန့်လည်း ဖုန်းဆက်မှာပေါ့နော် ဟုတ်လား"

"အင်း"

"သင့်ခ်ယူပါဗျာ၊ မိန့်က သိပ်ချစ်ဖို့ကောင်းတာပဲ"

မိန့်မိန့်နှလုံးသားများ ကြည်နူးစွာ လှပ်ခနဲနွေးသွား၏။ ဓွတ်နိုက်လို့နှုတ်ဆက်ပြီး သူဖုန်းပြောပြီးသွားတဲ့ထိ မိန့် အိပ်မပျော်နိုင်ဘဲ အသည်းအိမ်မှာ တစ်ညလုံး နွေးထွေးစွာ ကျန်ရစ်သည်။

* * *

မျိုးပပသည် သူမတို့ ထမင်းစားနေကျ မှန်ပြတင်းပေါက်နားကပ်လျှက်က စားပွဲလေးမှာ ဂုဏ်ကြီးကို ထိုင်စောင့်နေမိသည်။

ဂုဏ်လူက အန်ကယ်ရာဇာ ခိုင်းထားသောကိစ္စနှင့် ကုန်သွယ်မှုဘဏ်ကို သွားနေတာမို့ တစ်နာရီထိုးခါနီးထိ ပြန်ရောက်မလာသေး။

မျိုးက ဗိုက်ဆာနေသော်လည်း သူပြန်အလာကို စောင့်နေမိပါသည်။

ဒီနေ့ ဂုဏ်ကြိုက်တတ်တဲ့ ပုဇွန်တန်ပူရာကြော်နှင့် ချိုလီဆော့လေးလည်း ထည့်လာသည်။ ပြီးတော့ ဖန်ချဉ်းသီးနှင့် မွှေးနေအောင် ကြော်နှပ်ထားတဲ့ ကကာတစ်ကြော်နှပ်လည်းပါသည်။

ဘူးသီးဟင်းချိုကိုလည်း အပူခံဗူးလေးထဲ ဂရုတစိုက်နှင့်ထည့်လာသည်။ သူကြိုက်တဲ့ မြင်းခွာရွက်သုပ်လည်း ပါသေး



စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

မျိုးသည် မှန်ချပ်ကြီးများမှတစ်ဆင့် အောက်ဖက်ကားဝါ

ကင်မှာ ထိုးဆိုက်လာမည့် သူ့ကားကိုသာ ကြည့်နေမိ၏။

တစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုမှာ ဂုဏ်လူမောင်းတဲ့

အာပလပ်စ် R+ အပြာလေးက ကုမ္ပဏီရုံးခန်းရှိရာ အထပ်မြင့်

တာဝါရဲ့ အနောက်ဖက် ကားပါကင်ထဲ မောင်းဝင်လာတာ အပေါ်

ကနေ လှမ်းမြင်ရသည်။

သူက ရှပ်အင်္ကျီဖြူဆွတ်ဆွတ်နှင့် အုန်းခွံရောင် ပိုးချည်

အရောပေါ် အနက်ရောင်အစက်အပျောက်လေးတွေပါတဲ့ ပုဆိုး

သပ်ရပ်စွာ ဝတ်ထားသည်။

ကားရပ်ပြီးလျှင် ဖိုင်တွေ အိတ်တွေ ပိုက်ဆံထုပ်တွေ

ကိုင်ကာ အပေါ်သို့တက်လာသည်။

ဓာတ်လှေကားထဲက ထွက်၊ ခန်းမကျယ်ထဲဝင်လာလျှင်

ထောင့်စားပွဲက မျိုးကို သူလှမ်းပြုံးပြသည်။

မျိုး စောင့်နေမှန်းသိသော်လည်း မျိုး စားပွဲနားသို့ သူမလာ

နိုင်သေး။

အန်ကယ်လ်ရာဇာအနားသို့ အရင်ဝင်ကာ ဘီရိုထဲ





ဖိုင်တွေ အိတ်တွေ အရင်သွားသိမ်းပေးရသည်။

ပြီးမှ ချွေးစို့နေသော မျက်နှာနီနီဖြင့် မျိုးဆီလျှောက်လာ

သည်။

"စောင့်နေတာလား၊ စားနှင့်ရောပေါ့ မမျိုးရာ၊ ဒီမှာ

ကွန်တော် ဘဲကင်ဝယ်လာတယ်"

"ဟုတ်လား ဟင်း ဟင်း စောင့်ရကျိုးနပ်သွားပြီ"

"ဒီနေ့ တအားကြာသွားတယ်ဗျာ"

"အင်းလေ ကြည့်ဦး၊ ချွေးတောင်ပြန်နေပြီ၊ ရော့ လက်ကိုင်

ပဝါ"

ဂုဏ်လူက နေပူထဲသွားလျှင် နဖူးချွေးထွက်တတ်၏။

ယောကျ်ားကိုင် သဘက်သား လက်ကိုင်ပဝါကို အမြဲဆောင်ထား

သော်လည်း ခဏခဏပျောက်တတ်သည်။

ဒါကိုသိသော မျိုးဆီမှာ သူ့အတွက် လက်ကိုင်ပဝါအဖြူ

လေးတွေ အမြဲအသင့်ရှိတတ်၏။

ဂုဏ်လူကမငြင်းဘဲ လှမ်းယူကာ နဖူးကို ပွတ်သုတ်လိုက်

သည်။ အဲကွန်းခန်းထဲ ပြန်ရောက်လျှင် နေသာထိုင်သာတော့ ရှိသွား

ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



''ကိုစိုးကျော်တို့ မမွေးတို့ရော''

''ဒီနေ့ ရှင့်ကိုမစောင့်နိုင်လို့ ဆဲဗင်းစတားကို သွားနှင့်ကြပြီ ဂုဏ်ရေ၊ မေးမနေနဲ့''

သူနောက်ကျရင် နေ့လယ်စာထမင်းစားဖို့ ဗိုက်ဆာခံကာ စောင့်တတ်သူက မျိုးဇာစ်ယောက်ပဲရှိပါသည်။

ဂုဏ်လူကလည်း တစ်ယောက်တည်း ထမင်းထိုင်စားနေရမှာ အင်မတန်ပျင်းသည်။ ကိုယ့်ဘဝ အထီးကျန်တယ်ဆိုတာ ခြောက်သွေ့နေတယ်ဆိုတာ သိပ်သိသာသလို ခံစားရသည်။

အစတုန်းက တိုက်ခန်းမှာ အဖော်သူငယ်ချင်းဝေယံရှိတော့ အဆင်ပြေသည်။ ရံဖန်ရံခါ ဘီယာလေးဘာလေး အတူသွားသောက်ကြနှင့် စိုပြေနေတာ။

ပြီးခဲ့တဲ့လက ဝေယံက သင်္ဘောတက်ဖို့ ထွက်ခွာသွားရာ အခုဆို အိမ်မှာလည်း ဂုဏ်လူတစ်ယောက်တည်းပဲ ရှိပါတော့သည်။

ရုံးမှာတော့ သူ့မှာ အဖော်တွေများသည်။

ဒါပေမဲ့ ဒီနေ့တော့ မျိုးပပတစ်ယောက်ပဲရှိ၏။ မမျိုးက သူ့အတွက် ကုတ်တစ်ဗူးဖွင့်ကာ ဖန်ခွက်ထဲထည့်ပေးသည်။

သူက ထမင်းစားရင် အအေးတစ်ခုခု စုပ်သောက်ရင်းစားတတ်သူမဟုတ်လား။





ဖန်ခွက်ထဲမှာ ပိုက်တံကလေးပါ အသင့်တပ်ပေးထား၏။

ဂုဏ်လူက ဖန်ခွက်ကိုကိုင်၍ ကုတ်အချိုရည်ကို စုပ်သောက်လိုက်သည်။

ပြီးလျှင် စကားတောင် သိပ်မပြောဖြစ်ဘဲ ဗိုက်ဆာဆာနှင့် ထမင်းအရင်စားကြ၏။

ဂုဏ်လူက သူ့ပန်းကန်ထဲ မမျိုး ဟင်းထည့်ပေးသောအခါ ဟိုတစ်ရက်က ထမင်းဝိုင်းမှာ သူ့ကို ဆတ်သားအစပ်ကြော်ထည့်ပေးခဲ့ စုအောင်စုအောင် ပုံစံလေးနှင့် မိန်မိန့်ဟန်ပန်လေးကို ပြန်သတိရသည်။

သူ့အကျင့်က ဘာလေးပဲဖြစ်ဖြစ် မိန်မိန့်ထံ လုစ်ခနဲ အတွေးရောက်သွားတတ်တာပါပဲ။

ထူးတော့လည်း ထူးဆန်းသည်။

အဲဒီကလေးမကိုမြင်လျှင် ဂုဏ်လူ့နှလုံးသားတွေက ထူးထူးခြားခြား တုန်လှုပ်လာတတ်တာ။

မမျိုးအနားမှာရှိတာ ထမင်းအတူစားရတာကြ သူ့ဘာမှ ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



တခြားရုံးက အမျိုးသမီးတွေကိုလည်း ဒီလိုရင်မခုန်တတ်။ သူ့ရင်ခုန်ဖူးတာ မိန်မိန်လေးတစ်ယောက်ပဲ ရှိသည်။

မိန်မိန်ဖူးနီကိုမှ ဒီနှလုံးသားက ဘာလို့ တောင့်တသလဲ သူမစဉ်းစားတတ်။

ဘယ်တုန်းက စခဲ့တဲ့ဇာတ်လမ်းလည်းဆိုရင် အင်း သူ့အန်ကယ်ဆီ အလုပ်ဝင်ကာစတစ်ရက်မှာ ခြံထဲကိုသွားခဲ့တုန်းက ပေါ့။

မိန်မိန့်ကို စတင်မြင်ဖူးတာ။

မိန်မိန်က ကလေးသာသာအရွယ်ကလေး။ ဘာရှိဦးမလဲ ရွှေရင်သိမ်းသစ် ဆယ့်သုံးနှစ်လောက်ပဲထင်သည်။

အဲဒီအချိန်က ဧပြီလဆန်းစ သင်္ကြန်နားတော့ နီးကပ်ပြီ။ ဒါပေမဲ့ သင်္ကြန်တော့မရောက်သေး။

ညဖက်က မိုးတဖွဲဖွဲလေးရွာချတော့ မနက်မှာ ပိတောက်ဖူးတွေက တစ်ပင်လုံး ပွင့်သွားပြီ။

လမ်းထဲဝင်တာနှင့် ပိတောက်ရနံ့တွေ မွှေးမြကြိုင်သင်းနေသည်။

သာယာစိမ်းစိုနေသည်။ လမ်းပေါ်မှာလည်း ပိတောက်ပွင့်





တွေ ကြွေနေသည်။ အဲဒီတုန်းက အန်ကယ် သူ့ကို ကားမပေးထားသေး။

မိန်မိန်တို့ခြံရှိရာ သူလမ်းလျှောက်ပြီး ဝင်လာခဲ့တာမှတ်မိသည်။ သူမက ခြံရှေ့က ပိတောက်ပင်ကြီးအောက်မှာ ထမီတိုတိုလေးဝတ်ကာ လက်ထဲမှာ တံချူရှည်ရှည်တစ်ခု ကိုင်လျက်သား။

"ဟယ်…ကိုဂုဏ်ကြီးလာပြီ၊ အတော်ပဲ မိန့်ကို ပိတောက်ပန်းခူးပေး"

သူ့ကို အန်ကယ်က ဂုဏ်ကြီး ဟောကောင်ဘာညာနဲ့ ခေါ်တတ်တော့ သူကလေးကလည်း ဂုဏ်ကြီးဟုသာ အမည်တပ်သည်။

ဆံပင်နှစ်ဖက်ခွဲချည်ကာ စွပ်ကျယ်ပုံ ချိုင်းပြတ်အင်္ကျီလေးဝတ်ထားတဲ့ သူမကိုကြည့်ရတာ အသည်းယားစရာလေး။ ဘယ်လိုကြောင့် ပါးကလေးတွေ ဆွဲလိမ်ချင်စိတ်ပေါက်မိမှန်း မသိတော့ပါ။

"အေးကွာ…ခူးပေးရတာပေါ့"

ဂုဏ်လှက သူမလက်ထဲက ဝါးတံချူရှည်ရှည်ကို ယူလိုက်ပြီး ပိတောက်ခက်တွေကို ချိုးချ၏။

အကိုင်းအခက်ကြီးကြီး သုံးလေးခုလောက်က ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



''ဂုတ်...ဂုတ်''

''အမယ်လေး''

ခပ်လှမ်းလှမ်းခြံက တံခါးအဖွင့်မှာ ခွေးတစ်ကောင် ပြေးထွက်လာသည်။

ခွေးက အယ်လ်ဆေးရှင်းလောက် မကြီးပေမဲ့ အညိုရောင် ခပ်ထွားထွားဖြစ်သည်။ လူလစ်တုန်း ခုန်ပေါက်ပြေးဆော့ပြီး ထွက်လာတာဖြစ်သည်။

ဒီဖက်ကို ပြေးလာသဖြင့် မိန်မိန့်မျက်လုံးလေးပြူးကာ ထိတ်လန့်တကြား ဘာလုပ်ရမှန်းမသိ။

''ကိုဂုဏ်ကြီးရော မိန်ကြောက်တယ်၊ လုပ်ပါဦး''

ခွေးကြည့်ရတာဆိုးမယ့်ရုပ်။ ကိုက်မယ့်ပုံဆိုတော့ ဂုဏ်လူလည်း ပါးတံချူကိုင်ကာ ရုတ်တရက် ဘာလုပ်ရမှန်းမသိ။

ခွေးဆိုတာကလည်း သခင်တွေက ဘယ်လောက်ပဲထိန်းထိန်း ပြေးမကိုက်ပါဘူးဟု အာမခံနိုင်တာမဟုတ်။

ခြံထဲကနေ သူ့သခင်ဖြစ်ဟန်တူသူကလည်း အထိတ်တလန့် နောက်ကနေ ပြေးလိုက်လာပါသည်။

ကြောက်လန့်သွားတဲ့မိန်က သူ့နောက်ဖက်ပုန်းကာ သူ့ခါးကိုဖက်ပြီး ခုန်စွခုန်စွ ဖြစ်နေပါသည်။

ခွေးကြီးက မျက်စိနောက်ပုံဖြင့် သူတို့ရှေ့မှာ ရပ်သွားသည်။

နှာခေါင်းရှုံ့ကာ အနံ့ခံနေ၏။

လူစိမ်းဆိုတာတော့ ဒီကောင်သိပုံပင်။

''ဟေ့ကောင် ဒက်ဘီ၊ မလုပ်နဲ့နော်''

သခင်လုပ်သူရဲ့ ဟန့်တားသံက ပေါ်ထွက်လာသည်။

မိန်သည် သူ့ခါးကြီးကို အတင်းဖက်ရမ်းကာ သူ့နောက်ပါးမှာ နေစရာမရှိအောင် ရင်တုန်ထိတ်လန့်နေမိ၏။

အသက်ပင်မရှူရဲ။

''ဒက်ဘီ''

ခွေးသခင်က အချိန်မီလာထိန်းသိမ်း၏။

တော်ပါသေးရဲ့ကွာ။

ဂုဏ်လူ့နှလုံးသားတွေ ဘယ်လိုအခုန်ကြမ်းသွားရသလဲမသိ။ အပျိုပေါက်စမလေးတစ်ယောက်က သူ့ခါးကို နောက်ကနေ အတင်းဖိကပ် ဖက်ထားခံရတာလေ။

ငြိမ်သက်တောင့်တင်းပြီး လူက ဓါတ်လိုက်ခံလိုက်ရသလို




စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်သွားမှန်းမသိ။

ခွေးကြီးကို ပြန်ဆွဲခေါ်သွားတော့မှ မိန်မိန်က ရင်ဘတ်က လေးဖိကာ လျှာတစ်လစ်လုပ်ပြသည်။

"ရင်တုန်လိုက်တာ ကိုဂုဏ်ကြီးရယ်"

သူကလေးက ခွေးကြောက်လို့ရင်တုန်တာ ဂုဏ်လူက ဘာကြောင့် ဒီလောက်ရင်ခုန်မြန်ရသလဲမသိ။

သူကတော့ ခွေးကိုက်မှာကြောက်လို့ မဟုတ်တာသေချာ၏။

"ဂုဏ်...ရှင်ဘာတွေပြုံးနေတာလဲ"

"ဗျာ...မဟုတ်ပါဘူး ပဲပုဂံ ဟင်းကကောင်းလို့ပါ"

"မျိုးချက်တဲ့ဟင်းတွေ တအားလေးနေလို့လား၊ မျိုးက တော့ သူစားလို့မြိန်ပါစေဆိုပြီး ညနေကတည်းက ကိုယ်တိုင်ဈေး သွားပြီး ပြင်ဆင်ထားရတာ၊ မနက်ကလည်း ငါးနာရီကတည်းက ထချက်ရတာ သိရဲ့လား"

"ကောင်းပါတယ်ဗျာ၊ ဂျွန်တော်က ဘာပြောလို့လဲ"

"ထမင်းစားရင်းနဲ့ ဘယ်သူ့အကြောင်း တွေးနေတာလဲ"

"ဟာဗျာ...မမျိုးကလည်း မတွေးပါဘူး"





"ခုတလော ရှင်မရှိဘူးနော် ဂုဏ်၊ ကျွန်မ အကဲခတ်နေ တာကြာပြီ"

မမျိုးရဲ့ နှုတ်ခမ်းအမဲ့၊ မျက်စောင်းအဝင့်ဟာ တစ်စုံတစ်ခု သော အဓိပ္ပာယ်များ ပါလေသလားဟု ဂုဏ်လူ သက်ပ်မကင်း တွေးသည်။

အန်ကယ်ရာဇာရဲ့ သဘောထားကို ရိပ်မိသွားပြီလား။ သူနှင့် မိန်မိန်တို့ကိစ္စက ရုံးထိပေါက်ကြားသွားပြီလား။

မသေချာသေးဘဲ သူက မသိစေချင်ပေ။

အန်ကယ်ကတော့ ဒီအကြောင်းကို အလကားနေရင်း ကြေညာမှာမဟုတ်။

သူလည်း ရင်းနှီးတဲ့ဘော်ဒါတွေကိုပင် မဖွင့်ဟရသေး။ ဒါပေမဲ့ တစ်ခုတော့ရှိသည်။

ဒီရက်တွေထဲ မိန်လေးကတော့ မမျိုးဆီလာသည်။

မမျိုးနှင့် တတွဲတွဲ ပလဲပနံသင့်နေတာ သူတွေ့နေရသည်။ ကော်ဖီဆိုင်ကို ထွက်ထိုင်လိုက်၊ ရှော့ပင်အတူတူထွက်လိုက်ကြနှင့် ခုတလော မိန်လေး အလာစိပ်တာ သတိထားမိသည်။

သူကို့က ညီအစ်မနှစ်ဝမ်းကွဲလည်း တော်တယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မိန်မိန်က မမျိုးကိုများ လျှောက်ပြောသေးလား။

မမျိုးမျက်နှာကို စေ့စေ့ကြည့်ကာ ဂုဏ်လူက အဖြေရှာနေမိသည်။

မမျိုးရဲ့အကြည့်က တစ်မျိုးထူးခြားနေကာ သရော်ရိပ်ကလေး စွန်းနေသလား။ သူကပဲ အလိုလိုထင်မိတာလား။

သိသွားပြီဆိုရင်တော့ မျက်နှာပူစရာပဲ။ ကြိတ်သတင်းထွက်နေမှာ သူမလိုလားတာအမှန်။

မိန်လေးက သူ့ကို လက်ခံခေါင်းညိတ်သေးတာ မဟုတ်ဘူးလေ။ အန်ကယ်နှင့် ကြီးမေကသာ သူ့ဖက်က ရပ်တည်ထောက်ခံပေးနေတာ။

မိန်မိန် ဆက်ဆံရေးက အေးစက်မြဲအေးစက်နေသည်မို့ သူတောင် စိတ်ဓာတ်ကျချင်ချင်ပါ။

"ဂုဏ် ရှင်ဘာလို့စိုက်ကြည့်နေတာလဲ"

"မမျိုးက ကျွန်တော့်ကို မရိုးဘူးလို့ ဘာကြောင့်ပြောတာလဲ"

"ခုတလော ပျော်ရွှင်တက်ကြွနေသလားလို့"

မျိုးပပက သူတစ်ခုခု ဖွင့်ဟဝန်ခံလာမှာကို ကြားချင်





သည်။ ဥပမာ အန်ကယ်ရာဇာက စီစဉ်ပေမဲ့ သူမှာ ဒီလိုမျှော်လင့်ချက် မထားမိဘူးဆိုတာမျိုး။

"ဘာကိုပျော်ရမှာလဲဗျာ"

"အံမယ်...မျိုးမသိဘူးထင်နေသလား"

"ဘာသိလဲ၊ ပြောကြည့်လေ"

"ရှင်က နှုတ်လုံလုံနဲ့ ပိရိပေမဲ့ ဟိုကလေးမက အရမ်းပွင့်လင်းတယ်၊ မျိုးကိုလည်း ချစ်တယ်လေ"

"ဗျာ"

ဂုဏ်လူ့မျက်နှာ ခပ်အမ်းအမ်း ဖွေးသွားရှာ၏။

မဲမိန် တကယ်ပဲ လျှောက်ပြောထားပြီလား။ မျိုးပပကို ခင်မင်ရင်းနှီးပေမဲ့ သူ့ခံစားချက်ကို သူက အလွယ်တကူ ဖွင့်ပြောတတ်သူမဟုတ်။

ပွင့်လင်းဖို့မလိုအပ်ဘူးထင်လျှင် သူက ခပ်မြုံမြုံနှင့် ဘာကိုမှ မဟတတ်သူပါ။

"ရှင်ကသာ အေးတိအေးစက်ဖြစ်နေတာ မိန်လေးက အဲဒီကိစ္စ တော်တော်စိတ်ညစ်နေရှာတာ"

သူမစကားက ဘာအဓိပ္ပာယ်လဲ။ ကိုယ်က ပျော်ရွှင်တယ်



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်၊ အေးစက်တယ်လည်းဖြစ်နှင့်။

"ရှင်ပဲစဉ်းစားကြည့်လေ ဂုဏ်ရယ်၊ မိန်းလေးက ကလေးလိုနေတာ၊ ဒီအရွယ်လေးနဲ့ အိမ်ထောင်ပြုချင်ပါ့မလား၊ အန်ကယ်က ဘာလို့ အရင်စလို အိမ်ထောင်ချပေးချင်တာလည်း မသိဘူးနော်၊ မိန်မိန် သနားပါတယ်"

မျိုးပပစကားကြောင့် ဂုဏ်လှုမျက်နှာမထားတတ်အောင်ဖြစ်သွားရသည်။

သူကပဲ အန်ကယ်ပေးတဲ့ အခွင့်အရေးကိုယူပြီး သိမ်းပိုက်တော့မည့်သဘော ဖြစ်မနေဘူးလား။

"အဓိကက ဒေါ်နွဲ့နွဲ့ဇော်ကြောင့်ပဲ"

"ဘယ်လို မမျိုး၊ အန်တီနွဲ့က ဘယ်လိုပါလာရတာလဲ"

"ရှင်မသိဘူးလား၊ အန်ကယ်က အန်တီနွဲ့နဲ့ သိပ်မကြာခင် လက်ထပ်တော့မှာ၊ ဒါကြောင့် အမွေကိစ္စတွေ ရှုပ်ထွေးကုန်မှာစိုးလို့ ကြီးမေက မိန်လေးကို မားစာခံရှာတာ၊ မိန်လေး ရသင့်တာတွေ စောစောလွှဲနိုင်အောင် စိတ်အေးရအောင် ဘာညာပေါ့လေ၊ မိန်မိန့်ခမျာ ကြားထဲက မြေဇာပင်ဖြစ်နေတာ၊ သူ့ဟာသူ လွတ်လွတ်လပ်လပ်နေတာလေးကို သွားပြဿနာရှာနေတယ်"





"ဒီလိုတော့ မဟုတ်လောက်ပါဘူးဗျာ"

"ဒီလိုမဟုတ်ရင် ရှင့်လက်ထဲ ဘာကြောင့် လွယ်လွယ်ဆည့်ပေးမှာလဲ၊ အန်ကယ့်အာရုံထဲမှာ သူ့သမီးရှိတာမဟုတ်ဘူး၊ အန်တီနွဲ့တစ်ယောက်ပဲရှိတာ၊ ဒါကြောင့် နီးစပ်ရာကြဲသလို စီစဉ်တာပေါ့၊ ရှင် ဒါကို မရိပ်မိဘူးလား ဂုဏ်ရယ်၊ ရှင်က တစ်ခါတစ်ခါသည်မလိုလိုနဲ့ သိပ်အပါလား"

မျိုးသည် သူ့ကို နှမျောလွမ်းဆွတ်စွာကြည့်ရင်း တမင်ဘကာ အားမလိုအားမရဟန်နှင့် ကျပ်ပေးလိုက်၏။

"ဟိုကောင်မလေးက အိမ်ထောင်ရေးကိစ္စတွေ ဘာများအားလည်ထိန်းသိမ်းတတ်ဦးမှာလဲ၊ သူသိတာ ဂိမ်းဆော့ဖို့၊ ရှော့ပင်ထွက်ဖို့၊ သူငယ်ချင်းတွေအများကြီးနဲ့ ဟေးဟေးဟားဟားလုပ်ဖို့ဒါပဲသိတာ၊ ဒါလေးကို ရှင်သွားစဉ်းစားရင် သေပြီပဲ၊ ဒါက ပြန်ပြင်သို့လည်း ရမှာမဟုတ်ဘူး၊ တစ်ဘဝလုံး နစ်သွားမှာ၊ သူက သူဌေးသမီးဆိုတော့ လူတကာက သူ့ကို ဖူးဖူးမှုတ်ရမယ်ပဲ ခေါင်းထဲစွဲနေတာ၊ အချိုးပြေဖို့ကတော့ ဝေးသေး၊ ဂုဏ်လည်း ဒါကိုတွေးမိမှာပဲလို့ မျိုး ထင်ပါတယ်လေ"

"ကျွန်တော်သိပါတယ် မမျိုးရာ၊ ကျွန်တော် မိန်လေးတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်ဘာ ရုစ်နှစ်လောက်ရှိပြီဆိုတော့ မိသားစုအရင်းအချာတွေလို ဖြစ်နေပါပြီ၊ မိန်းမိန့်က ကလေးဆန်တာလေးတစ်ခုကလွဲရင် အရမ်းဖြူစင်ပါတယ်၊ လောကကြီးရဲ့ အကွေ့အကောက် အတိမ်အနက်တွေကို သူဘာမှမသိသေးဘူး၊ ခုတလော မမျိုးဆီကို သူ ခဏခဏလာနေတာ ကျွန်တော်တွေ့ပါတယ်၊ မမျိုးလည်း ရုံးလစ်လစ်ပြီး ထွက်သွားတာပဲနော်၊ ကလေးကို ဘာတွေမြှောက်ပေးနေသလဲတော့ မသိဘူး၊ ဒီကောင်မလေးလည်း ဆိုးလွန်းတယ်ဗျာ၊ အကုန်လျှောက်ဖွနေတယ်၊ အမှန်ဆိုရင် ဒါတွေလျှောက်ပြောဖို့မှ မလိုသေးဘာ"

ဂုဏ်သည် မိန့်လေးအပေါ် မမျိုးရဲ့ ရှုံ့ချချအပြောအဆိုကို ဘဝင်မကျသဖြင့် သူသဘောထားကို သွယ်ဝိုက်၍ အသိပေးလိုက်သည်။

သူဟာ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် အန်ကယ်ဖက်မှာပဲ ရှိနေမှာ၊ အန်ကယ့်သမီး မိန့်လေးဖက်ကပဲ ရပ်တည်မှာဖြစ်သည်။

သူ့ရှေ့မှာ အန်ကယ် မကောင်းကြောင်းပြောတာ မိန့်လေးသိက္ခာထိခိုက်အောင် ဒါမျိုးပြောဆိုပေဖန်တာတွေ သူလက်ခံမှာမဟုတ်ပါ။



မျိုးသည် သူ့မျက်နှာထား၊ သူ့လေသံကြောင့် နည်းနည်းတော့ အရှိန်ပြန်လျှော့လိုက်ပါသည်။

"အင်းလေ…အန်ကယ်ရာဇာက အရမ်းအလိုလိုက်ထားလို့ သူဒီလိုဆိုးနေတာပါ၊ ရည်းစားရ အိမ်ထောင်ကျရင်လည်း ပြောင်းလဲရင် ပြောင်းလဲသွားဦးမှာပေါ့၊ သူ မျိုးကိုလာပြောတာကတော့ ဘာမှပြဿနာမရှိပါဘူး ဂုဏ်ရယ်၊ မျိုးက သူ့စိမ်းမှမဟုတ်တာ၊ ရှင့်ဖက်က လျှိုထားတာကို သူကဖော်ကောင်လုပ်လိုက်တော့ အဲ ရှက်သွားတာမို့လား၊ မရှက်ပါနဲ့၊ ဟင်း ဟင်း"

"ကျွန်တော်က ဘာမှရှက်စရာမရှိဘူး၊ သူ့ဖက်ကိုပဲ ကျွန်တော်တွေးတာပါ၊ ရုံးမှာ ဒီသတင်းတော့ မပျံ့စေနဲ့ဦး"

"မရပါဘူး၊ အကုန်လုံးကို ကြေငြာမှာ"

"မမျိုးလည်း မိန်းကလေးတစ်ယောက်ပဲဗျာ၊ ကိုယ်ချင်းစာနာပါ"

မျိုးပပက မချိုပြုံးလေး ပြုံးလိုက်ပါသည်။

ကိုယ့်နှလုံးသားကို ဖွဲခြွေနင်းချပစ်မယ့်သူကို မျိုး ကိုယ်ချင်းသည်း မစာနိုင်တော့ဘူး။

အခုဆိုရင် ရှင့်အကြောင်းလည်းသိပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်က ငယ်ရွယ်ချောမောပြီး ပြည့်စုံချမ်းသာတဲ့ မိန်လေး ဖက်ကို အလွယ်တကူပါမယ့်သူလေ။

မိန်လေးနဲ့ ပတ်သက်ရင် အထိမခံ၊ အပြောမခံ အဖြစ် သည်း အကဲပါနေတာလည်း သိရပြီမို့ မျိုးရင်မှာ တဆစ်ဆစ်နှင့် နာကျင်စပြုလာသည်။ နာကျင်နေတဲ့ နှလုံးသားဟာ ရက်စက်မှု အနိုးအငွေ့တွေ အလိုလိုထွက်လာတတ်တယ်ဆိုတာ ရှင်မသိသေး ဘူး ဂုဏ်ရဲ့။

ရှင်ကမှ တစ်ဖက်သတ်အချစ်အကြောင်း မခံစားဖူးတာ

မျိုးပပသည် ဂုဏ်လူရဲ့ ဆွဲဆောင်မှုရှိသော မျက်နှာ ခပ်ငေးငေးကြည့်ကာ မိန်တစ်ယောက် ကောင်းကောင်းနှင့် မြန်မြ နီးစပ်နောင်ဖွဲ့သွားလျှင် အေးရောဟု စဉ်းစားနေမိသည်။

ကောင်းဖက်ကိုတော့ သူမယုံသည်။

ကောင်းက ငသွက်လေး။ မိန်းကလေးတစ်ယောက်ရဲ့ အသာကလေး ဆွဲဆောင်စည်းရုံးသိမ်းသွင်းနိုင်လိမ့်မည်။

မိန်မိန်ကလည်း အရိုးခံ မနူးမနပ်လေးဆိုတော့ အလွယ် တကူ ဖျားယောင်းနိုင်မှာပါ။

သူမဆန္ဒ ပြည့်မြောက်ဖို့ဟာ သိပ်မလို။





"ဂုဏ်က မျိုးကို ကိုယ်ချင်းမစာတတ်တဲ့မိန်းမလို့ ထင်နေ တာပေါ့လေ"

"မဟုတ်ပါဘူးဗျာ၊ ဒီတိုင်းပဲသတိပေးတာပါ၊ ကျွန်တော် နဲ့ မိန်မိန်နဲ့ကိစ္စက ပြောဆိုညှိနှိုင်းတုန်းပါ၊ ဘာမှတရားဝင်မဖြစ်သေး ဘူးလေဗျာ"

"ဩော်…ဟင်း…ဟင်း ရှင်က တရားဝင်ဖြစ်ချင်ပြီပေါ့ လေ ဟုတ်လား"

"ဟာ…မမျိုးကလည်းဗျာ"

ဂုဏ်လူ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ မျိုးပပက သူ့ရင်ထဲက အမှန်တရားကို အတင်းဖော်ထုတ်ကြည့်နေပါလား။

သူလည်း ဟန်မဆောင်တော့ဖို့ ဆုံးဖြတ်သည်။

သိချင်နေမှတော့ ပြောပြလိုက်တာ ပိုကောင်းမည်။

မတော်တဆ သူ့အပေါ်မျှား တိတ်တခိုး မျှော်လင့်ချက် ရှိလည်း သူမဘာသာ အသာကလေး နောက်ဆုတ်ရုပ်သိမ်းသွား သို့ရတာပေါ့။

သို့သော် ဂုဏ်လူကတော့ မျိုးပပနှင့် ပတ်သက်လျှင် ဒီသို့မထင်မိပါ။ သူတို့နှစ်ယောက်က တစ်ရုံးထဲ လုပ်ဖော်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ချင်း ရင်းနှီးခင်မင်တဲ့ ပုံစံထက် ဘာမှမလိုဟု သူယုံသည်။

သို့သော် တစ်ခါတစ်ရံ ကိုစိုးကျော်တို့ မမွေးတို့ မသိမသာ စ,ချင်နောက်ချင်သည်။ ဂုဏ်လူက အစ,မခံ။

အမြဲတမ်း ဟန့်တားခဲ့သည်။

"အမှန်အတိုင်းပြောရရင် မိန်မိန့်အပေါ် ကျွန်တော် သံယောဇဉ်ဖြစ်မိတယ်၊ ကလေးသာသာအရွယ်ကလေးထဲက ဖြစ်သွားမိတဲ့ သံယောဇဉ်ဆိုပါတော့ဗျာ"

"မိန်မိန့်ဖက်ကတော့ ဂုဏ်ကို အရေးလုပ် ခေါင်းထဲထားမှု မရပါဘူး"

မျိုးပပက ခါးသီးစွာပင် ထင်တဲ့အတိုင်း ပြောချလိုက်သည်။

ဟုတ်တယ်လေ မိန်းကလေးဖက်ကမှ သူ့ကို စိတ်မဝင်စားတာ။

"ဒါကတော့ မျိုး ခန့်မှန်းတာပေါ့"

"အံမယ် ခန့်မှန်းတာမဟုတ်ပါဘူး၊ မိန်မိန်ကိုယ်တိုင်ပြောတာ၊ ရှင့်ကိုမှန်းကယ်တဲ့၊ ကြည့်မရဘူးတဲ့၊ သူ့ဒက်ဒီစီစဉ်တဲ့ကိစ္စ သူအရမ်းစိတ်ဆိုးနေတာ မျိုး မျက်မြင်ပဲ၊ မျိုးကတောင်





ကော်ဖီရှော့ခေါ်သွား၊ အပြင်ခေါ်သွားနဲ့ မနည်းချော့မော့နေရတာ"

"သူနဲ့ကျွန်တော်က အသက်ချင်းကွာနေတော့ သူတမျိုးဖြစ်နေတာပါ၊ ကြာကြာချင်းတော့ သိပ်လက်မခံချင်ဘူးပေါ့"

"နောက်ရော လက်ခံလာမှာတဲ့လား၊ ဟင်း ဟင်း မျိုးတော့ မထင်ဘူးနော်၊ ဒီကောင်မလေးစိတ်ဓာတ်တာ မျိုးအသိဆုံး၊ ငယ်ငယ်ကတည်းက ဒါဆိုဒါပဲ၊ သူမလိုချင်တာလာမပေးနဲ့ ယူကို မယူဘူး"

"ဒီအတွက်တော့ ကျွန်တော်မပူပါဘူး၊ သူဆန္ဒရှိသလို ဆုံးဖြတ်ပါစေ ကျွန်တော်က မိန်မိန် စိတ်ချမ်းသာပျော်ရွှင်နေတာကို ပဲ မြင်ချင်တဲ့သူပါ၊ သူ့အပေါ် အမြတ်တနိုး ချွဲလမ်းနေတာ မှန်ပေမဲ့ နီးစပ်ခွင့်မရရင်လည်း ဘာတတ်နိုင်မလဲ"

အမြတ်တနိုး စွဲလမ်းနေတာ။

ဂုဏ်လူ့စကားက မျိုးရင်ထဲကို အရှိန်ပြင်းပြင်း ဝင်ဆောင့်သည်။

သူက မိန်မိန့်မှုးနိုကို ချစ်မြတ်နိုးသတဲ့လား။

မျိုးထံ ပွင့်ပွင့်လင်းလင်း ဝန်ခံသတဲ့လား။

ထိုစကားသည် မျိုးအတွက်တော့ အဆိပ်သင့်သော စကား



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေပဲဖြစ်သည်။

ချစ်လေ…

သေအောင်ချစ်လိုက်စမ်းပါ။ ဟိုက ရှင့်ကို ဘယ်လိုတုံ့ပြန်မလဲ စောင့်ကြည့်လိုက်ပါဦး။

သိပ်မကြာခင် သူနဲ့ရွယ်တူ ချာတိတ်လေးတစ်ယောက်က သူ့နှလုံးသားကို သိမ်းပိုက်ခြွေယူလိုက်တော့မှာရှင့် သိရဲ့လား။

ရှင် သူ့ကို စွန့်လွှတ်နောက်ဆုတ်ရဖို့အချိန်က နီးကပ်နေပါပြီ။

သူများလက်ဦးသွားတော့မှာ။

တခြားတစ်ယောက်ရင်ခွင်ထဲကို ကျေကျေနပ်နပ်ကြီး တိုးဝင်သွားတော့မှာ။

ရှင် နှမြောကြေကွဲခံစားရင်း ကျန်ရစ်ဖြစ်ရမှာ ဂုဏ်လူရဲ့ မှတ်ထားစမ်းပါ။

‘‘ကြီးမေ…ဒီညနေ ဘာချက်လဲဟင်၊ မိန့် ဗိုက်ဆာနေပြီ’’

ရေမိုးချိုးပြီးနောက် အိမ်နေရင်းဝတ် ချည်ဂါဝန်ပန်းနုရောင် လက်ပြတ်လေးနှင့် လှေကားပေါ်က ခုန်ပေါက်ပြေးဆင်းလာသော မိန့်မိန့်ဖူးနီက ထမင်းစားခန်းက ကြီးမေဆီရောက်လာကာ မေးမြန်းလိုက်သည်။

ကြီးမေက မျက်စောင်းတစ်ချက် လှည့်ကာထိုးရင်း…

‘‘ဘာချက်ရမှာလဲ၊ ဒီညစာ အပြင်မှာလိုက်ကျွေးမယ်လို့ ညည်းကို မောင်ဂုဏ်ပြောထားတာ မေ့နေပြီလား’’

‘‘ဟွန်း…သူနဲ့မှမသွားချင်တာ’’

‘‘သွားလိုက်ပါသမီးရယ်၊ တော်ကြာရောက်လာတော့မှာ ခုနပဲ ကြီးမေဆီ ဖုန်းဆက်တယ်၊ မိန့်မိန့် ရေချိုးနေတုန်းလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်၊ ကဲ အလှသွားပြင်၊ အဝတ်အစားလဲချည်''

''ကြီးမေကလည်း''

သူမက နှုတ်ခမ်းလေးကို မကျေမနပ်နှုထော်လိုက်သည်။

ကြည့်မရတဲ့လူကြီးနဲ့မှ အတူယှဉ်တွဲသွားလာ စားသောက်ရဦးမတဲ့။

စိတ်ညစ်လိုက်တာနော်။

''ဘာမှဆောဒကမတက်နဲ့၊ ဆင်ခြေလည်းမပေးနဲ့၊ လူကြီးတွေစီစဉ်တာ ညည်းအတွက် မှားစရာကိုမရှိဘူး၊ မောင်ဂုဏ်လိုရိုးသားအေးဆေးပြီး စိတ်ချရတဲ့လူ ဘယ်မှာသွားရှာမလဲ၊ ညည်းကံကောင်းတယ်မှတ်ပါ မိန်မိန်ရယ်၊ ကလန်ကဆန်လုပ်ဖို့ မစဉ်းစားပါနဲ့တော့''

ဒက်ဒီနှင့် ကြီးမေက သဘောထားမပြောင်း။ သူတို့ဆန္ဒက မိန်နှင့်ကိုဂုဏ်လူကို မြန်မြန်နီးစပ်စေချင်တာ။

ဒါပေမဲ့ သူတို့ဖြစ်စေချင်တိုင်း မိန်က လိုက်လျောရမှာလား။ တစ်သက်လုံး ဒီလူကြီးမျက်နှာ မြင်နေရမယ့်ကိစ္စ။

မိန့်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာကိုကျ သူတို့ထည့်မတွက်ကြဘူးလေ။





''လိမ္မာပါ မိန်လေးရယ်၊ စိတ်ကူးမလွဲပါနဲ့၊ ညည်းဒီအကြောင်းတွေ ဟိုပြောဒီပြောလုပ်သေးလား၊ အဲဒါမေးမလို့''

''မပြောပါဘူး''

''မျိုးပပက သိနေပါလားအေ့၊ သူဘယ်ကကြားတာလဲ''

မိန်မိန်က မျက်နှာရှုံ့မဲ့ကာ ခေါင်းလေးဖွကုတ်သည်။ ဒီတစ်ယောက်ပဲပြောရသေးတာ ဒါလေးပဲ လာပြဿနာတက်နေပြန်ပြီ။

''ရှုံ့မဲ့မနေနဲ့၊ ညည်းကိုက နှုတ်မလုံဘူး''

''မမျိုးကို တိုင်ပင်တာပါ ကြီးမေရဲ့''

''ဘာတိုင်ပင်စရာရှိလဲ၊ ညည်းဒက်ဒီ အမျိုးတွေအကြောင်း ငါမကောင်းပြောတယ် ဖြစ်ဦးမယ်၊ အဲဒါ မိမျိုးကနေရာတကာ သိပ်ဆရာလုပ်တတ်တာနော်၊ ခုတလော ညည်းကိုသူက ဟိုခေါ်ဒီခေါ်နဲ့၊ ဒီနေ့လည်း ရုံးအားရက်လေး အိမ်မှာအေးအေးမနေရဘူး တစ်နေကုန် အပြင်လျှောက်ခေါ်သွားတယ်''

''မိန်မိန့်ဘာသာ လိုက်သွားတာပါ၊ မိန်မှ ကလေးမဟုတ်ဘာ''

''အဲလိုကလေးမကျ လူကြီးမကျ ဖြစ်နေလို့ပဲ စိတ်ပူတာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ညက ညည်းဆီ ကောင်လေးတစ်ယောက် ဖုန်းဆက်သေး တယ်၊ ညည်းဖုန်း စက်ပိတ်ထားလို့တဲ့၊ ငါကဘယ်သူလဲမေးတော့ ညည်းသူငယ်ချင်းတဲ့၊ ကောင်းကောင်းတဲ့၊ ငါမှမကြားဘူးတာ၊ ဆက်မေးတော့မှ မိမျိုးကနေ့တစ်ဆင့် ခင်တာလို့ပြောတယ်၊ အဲဒီ မိမျိုးတစ်ယောက်က ညည်းကို ဘယ်ကချာတိတ်တွေနဲ့ မိတ်ဆက် ပေးနေတာလဲ၊ မိန်မိန်နော် ရှုပ်ရှုပ်ယှက်ယှက်တွေ ဘာမှမကြားချင် ဘူး ငါကြိုပြောထားပါရဲ့"

"ကြီးမေကလည်းတစ်မျိုး၊ မိန့်ကို လိုက်ချုပ်ချယ်နေတာ ပဲ"

"ဟဲ့…ငါက ဆင်ခြင်ဖို့သတိပေးနေတာ၊ မိမျိုးနဲ့လည်း သိပ်မပေါင်းနဲ့၊ ညည်းဒက်ဒီတူမဆိုပေမဲ့ သူ့အချိုးအချိတ်ကို ငါမကြိုက်ပါဘူး၊ ပိုက်ဆံသာမရှိတာ လူက တင်တင်စီးစီးနဲ့၊ ပြော လိုက်ရင်လည်း မိုးတလုံးလေတလုံးနဲ့ ဘဝင်ကခပ်မြင့်မြင့်"

ကြီးမေက မဲ့ကာရွဲ့ကာပြောတော့ မိန် ရယ်ချင်မိ၏။

မမျိုးက လောလောဆယ် မိန်ရဲ့ ကျေးဇူးရှင်။ သူက တစ်ဆင့် ကောင်းနှင့်ဆက်သွယ်မိခဲ့တာလေ။

မမျိုးက မြားနတ်မောင်။ အဲ မြားနတ်မယ်ဆိုရင်လည်း





မမှား။

"အဲလိုလည်း မဟုတ်ပါဘူး ကြီးမေရယ်၊ မမျိုးက မိန့်ကို ချစ်ပါတယ်၊ အရမ်းလည်း အရေးပေးတယ်"

"အဲဒါအကောင်းမမှတ်နဲ့၊ ညည်းဒက်ဒီကို ဖားတာ"

ဘယ်ဖက်က လှည့်ပြောပြော ကြီးမေက ကောင်းကွက် မမြင်နိုင်ပေ။

မိန် ဆက်မပြောတာပဲ ကောင်းမည်။

ကြီးမေကို စကားလမ်းကြောင်းပြောင်းကာ

"ကဲပါ အဲဒါတွေအ[illegible]ကားဦး၊ မိန် ခုလောလောဆယ် [illegible]က်အဆာပြေ ဘာစားရမလဲ"

"ငှက်ပျောသီးတို့၊ ဂျယ်လီတို့၊ ဘီစကစ်ပုံးတို့ရှိတာပဲ"

မိန်က မုန့်ကြိုက်တတ်သူ။

ငယ်ငယ်ကတည်းက ထမင်းသိပ်မစားဘဲ မုန့်ပဲ တတွတ် [illegible]တ် စားနေတတ်ခဲ့သူမဟုတ်လား။

"ထောပတ်သီးရှိရင်ဖျော်ပေး"

ကြီးမေကို ပူဆာလိုက်ကာ မိန်မိန်က ထမင်းစားပွဲမှာ အသင့်ထိုင်စောင့်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေ ကော်ပတ်သီးဖျော်တာ တအောင့်ပဲကြာသည်။

ပြီးတာနှင့် သူမရှေ့သို့ ကိုင်းတပ်ဖန်ခွက်ကြီးနှင့် အပြည့် ထည့်ပေးသည်။

"ရှေ့လျှောက် ငါ့တူမကြီးက လူကြီးစိတ်မွေးတော့၊ အိမ်ထောင်ရှင်မဖြစ်လာတဲ့အခါကြ သိသင့်တာကော့ အလိုလိုသိသွားလိမ့်မယ်၊ မောင်ဂုဏ်က သမီးရှေ့မှာ မားမားမတ်မတ် ရပ်တည်စောင့်ရှောက်မယ့် ယောက်ျားကောင်းပါကွယ်၊ ဒါကို သံသယမရှိနဲ့၊ မောင်ဂုဏ်က ကုမ္ပဏီလုပ်ငန်းတွေမှာလည်း နားလည်တတ်ကျွမ်းနေပြီ၊ အောင်မြင်ပြီးသား ကိုယ့်ဒက်ဒီရဲ့ကုမ္ပဏီကို သမီးတို့က ဆက်ထိန်းသွားရမယ်လေ၊ သူများလက်ထဲ အပါခံလို့ဘယ်ဖြစ်မလဲ"

"နေ့ခင်းက နွဲ့နွဲ့လာတယ်၊ ညည်းဒက်ဒီနဲ့ စကားလက်စုံပြောမကုန်ပဲ၊ နွဲ့နွဲ့က သူ့မောင် လင်းဇော်ကို ကုမ္ပဏီထဲ ဆွဲခေါ်သွင်း အကြံရှိတယ်"

"ဟုတ်လား…အဲဒီဦးလင်းဇော်က သဘောသားမဟုတ်လား"

"အခုသဘောမဟုတ်တော့ဘူး၊ သူက သူ့ငွေးယောက်ဖ ဖြစ်တော့မှာလေ"

ကြီးမေခင်ကတော့ အခွင့်သာတုန်းမှာ တူမဖြစ်သူကို ဘဝအရေး၊ စီးပွားအရေးတွေ နားလည်အောင် တတ်နိုင်သမျှ ပြောပြဆွဲသွင်းနေမိတာပဲ။

မှုံလှုံး(?)လက်အောက်နေရတာထက်စာလျှင် သူ့အိမ်ထောင်နှင့်သူ အခြေကျအဆင်ပြေတာက ပိုမကောင်းဘူးလား။

မိန့်မိန့်လေး လိမ္မာဖို့လည်း ကြီးမေ အရမ်းမျှော်လင့်ထားသည်။







www.burmeseclassic.com

www.burmeseclassic.com



"ညကြမှ ဖုန်းဆက်လိုက်လေ ကောင်းရယ်"

"အခုအပြင်ခဏလိုက်ခဲ့"

မိန့်က အိမ်ဖက်ပြန်လှည့် နှာခေါင်းလေးရှုံ့ကာ…

"ကြီးမေသိရင်ဆူမှာ ကောင်းရဲ့"

"ခဏလေးပဲကွာ၊ လာပါ"

သူက မိန့်လက်ဖဝါးလေးကို ဆုပ်ကိုင်ခွဲခေါ်၏။ သူ့လက်ဖဝါးဆီက အနွေးဓာတ်တစ်မျိုးဟာ မိန့်ဆီ စီးဆင်းဝင်ရောက်လာကာ ရင်ထဲ သိမ့်ခနဲတုန်မိ၏။

"ကောင်းက ဖွတ်ပဲကွာ"

မိန့်နှုတ်က အလိုမကျသလို ရေရွတ်နေမိပေမဲ့ လူကတော့ သူ့ကားထဲပါလာရသည်။

"မိန့်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

မိန့်က ခွန်းမတုန့်တော့ဘဲ ကားမှန်ကနေ ရှေ့တူရူကိုသာ ကြည့်နေမိသည်။

လမ်းထိပ်အထွက်နားမှာ မိန့်တို့လမ်းထဲ ချိုးဝင်လာသည့် အာပလပ်စ် R+ ကစ်စီးနှင့်ဆုံသည်။

"ဟော့တော့"





မိန့်က အာမေဋိတ်သံလေးနှင့်အတူ မျက်နှာကို လက်ဖဝါးနှင့်အုပ်ထားလိုက်၏။

သို့သော် ကိုဂုဏ်လူက သူမကိုမမြင်ပါ။

ဒီကားပေါ် သူမပါသွားတယ်လည်း ဘယ်ထင်ပါ့မလဲ။ သူဟာသူ မောင်းဝင်သွားမှ မိန့်အသည်းအေးစွာ ပင့်သက်ကလေး ရှိုက်မိ၏။

"အဲဒါဘယ်သူလဲ"

"ဒက်ဒီ့မန်နေဂျာပါ"

"သူ့ကို မိန့်က ကြောက်ရတာလား"

"အို…ကြောက်တာတော့ဘယ်ဟုတ်မလဲ"

မိန့်မိန့်က ကောင်းကို မျက်စောင်းကလေးထိုးသည်။ ဟွန်းသံနှင့်မျက်နှာထားက မိန့်ကိုများ ပိုင်စိုးပိုင်နင်းနဲ့။

"စိတ်မဆိုးပါနဲ့၊ ကောင်းက စိတ်ပူလို့မေးရတာပါ"

မိန့်မိန့်က ကုရှင်လေးကိုဖိလျက် သူ့ဖက်သို့ စူထော်ထော်ကောက်ချိတ်ချိတ်လေး ကြည့်မိသည်။

သူက ချော့မော့သလို နှာခေါင်းလေးရှုံ့ ပြောင်ပြ၏။

ကားပေါ်မှာ မိန့်တို့နှစ်ယောက်ထဲမို့ စိတ်တွေက လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com


ခုန်ပေါက်နေကာ မလုံခြုံသလို ဖိုနွေးသလိုလို ဖြစ်နေသည်။

သူသည် ကားကို ရှင်းနေတဲ့လမ်းတွေ ရွေးမောင်းသည်

ဆိုင်တစ်ခုခုကို သွားမယ်ထင်ပေမဲ့ မိန့်ထင်သလို ဆိုင်

မသွား။

မီးမိုန်လူပြတ် ကားရှင်းတဲ့လမ်းပေါ်မှာပဲ မောင်းနေပြ

နောက်တော့ လမ်းဘေးတစ်နေရာမှာ ကားကို ဘေးကပ်ရပ်

လိုက်၏။

ဘာကြောင့်မှန်းမသိ မိန့်ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားသည်

အချိန်အခါနှင့် နေရာဒေသ အခြေအနေကိုက ရင်ခုန်

ကို မြန်စေထိတ်စေတာ။

ကိုလူလည်လေးက ကားရပ်ပြီးတာနှင့် မိန့်ဖက်သို့ လှည့်

လာသည်။

"ကျွန်တော်ဘာတွေဖြစ်နေသလဲ မသိဘူးဗျာ၊ ကားမော

လို့တောင်မရဘူး သိလား"

ကောင်းက စိတ်လှုပ်ရှားသံနှင့်ဆိုသည်။

မိန့်မိန့်က သူ့ကို မရဲတရဲကြည့်ကာ မလှုပ်မယှက်

ငြိမ်နေမိသည်။





"မိန့် ကောင်းရင်ဘတ်ကို စမ်းကြည့်ပါလား၊ ရင်တွေ

အားဆောင့်ခုန်နေတယ်၊ မိန့်လေးကိုမချစ်ဘဲ မနေနိုင်တော့ဘူး"

"အို…ကောင်းနော်"

သူက မိန့်လက်ကလေးဆွဲယူကာ သူ့ဝဲဘက်ရင်အုံမှာ

ပ်ထားတော့ လန့်သွားမိတာပေါ့။ သို့သော် မိန့်မိန့်အသံလည်း

မှန်ဘဲ တိုးဖျော့တုန်လှုပ်နေသည်။

ဒါဟာ သူစိမ်းကောင်လေးတစ်ယောက်က သူမကို ပထမ

နီးနီးကပ်ကပ် စကားပြောတာပဲ။

ပြီးတော့ ပထမဆုံး ထိတွေ့ဖို့ ကြိုးစားတာပဲလေ။ အပျို

င်းလေးမို့ ရင်မခုန် မတုန်လှုပ်ပဲ နေပါ့မလားနော်။

"မိန့်မိန့်ကို အရမ်းချစ်တယ်"

သူက နားနားကပ်ပြောလျှင် မိန့်နှလုံးသားတွေ ခုန်ပေါက်

ည်လာရ၏။

"ကောင်းချစ်နေတာ မိန့်လည်းသိမှာပါကွာ"

သူကပြောရင်း မိန့်လက်ဖမိုးလေးကို တမြတ်တနိုးဟန်ဖြင့်

ယူနမ်းရှိုက်သည်။

မိန့် အငိုက်မိပြီးငြိမ်နေတော့ သူက မိန့်ပခုံးလေးကိုဖက်


www.burmeseclassic.com

www.burmeseclassic.com



သလို မိန်က စိတ်လေပြီး ယိုင်နဲ့မျောပါလွယ်တာကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဆောင်းညရဲ့ မှောင်ကာစ ညဦးအချိန်လေးမှာ ရှင်းလင်း တိတ်ဆိတ်သော လမ်းမသစ်ကြီးတစ်ခုရဲ့ တစ်နေရာ ရပ်ထားသော ကားပေါ်မှာ ရင်ခွင်ထဲက ကောင်မလေးကို ကောင်းတစ်ယောက် အားပါးတရ အနမ်းမိုးတွေ ဆက်တိုက်ရွာပစ်လိုက်မိသည်။

မိန့်ခမျာ မလှုပ်သာအောင် မချင့်မရဲ တအားဖက်ထား သည်။ မိန် ကြောက်လန့်တကြားလေး ရုန်းဖယ်နေပေမဲ့ အတွေ့ အကြုံ အတော်အတန်ရှိထားတဲ့ ကောင်းက ချိုမြိန်သော ချစ်စကား လေးများဖြင့် မိန်မိန်ကို ကောင်းစွာ ဆွဲဆောင်ဖြားယောင်းထားနိုင် ခဲ့လေသည်။



ကောင်းမင်းသုန်က သူမကို ခြံရှေ့အရောက် ပြန်ပို့ပေး သည်။ သူမကားပေါ်က ဆင်းကာနီးမှ...

''မိန်မိန် ပျော်တယ်မို့လား၊ ကိုယ့်အကြောင်း ပြန်စဉ်းစား နော်''

''မစဉ်းစားပါဘူး''

သူမက စူတူတူလေးပြန်ပြောရင်း ဂါဝန်လေးကို သပ်ရပ် အောင် ဆွဲချသည်။

''ညကျရင် ဖုန်းဆက်မယ်၊ တာ့တာ''

ကောင်းမင်းသုန်လေသံက ပျော်ရွှင်မြူးတူးနေသည်။

မိန်မိန်က လက်ကလေးဝှေ့ယမ်းပြကာ သူ့ကားထွက်သွား တာကို ရပ်ကြည့်နေပြီးမှ ခြံထဲဝင်ဖို့ ခြေလှမ်းပြင်သည်။

ရင်ထဲမှာ နွေးမြမြဟာတာတာကြီးနှင့် ဘယ်လိုမှန်းမသိ ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထူအမ်းနေသော နှုတ်ခမ်းသားလေးကို မလုံမလဲ လက်ဖမိုးနှင့် တစ်ချက်ပွတ်သပ်မိသည်။

''မိန်မိန်''

နောက်ဖက်မှ ထွက်ပေါ်လာသော ခေါ်သံကြောင့် ဆတ်ခနဲပင် တုန်သွားမိ၏။

''မင်းနောက်ကျလို့ ငါထွက်စောင့်နေတာ၊ ဒါ ဘယ်က ပြန်လာတာလဲ ပြောစမ်း''

ခပ်တင်းတင်းမေးလိုက်တဲ့ ဦးဂုဏ်လူပုံစံကြောင့် ရင်ထဲ လန့်ဖျပ်ကြောင်အမ်းသွားမိ၏။

''ပုပုက မင်းကားတစ်စီးပေါ်တက်ပြီး လိုက်သွားတယ် ဆိုလို့ စိတ်ပူပြီး ထွက်စောင့်နေတာ၊ ကြီးမေကိုလည်း ခွင့်မတောင်း သွားဘူး''

''အို…အပြင်လေးခဏ မုန့်ထွက်စားတာပဲ၊ အဲဒါ ဘာဖြစ်လို့လဲ''

''ခုန ကားမောင်းပို့ပေးတာ ဘယ်သူလဲ''

''မိန့်သူငယ်ချင်းပေါ့၊ နေစမ်းပါဦး ရှင်နဲ့ ဘာဆိုင်လို့ လိုက်မေးနေရတာလဲ၊ ဒါ ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စပါ''





မိန်မိန်ဖူးနိုရဲ့ စွာတာတာပြန်ဖြေပုံကြောင့် ဂုဏ်လူ နည်းနည်းတော့ စိတ်တိုသွားမိသည်။

မထိမဲ့မြင်စတိုင်လ်နှင့် မေးကလေးကို ပင့်မော့ထားသေးကာ သူ့ကို မထီတရီ မျက်ဝန်းလေး မှေးစင်း၍ ကြည့်နေသည်။

''ဘာဆိုင်သလဲဟုတ်လား၊ မင်းဟာ ငါ့ဖနီးလောင်းဖြစ်နေပြီ မိန်မိန်၊ အရင်လို ကလေးဆန်ဆန်မနေပါနဲ့၊ မင်းဒက်ဒီက ငါ့ကိုအပ်ထားပြီးသား''

''အံမာ…ဘာဖနီးလောင်းလဲ၊ ရှင့်ကိုမစဉ်းစားဘူး၊ ပြောပြီးသားပဲ ဟွန်း''

သူမက မျက်စောင်းထိုး ခြေဆောင့်ကာ ချာခနဲ လှည့်သည်။

ဂုဏ်လူကလည်း တစ်စုံတစ်ရာကို ရိပ်မိသဘောပေါက်သလိုဖြစ်ပြီး အလိုလိုပင် သဝန်တို သွေးဆူနေမိရာ သူမရဲ့လက်ကောက်ဝတ်ကလေးကို လျင်မြန်စွာ ဖျတ်ခနဲ ဆုပ်ကိုင်ထားလိုက်၏။

''ဘာလုပ်တာလဲ၊ မိန့်လက်ကိုလွှတ်''

သူမကာ ခပ်ဆတ်ဆတ်ရုန်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါမေးတာ အမှန်အတိုင်းဖြေ၊ ခုနကောင်လေးက ဘယ်သူလဲ၊ မင်းနဲ့ ဘယ်လိုပတ်သက်သလဲ"

"သူငယ်ချင်းလို့ပြောပြီးပြီလေ၊ ရှင့်ဘာသာမယုံဘူးဆိုရင်တော့ ထင်ချင်သလိုသာထင်လိုက်"

"ဘာကွ"

ပမာမခန့်ဖြေပုံလေးကို ဂုဏ်လူ ပို၍အထိနာသွားမိ၏။

"သူငယ်ချင်းဆိုရင်လည်း ညကြီးမိုးချုပ် ဒီလိုနှစ်ယောက်တည်း သွားစရာလား၊ မိန်းကလေးဖြစ်ပြီး မင်းမှာ ဆင်ခြင်ဉာဏ်မရှိဘူးလား၊ ငါကားဝင်လာကတည်းက မင်းတို့ထွက်သွားတာမဟုတ်လား၊ ဒီလောက်အကြာကြီး ဘယ်သွားနေတာလဲ၊ ငါချက်ချင်း ကားနဲ့ပတ်ရှာတယ်၊ ဒီနားက ကော်ဖီဆိုင်တွေ၊ စနက်ဘာဂါဆိုင်တွေ အကုန်ဝင်ကြည့်တယ်၊ တစ်ဆိုင်မှ ရှာမတွေ့ဘူး၊ ဒီနီးနီးနားနားသွားတာမဟုတ်ဘူး၊ မင်းကို ဒီကောင် ဘယ်အထိခေါ်သွားတာလဲ မိန်မိန်၊ ငါ့ကို အမှန်အတိုင်း ဖြေစမ်းပါဟယ် ငါအရမ်းစိတ်ပူနေပြီ၊ မင်းက အိမ်မှာကလေးလိုနေတာ ဘာမှအတွေ့အကြုံမရှိသေးဘူး၊ မင်းကို အသာကလေး လှည့်ဖျားသွားလို့ရတယ်ကွနားလည်လား"

မိန်မိန့်ပခုံးနုနုလေးကို သူက ဒေါသနှင့် ခပ်ဖိဖိဆုပ်ကိုင်လှုပ်ခါ၍ မေးနေသဖြင့် မိန် တအံ့တသြ မျက်ရည်တွေ ရစ်ဝိုင်းလာသည်။

သူတစ်ခါမှ မိန့်ကို ခုလိုကြမ်းကြမ်းတမ်းတမ်း ပြောဆိုဆက်ဆံဖူးတာမဟုတ်၍ အံ့အားသင့်ကာ ဝမ်းနည်းနည်းမိသည်။

သူမှာ မိန့်ကို ဒ်လိုချုပ်ချယ်ကန့်သတ်ဖို့ ပါဝါတွေ ဘယ်လိုကြောင့် ရှိသွားတာလဲ။

ဒီအခွင့်အရေးတွေ ဒက်ဒီက ပေးလိုက်တာလား။

မိန်သည် ဘယ်သူ့ကို နာကြည်းရမလဲမသိဘဲ ရင်ထဲမှာ နာကြည်းခပြင်းနေမိ၏။

မိန့်ဘာသာ မိန် ရည်းစားထားရင်ရော သူ့အပူလားလို့။

ငိုရှိုက်၍ ရုန်းထွက်ပြေးဝင်လာလျှင် ဂုဏ်လူကလည်း သူမနောက်က ထပ်ကြပ်မကွာ ပါလာခဲ့သည်။

ခြံထဲသို့ ဝရုန်းသုန်းကား ဝင်လာကြသော သူတို့နှစ်ယောက်ကို ကြီးမေက အံ့အားတသင့် ရင်ဘတ်ဖိကာ ကြည့်နေ၏။ အိမ်မှာ ဒက်ဒီကမရှိ။

မိန်ဖူးသည် ပေါက်ပေါက်ကွဲကွဲနှင့် ဂုဏ်လူကို မကျေ







www.burmeseclassic.com

www.burmeseclassic.com

မနပ် ထုရိုက်ကုတ်ဖဲ့ပစ်တာမို့ ကြီးမေက တအံ့တသြ။

"ဟဲ့…ဟဲ့ မိန်လေး မလုပ်နဲ့လေ"ဟု တားမြစ်ဖြန့်ဖြေသည်။

ဂုဏ်လူလည်း သူမလက်ကလေးတွေကို ကာကွယ်ဖမ်းချုပ်ရင်းက မျက်နှာတစ်ခုလုံး နီရဲနေသည်။

"မင်းကွာ…တော်တော့"

"မတော်ဘူး၊ ရှင်ဘာလို့ ကျွန်မကိစ္စဝင်စွက်သလဲဟင်၊ ရှင်က ဒီလိုချုပ်ချယ်ရအောင် ရှင်နဲ့ကျွန်မ ဘာပတ်သက်သလဲ၊ အခု ရှင့်ကိုပိုမုန်းတယ်၊ အရမ်းမုန်းတယ် သိရဲ့လား"

"သမီးမိန်မိန် လူကြီးကို အဲလိုမပြောရဘူးလေ၊ ဒီလက်တွေက ခုလွှတ်စမ်း"

ဂုဏ်လူ့အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲထားတဲ့ မိန်မိန်ဖူးနီလက်တွေကို ကြီးမေက ဝင်ဖြေမှ မိန်မိန် လွှတ်ကာ ခြေသံတဒုန်းဒုန်း ဆောင့်နင်းလျက် သူမအခန်းဖက် လှည့်ထွက်သွားသည်။

ဂုဏ်လူသည် သူမရဲ့ ခေါင်းမာမာ တစ္ဆတ်ထိုး ဆတ်ဆတ်ထိမခံ တုံ့ပြန်ပုံကို ပါးစပ်အဟောင်းသားကြည့်ရင်း မျက်နှာကြီးနီရဲလျက် ကျန်ရစ်ခဲ့သည်။



ထိုပြဿနာနှင့် ပတ်သက်ပြီး ဒက်ဒီပြန်ရောက်လာလျှင် ကြီးမေက ဘာတွေပြောသည်မသိ။

နောက်တစ်နေ့ မနက်ကစပြီး ဒက်ဒီနှင့် ကြီးမေက ခါတိုင်းလို သူမကို အလစ်မပေးတော့ချေ။

ကစ်နေရာရာ ရောက်နေလျှင် ဖုန်းဆက်ပြီး ချက်ခ်ကင်လုပ်တတ်သည်။

ဘယ်သွားမယ်၊ ဘယ်လာမယ်၊ ဘယ်အချိန်ပြန်ရောက်မယ်ဆိုတာတွေလည်း မိန် သေချာတင်ပြပြီးမှ အိမ်ကထွက်ခွင့်ရသည်။

ဒါတောင် သူတို့က မိန်နဲ့ကောင်းတို့အကြောင်းကို မသိသေးလို့ပါ။

ချစ်သူတွေဖြစ်လာကာစမို့ ကောင်းကလည်း သူမကို


www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို နူးနွှန်းစိုနေအောင် Lip Gloss အရည်လေး
တင်ပြီးမှ စုတ်တံနှင့် မရမ်းဖျော့လေး ထပ်တင်လိုက်၏။

မပိုမလိုနှင့် တော်ရုံလေးပြင်ထားတော့ ကိုယ့်မျက်နှာကို
ပင် ကြည့်မဝအောင် မိန်မိန် သဘောကျမိသည်။

ဒါမှ ကောင်းက ဟာခနဲ ငေးငိုက်သွားမှာ။

ချစ်သူရှိသောအခါ အလှပြင်ရခြင်းရဲ့ အဓိပ္ပာယ်က ပို
လေးနက် အဓိပ္ပာယ်ရှိသွားသည်။

ဒီအလှအပကို ချစ်သူက ချီးမွမ်းတဲ့အလှ ရင်ထဲစိမ့်ခဲ
ပီတိဖြာရတယ်လေ။

မိန်မိန် ဆံပင်တွေက ရှိုင်းဖြစ်နေပြီးသားမို့ ဒီအတိုင်းလေး
ပဲ ကပိုကရို ချထားလိုက်၏။

ဒီနေ့ဝတ်မယ့် ဂါဝန်က မော်ဒယ်ဂဲလ်တွေအပ်တဲ့ ဖက်ရှင်
ဆိုင်မှာ သေချာအပ်ပြီး ထွင်ချုပ်ထားတာ။

မရမ်းရောင်တစ်ထည်လုံးမှာ လိမ္မော်ရင့်လေးစပ်ထား
ခပ်ဆန်းဆန်းပုံစံ။ ရင်ဘတ်ကနေ ဟိုးအောက်ဖက် ဒူးဆစ်ကျော်
အထိ အတွန့်အဖတ်လေးတွေ တွဲလောင်းချထားတဲ့ပုံစံ။

ဖိနပ်ကိုတော့ ခြေကျင်းဝတ်အပေါ်ထိ ကြိုးချည်ရတဲ့





ဖိနပ်ကော်ဖီရောင်လေး ရွေးထားသည်။

အားလုံးပြင်ဆင်ပြီးလျှင် ရေမွှေးနံ့လေး တစ်ခန်းလုံး
သင်းပျံ့ ကာ မိန်မိန့်ဖူးနီက ကြော့ကြော့မော့မော့လေး ထွက်လာပါ
သည်။

အိမ်ပေါက်ကနေ မြူးမြူးလေးဆင်းလာကာ ခြံထဲက ရပ်ထား
တဲ့ကားဆီ အရောက်မှာ…

"ဟင်"

သူမနှုတ်က ယောင်ရမ်းပြီး အသံလေးပင် ထွက်သွား
သည်။ ကားမောင်းသူနေရာမှာ အသင့်ထိုင်စောင့်နေတာက ဒရိုင်ဘာ
ဦးစောမဟုတ်ဘဲ ဂုဏ်လူဖြစ်နေသည်။

မိန်မိန်က မျက်မှောင်လေးကုပ်သွားရင်း…

"ရှင်က ဒီကားပေါ်မှာ ဘာလုပ်နေတာလဲ"

ခပ်ဆတ်ဆတ်လေး ခါးထောက်မေးလိုက်သည်။

"မိန်လေးကလည်း အလန့်တကြားပါလား"

"ကျွန်မ မေးတာပဲဖြေ"

"မင်းကိုလိုက်ပို့ပေးမလို့ပါ"

"မလိုဘူး၊ ရှင်အခုပြန်ဆင်း"



www.burmeseclassic.com

www.burmeseclassic.com



''မင်းဘယ်သွားမလို့လဲ''

''ကျွန်မဘာသာ ဘယ်သွားသွားပေါ့''

သူ့ကိုမြင်တာနှင့် မိန့်မိန့်က အလိုလိုစိတ်တိုချင်သည်။ ဂုဏ်လူမှာတော့ အခုတလော အလှတွေ ပြင်တတ်ဆင်တတ်က အချောကြီးချောနေတဲ့ မိန့်မိန့်ထံက မျက်စိပင် မလွှဲနိုင်။

ပိုလှလာတော့ ပိုစိတ်ပူပန်ရသည်။

''မင်းဘယ်သွားသွား လိုက်ပို့ပေးရမယ်လို့ အန်ကယ်က မှာထားတယ်၊ ဒီနေ့တစ်နေ့လုံး ငါ့ကို မင်းရဲ့ဒရိုင်ဘာလို့ပဲ သဘော ထားပေါ့ကွာ''

သူက ဒက်ဒီနှင့် ကိုင်ပေါက်လိုက်တော့ မိန့်မိန့်ဘယ်လို ပြန်ပြောရမလဲမသိတော့။

''အဲဒါတွေလာမပြောနဲ့၊ မသိဘူး''

''ကဲပါ မင်းကားပေါ်အရင်တက်စမ်းပါ''

''ရှင်လိုက်ပို့ရင် မသွားဘူး''

''ဒါကတော့ မင်းသဘောပဲ''

တကယ်တမ်း မိန့်မိန့် အိမ်ဖက်ပြန်မလှည့်နိုင်။ ကောင်း ချိန်းထားပြီးသားဖြစ်နေပြီမဟုတ်လား။





ရုတ်တရက် ဆုံးဖြတ်ရခက်သွားသည်။

သူကတော့ ဒက်ဒီ့ခွင့်ပြုချက်ရထားသူမို့ မဖြစ်မနေ လိုက်ပို့ မည်း တကောက်ကောက်လိုက်ကာ စောင့်ကြည့်အကဲခတ်မည့်ရုပ်မျိုး ဖြစ်နေသည်။

နိုင်ကွက်ရထားတဲ့သူလို မိန့်မိန့်ထံ ပြုံးမိန့်မိန့်ကြီး စိုက် ကြည့်နေ၏။

မုန်းစရာကောင်းလိုက်တာနော်။ ဘယ်လိုလုပ်ရပါ့မလဲ။

မျက်ခုံးလေးရှုံ့လျက် မိန့်ဖူးက တစ်ခဏ စဉ်းစားသည်။ ပြီးမှ ခေါင်းလေးတဆတ်ဆတ်ပြုရင်း....

''ကောင်းပြီလေ ဒါဆိုလည်း အသစ်ခန့်လိုက်တဲ့ ဒရိုင်ဘာ လို့ပဲ သဘောထားပေးရမှာပေါ့၊ ကျွန်မသွားတဲ့နေရာ လိုက်ပို့ပေး၊ ပြီးရင် ကားထဲမှာပဲ စိတ်ရှည်ရှည်ထိုင်စောင့်ပါ၊ ဟုတ်ပြီလား''

သူမက ဆရာမကြီးလေသံနှင့်ပြောကာ ကားနောက်ခန်း ထဲ ကျော့ကျော့လေး ဝင်ထိုင်လိုက်သည်။

ဂုဏ်လူ့ရင်မှာ သူမဟန်ပန်စတိုင်လ်ကြောင့် နည်းနည်း တော့ အောင့်သွားရသည်။ သို့သော် သူအပြုံးမပျက်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတစ်ယောက်ကတော့ ကားမောင်းရင်း မြူးပျံ့နှ
မောင်းတတ်ပြီး ဟိုကျော်ဒီကျော်၊ တောက်တခေါက်နှင့်ဖို့ သူ
တကယ်ကားမောင်းပြီဆို ရင်တမမနှင့် မျက်လုံးပြူးမျက်ဆန်ပြူးဖြ
ရတာ။

ဂုဏ်လူက လုံးဝအလောတကြီးမရှိ။

စီးရတဲ့သူ ငြိမ့်ညောင်းကာ စိတ်ချမ်းသာရသည်။ အိပ်ငိုက်
တတ်တဲ့သူဆိုရင် ကားပေါ်မှာ အိပ်ပျော်သွားနိုင်သည်။

ဒီလိုနှင့် တိတ်တိတ်ဆိတ်ဆိတ်ပဲ ဒဂုံစင်တာရှေ့ရောက်
လာသည်။ ပိတ်ရက်မို့ ဒဂုံစင်တာမှာ လူတွေစည်ကားရှုပ်ထွေး
ပြီး ကားလည်းများကာ ကျပ်နေတာမို့ မိန်မိန် သဘောကျသွာ
မိ၏။

ဂုဏ်လူက ကားကို ဝင်ပေါက်ပေါ်တီကိုအောက်
မောင်းလာသည်။ နောက်မှာလည်း ကားတွေ တန်းစီပါလာ
အတွက် သူချပေးရုံချကာ ရှေ့ဆက်မောင်းသွားပြီး ကားစတန်း
နေရာရှာ ရပ်ထားရုံပင်။

"အေးအေးဆေးဆေးဝယ်နော် မိန်လေး၊ ကားပေါ်က
စောင့်နေမယ်၊ စိတ်ချ၊ မင်းကို ကိုယ်ဘာမှမနှောင့်ယှက်ပါဘူး"





"အဲဒါဆိုရင်တော့ သင့်ခ်ယူပဲ ဦးဂုဏ်လူ"

မိန့်တကယ် ကျေးဇူးတင်ရကာ ဝမ်းပန်းတသာနှင့် ကားထဲ
က မြန်မြန်ဆင်းလိုက်၏။

သူ့ကိုတောင် ပြန်မကြည့်ဘဲ ပခုံးလွယ်အိတ်ကလေး
ဟန်ပါပါလွယ်လျက် လှေကားဘစ်အတိုင်း ပြေးတက်သွားသည်။

စင်တာထဲအဝင်မှာ ဂိတ်၌ လုံခြုံရေးစစ်ဆေးခံရာ၌ လူတွေ
များနေ၍ ခဏစောင့်ရသေးသည်။ ပြီးလျှင် လွယ်လာသောအိတ်ကို
ဖွင့်စစ်ဆေးခံနေရတာနှင့် စိတ်တွေက ခပ်လောလောဖြစ်နေပြီ။

ဒါက အယောင်ပြရုံလေး ဝင်တာ။ နောက်ဖက်လည်း
အသာပြန်လှည့်ကြည့်ရသေး၏။

ပြီးတော့ ဆက်လျှောက်ကာ ပရိမိုးရှင်းပြုလုပ်ခင်းကျင်း
ထားရာနေရာက တစ်ပြန်ပတ်ထွက်ခဲ့သည်။

မိန်မိန့်ဖူးနီ မျက်ဝန်းလေးက ဟိုဖက်ဒီဖက် ကျီးကန်း
တောင်မှောက် ဝေ့ဝဲကြည့်လိုက်ပါသေးသည်။

ပြီးလျှင် လှစ်ခနဲ ပြန်ထွက်ကာ ပြေးဆင်းလာ၏။

ဂမုန်းပွင့်ဖက် မြန်မြန်လျှောက်၍ ဖလက်ဖောင်းပေါ် အသင့်
ရှိနေသည့် တက္ကစီကိုငှားသည်။



www.burmeseclassic.com

www.burmeseclassic.com


လေးနှင့် မြည်သံထွက်ပေါ်လာသည်။

မိန်မိန်က တစ်ချက်ကြည့်ပြီးနောက် ခပ်လှမ်းလှမ်းသို့ သွားပြောသည်။

ဂုဏ်လှလည်း ရှိင်းတယ်ထင်ကာမှ ထင်ရာ တမင်တကာပင် ဂုရုစိုက်နားစွင့်ထားမိသည်။

မိန်မိန်ဖူးနိုက ဖုန်းကို လက်ကလေးကွယ်ရင်း တိုးတိုးတိတ်တိတ်ပြောနေသဖြင့် သေချာကြီးကြားရတာတော့မဟုတ်ပေ။

"မိန်လေး ထွက်လာပြီလား၊ ကောင်း ဒီမှာရောက်နေတာကြာပြီ"

"ဟင့်အင်း...မထွက်လာသေးဘူး"

"ဘာဖြစ်လို့လဲ"

"ထွက်လာဖို့ အဆင်မပြေလို့ကောင်းရဲ့၊ ဆောရီးနော်"

"ဘာအဆင်မပြေတာလဲ"

"ကောင်းမသိဘူး"

"အခုဘယ်မှာလဲ၊ အိမ်မှာလား"

"မဟုတ်ဘူး၊ အပြင်မှာ"

"ဘယ်အပြင်မှာလဲ၊ ကောင်းလာခေါ်မယ်"






"အိမ်ကကားနဲ့ လာတာ"

"ဦးစောလား...ပြန်လွှတ်လိုက်လေ"

"အို...မဟုတ်ဘူး၊ တခြားတစ်ယောက်"

"ဘာ...ဘယ်ကတခြားတစ်ယောက်လဲ"

"ဒက်ဒီ့ပန်နေဂျာ"

"ဟာ...ဘာလို့ ဒီလူကြီးနဲ့ အပြင်သွားတာလဲ၊ ကောင်း မကြိုက်ဘူး၊ ပြဿနာပဲ၊ ဘယ်နေရာမှာလဲပြော၊ ခုချက်ချင်းလိုက်လာမယ်"

အရေးထဲ ကောင်းက အပြုံးအကျယ် သဝန်တိုနေသဖြင့် မိန်မိန် စိတ်ရှုပ်ကာ မျက်ခုံးလေးပင် တွန့်ရှုံ့နေရ၏။

"မလာနဲ့၊ အိမ်ပြန်နေပြီ"

"မယုံဘူး၊ မှင်းမညာနဲ့၊ ဘေးမှာ အဲဒီလူကြီးရှိလား"

"မရှိပါဘူး"

"ရှိမှာပါ၊ ဒါကြောင့် မင်းအသံအရမ်းတိုးနေတာ"

"မဟုတ်ပါဘူးဆိုမှ"

"ဒီမှာ ကိုယ်ဘယ်အချိန်အထိ စောင့်ရမှာလဲ"

"မစောင့်နဲ့တော့လေ"


www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ မိန်လေးနဲ့ မတွေ့ရဘဲ ကိုယ်မပြန်နိုင်ဘူး"

"ကျွတ်…ကောင်းကလည်း တစ်မျိုးကွာ၊ စိတ်ညစ်လာပြီ"

"မင်း ဘာကြောင့် သူ့ကို ဒီလောက်ကြောက်နေတာလဲ မိန်မိန်၊ ကိုယ်လာခဲ့မယ်၊ ကိုယ်ဖြေရှင်းမယ်"

"ဟင့်အင်း…မဖြစ်ဘူး"

"ပွင့်ပွင့်လင်းလင်းပြောလေ"

"နောက်မှပဲပြောပြမယ်"

"ဒါဆို အခုကိုယ်က တပ်ခေါက်ပြန်ရမှာလား"

"စိတ်မဆိုးပါနဲ့ ကောင်းရယ်၊ မိန်လည်း တွေ့ချင်တာပဲ"

"မိန်လေးအိမ်က အစက ဒီလောက်မချုပ်ချယ်ပါဘူး"

"အခုအခြေအနေ မတူတော့ဘူး"

"ကောင်းတို့အကြောင်းကို သိသွားလို့လား"

"ရိပ်မိတယ်ထင်တာပဲ"

"ကိုယ်စိတ်ပူလာပြီကွာ၊ အခုပဲတွေ့ချင်လာပြီ"

"မဖြစ်ပါဘူးဆိုမှ"

"ကိုယ်က လွယ်လွယ်လက်မလျှော့တတ်ဘူးနော်၊





တားမြစ်ရင် ပိုတောင်ဖြစ်အောင်လုပ်ချင်တယ်"

မတွေ့ရတော့ဘူးဆိုသဖြင့် ကောင်းတစ်ယောက် ရှုံးရှုံးရှားရှားဖြစ်ကာ ဒေါပွနေပုံပေါ်သည်။ မိန်လည်း ချစ်သူကို ဖျောင်းဖျမှားချပြီး မနည်းချော့မော့နေရသည်။

မိန်မိန့်ဖုန်းခိုရဲ့ တိုးလျှိုးတောင်းပန်ချော့မော့ဟန် ပါသောလေသံတိုးတိုးကို နားထောင်ပြီး ဂုဏ်လူ အတော်အံ့သြနေမိသည်။

ဒီပုံစံဟာ ရည်းစားကို အောက်ကျို့နေတဲ့ပုံစံပဲဖြစ်သည်။

သူမအပေါ် စိုးမိုးချုယ်လှယ်နိုင်တဲ့ ချစ်သူရှိနေပြီဆိုတာ ယုံမှားစရာမလိုတော့ပါ။

ဟိုတစ်ရက်က စူပါဆလွန်းနှင့် ခေါ်သွားသော ကောင်လေးပဲဖြစ်မည်ဟု ဂုဏ်လူတွက်နေသည်။ ထိုကောင်လေးနှင့် တွေ့ဖို့ အသည်းအသန်ကြိုးစားနေလား။

ကြီးမေ စိတ်မချဖြစ်နေတာ မှန်နေပြီပေါ့။

ရှေ့လျှောက် သူမကို ဒီတိုင်းလွှတ်ထားလို့မဖြစ်တော့။

သူ နီးနီးကပ်ကပ် စောင့်ရှောက်မှဖြစ်တော့မည်။

မိန်မိန်ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ သူကတော့ မိန်လေးအနားက ခွာလို့မဖြစ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသူလက်ထဲပါသွားမှာ စိုးရိမ်ကြောင့်ကြစိတ်နှင့် သူ့နှလုံးသားတွေ ပူလောင်ပျာယာခတ်လာမိသည်။

အန်ကယ်ကတော့ မိန်မိန်နှင့် လက်မထပ်မချင်း ကုမ္ပဏီအလုပ်တွေကို ဒုမန်နေဂျာနေလင်းကိုနှင့် လွှဲထားမည်ဟုဆိုသည်။

အခုလိုမျိုး မိန်လေးက နိုးကြောင်နိုးဝှက် ချစ်သူနှင့်ချိန်းတွေ့ဖို့ ကြိုးစားနေသည်ဆိုတော့ သူတို့ရှေ့ရေးကို ရင်လေးသွားမိသည်က အမှန်ပဲဖြစ်သည်။

အန်ကယ့်စကားတစ်ခုတည်းကြောင့်လည်း မဟုတ်။ သူကိုယ်တိုင်က မိန်မိန့်ကို မစွန့်လွှတ်နိုင်တာဖြစ်သည်။

ဒါတွေကို သူကလေးသိအောင် ဘယ်လိုပြောရမလဲ။

မင်းကို သူများဦးသွားမှာလည်း ကိုယ်ကြောက်နေပြီ။

လူကြီးမိဘ ကြည်ဖြူသဘောတူပါလျက် သူကျွန်ရစ်ဖြစ်မည်ဆိုလျှင် သူညံ့ဖျင်းတာကလွဲ၍ ဘာမှမဖြစ်နိုင်။

သူလူညံ့မဖြစ်ချင်။

မိန်မိန်ဖူးနီကို ပိုင်ဆိုင်ခွင့်ရသူပဲ ဖြစ်ချင်ပါသည်။

ဖူးစာရေးနတ်မင်းဟာ သူ့ကို ကူညီစောင့်ရှောက်မှုပဲဖြစ်မည်ထင်ပါသည်။



မိန်မိန်ဖူးနီက မနက်ခင်းစာ ဘာရိတ်ဖတ်စ်စား၊ ကော်ဖီသောက်ပြီးလျှင် ဝရန်တာထွက်ကာ မနက်ခင်းရဲ့ ဆောင်းနေခြည်နွေးနွေး နေပူဆာလှုံရင်း သူမရဲ့လက်ကလေးတွေ မခြောက်သွေ့အောင် လိုးရှင်းလိမ်းနေမိသည်။

ခုတလော သူမနှင့်ကောင်းတို့ စကားပြော အဆင်မပြေဖြစ်ကာ မိန်က စိတ်ကောက်နေမိသည်။

အလကား မိန့်ကို ပြဿနာလိုက်ရှာနေတာ။

ဒက်ဒီတို့သဘောတူစီစဉ်ထားတဲ့ကိစ္စ အခုမှသိရလို့တဲ့။

ဒါကိုလည်း သူစိတ်ပူအောင် မမျိုးပြောလိုက်တာလေ။

မိန် တားနေတဲ့ကြားက မမျိုးက ရအောင်အသိပေးလိုက်တာ။

ဒီတော့ ကောင်းက ပေါက်ကွဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com

မိန် စိတ်မဝင်စားပါဘူး။ ငြင်းပါတယ်ပြောတာလည်း သူမယုံ။

ဒီကိစ္စ ကောင်းသိရင် ဖြေရှင်းရခက်မယ်ဆိုတာ တွေးမိလို့ ကြိုတင်ပြင်ဆင်ထားပေမဲ့ တကယ်တမ်း တစ်ယောက်တစ်ခွန်း စကားများပြီး အခြေအတင်ဖြစ်ရတော့လည်း မိန့်က အလျှော့မပေးချင်။

''ဒီလူက မင်းအိမ်မှာချည်းပဲ၊ မင်းနဲ့ငြိနေပြီလား'' ဘာညာနှင့် ပစ်စလက်ခတ်စွပ်စွဲသော မေးခွန်းတွေအတွက် မိန့်ကလည်း မကျေမနပ် ခံပက်ခဲ့မိသည်။

မိန့်သိက္ခာကို စော်ကားတာကိုတော့ သည်းမခံနိုင်။

သူ့ကိုချစ်တာက ချစ်တာပဲလေ။

မိန် သူ့ကိုယုံကြည်ထားသလို မိန့်အပေါ်လည်း သူယုံကြည်မှ ဖြစ်မှာပေါ့။

တစ်ဖက်သတ်ထင်ကြေးနှင့် လျှောက်စွပ်စွဲနေတာ မိ ခေါင်းငုံ့မခံနိုင်။

သူ့ကိုရှင်းပြဖို့ ကြိုးစားရတာလည်း မောနေသည်။

ဦးလှဂုဏ် မိန့်တို့အိမ်ကို အဝင်အထွက်ရှိတာ မိသားစုလို





င်းနှီးခင်မင်နေတာ အခုမှမဟုတ်။ မိန် ချာတိတ်ဘဝ ခပ်ငယ်ငယ် တည်းက မဟုတ်လား။

ဒက်ဒီ့သဘောထားကို သိပြီးနောက်ပိုင်းမှာ ဦးဂုဏ်လှက န့်အနား ပိုအနီးကပ်စောင့်ရှောက်ခဲ့တာတော့ ရှိသည်။

ဖြေရှင်းရခက်ကာ တယူသန်တဖွတ်ထိုးနိုင်လှသော ောင်းကို မိန် တစ်ခါတစ်ခါလည်း သိပ်စိတ်ပျက်မိသည်။

မိဘသဘောတူတဲ့သူက အားသာသွားမှာ သူမလိုချင်ဘူး ။

မိန့်က သူ့ဘက်ပါရမယ်တဲ့။

သူပြောသလိုဆို မိန့်က ခိုးရာလိုက်ရမှာလား။

ဒီလိုတော့လည်း ကိုယ့်ဘဝ ကိုယ့်ရှေ့ရေးကို မိန် ပစ်စ က်ခတ် မဆုံးဖြတ်နိုင်။

ဒက်ဒီထံ အကျိုးအကြောင်း ပြောပြပူဆာတောင်းဆိုရဦး ပေါ့။

လွယ်လွယ်နဲ့တော့ရမလား။

ကောင်းနဲ့စိတ်ကောက်တုန်းက ကောက်ပေမဲ့ နှစ်ရက်သုံး ကြာတော့ မိန့်မိန့် တင်းမထားနိုင်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေက ပြေလျော့ကာ သူနှင့်ပြန်ခေါ်ချင်လာမိသည်။

သို့သော် မိန့်ဖက်ကလည်း စပြီးမခေါ်ချင်။ စပြီးမဆက်သွယ်ချင်။

နေနိုင်သလောက် နေကြည့်ချင်သေးသည်။

အိမ်ကို နေ့စဉ်ရောက်လာတတ်သော ဂုဏ်လူက မိန့်မိန့်ကို အကဲခတ်ကာ နွေးထွေးသော အကြည့်ငေးလေးတစ်မျိုးဖြင့် ကြည့်နေတတ်သည်။

နက်ရှိုင်းသော သူ့အကြည့်ငေးမှာ လွှမ်းဆွတ်နေမိသော မိန့်မိန့်အာရုံတွေပင် ပြောင်းသွားမတတ် သူက ညို့ရီရီကြည့်တတ်တာ။

ဂုဏ်လူကြည့်နေလျှင် မိန့်မိန့်က ဂရုမစိုက်သလို လှည့်ထွက်လာမိစမြဲပါ။

အဲလို မိန့် လှည့်ထွက်သွားလျှင် သူက သက်ပြင်းတချနှင့် ထိခိုက်ခံစားရပုံပေါ်သည်။

မိန့်နှင့်ကောင်းတို့ အဆင်မပြေ ပဋိပက္ခဖြစ်နေကြတာကို သူရိပ်မိပုံရသည်။

သူ့ကြောင့်ဆိုတာရော သူသိမလား။





သိမှာပါ။ သိသော်လည်း သူက နောက်မဆုတ်ဘဲ ငိုတောင်နီးကပ်အောင် ကြိုးစားနေသေးတာ။

မိန့်မိန့်ရှင်ထဲလည်း ဘာတွေဖြစ်နေသလဲမသိပါ။

ဝရန်တာလက်ရန်းလေးကိုမှီကာ နေရောင်မှာ လိုးရှင်းသိမ်းနေတုန်း အောက်ဖက်ပေါ်တီကို ဘယ်ဖက်ကနေ သီချင်းသံထွက်ပေါ်လာသည်။ ဂုဏ်လူက ကားတံခါးလေးချပ်စလုံး ဖွင့်ကာ ကားအတွင်းပိုင်း သန့်ရှင်းရေးလုပ်နေ၏။ သူကားရေဆေး သန့်ရှင်းရေးလုပ်နေတာကို မိန့်မိန့် အခုမှပဲကြည့်မိ၏။

ဦးစောအလုပ်တွေလည်း သူပဲ စိတ်ပါလက်ပါ လိုက်လုပ်နေတာ။

စွပ်ကျယ်ကာကီရောင်နှင့် သရီးကွာတား ဘောင်းဘီအလှကာကီရောင်နှင့်မို့ သူ့ပုံစံက ပုဆိုးဝတ်ထားတာနှင့်မတူဘဲ လူငယ်ဆိုင်လ် ဖျတ်လတ်သွက်လက်နေသည်။

သူ့အိမ်သူ့ရာလို သဘောထားပြီး မနက်ဆိုရင် ပန်းပင်ရေလောင်း၊ ကားတွေရေဆေး လုပ်နေတတ်တာ။

အဲလိုတွေ့ရာမြင်ရာအလုပ်တွေ မနားတမ်းလုပ်နေတတ်တဲ့လည်း ဒက်ဒီက သူ့ကိုသဘောကျတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိန်မိန်က အပေါ်ထပ်ဝရန်တာကနေ မသိမသာ မျက်စောင်းလှမ်းရှယ်ပေမဲ့ သူဖွင့်ထားသော R ဓာနည်ရဲ့ သီချင်းသံက ကားထဲကနေ သာသာလွင်လွင် ပျံ့လွင့်လာသည်။

ရောက်လာချိန်မှာတော့×××အဆင်သင့်ဖြစ်အောင်×××
အမြဲတမ်းပဲ ရှင်းလင်းထားပါတယ်×××
ဝေးနေပါသော်လည်း မျှော်လင့်ဆဲပါ ×××
ပြက္ခဒိန်စာရွက်များ××××တစ်ရွက်စီလှန်ပေမဲ့×××
မင်းအတွက်ရင်မှာ×××
တစ်နေရာစာ ကိုယ်ဦးထားတယ်××× အိုး×××အချစ်ရေ
အလွမ်းတွေဖြူနေတဲ့စိတ်ကူးများ ××××
ညညကျ အိပ်မက်ဖြစ်လာတော့×××
လှိုက်ဖိုရင်တုန်ခြင်း မနက်ခင်းတိုင်း××××
အနမ်းတွေဝေဆာတဲ့ အတိတ်မှာနေထိုင်ရင်း ××××
မင်းအတွက်ရင်မှာ××××
တစ်နေရာစာကိုယ်သိမ်းထားတယ်××××အို အချစ်ရေ×××
နေမယ် မနေဘူးကတော့ မင်းရဲ့သဘောပါ ××××
သေချာတဲ့နေရာကရှိခဲ့ပြီ ××××





မရေရာတဲ့အကြောင်းတရားတို့ ဖိစီးသည့်တိုင်××××
သေချာတဲ့ ဒီနေ့ထိထက်တိုင် ××××
ဖန်တီးလို့မရတဲ့နေရာကို ××× ဖျက်စီးလို့မရတဲ့နေရာကို
ငါသိမ်းထားခဲ့တာကြာပါပြီ××× ဦးထားခဲ့တာကြာပါပြီ
စောင့်စားခဲ့တဲ့အချိန်တွေဟာလည်း သိပ်ကြာပြီ××××

ဂုဏ်ယူသည့် ဝရံတာက ပန်းနုရောင် အရိပ်ကလေးကို မသိမသာ လှမ်းမော့ကြည့်မိသည်။

အိပ်ရာနိုးပြီးကာစ လန်းဆန်းနုဖတ်နေသော သဏ္ဌာန်ကလေးက သူ့ရင်တွေကို ကြည်နူးလှိုင်းထန်အောင် ပြုစားနေသည်။

ကော်လံပါသော ပန်းနုရောင်အင်္ကျီနှင့် ဘောင်ဘီရှည်အရောင်တူလေး။ သူမဟာ ဘာလေးပဲဝတ်ထားထား ထူးခြားစွာ ကြည့်ကောင်းတင့်တယ်သူလေးပါ။

ကောင်မလေးက သူ့ကိုမမြင်ယောင်ဆောင်၍ ဟိုအဝေးကြီးကိုသာလှမ်းကြည့်နေသည်။

အပေါ်နှင့်အောက် မလှမ်းမကမ်းလေးမှာရှိနေကြပေမဲ့ သူနှင့် မိန်မိန်ဟာ မိုင်ပေါင်းများစွာ ဝေးကွာနေသလိုပဲ ရှိသေးသည်။

နှလုံးသားချင်း နွေးထွေးနီးကပ်ဖို့ သူဘယ်လောက် အချိန်



www.burmeseclassic.com

www.burmeseclassic.com

စောင့်ရဦးမလဲ။ တကယ်ရော သူနှင့်မိန်မိန်တို့ ဖူးစာပါပါ့မလား။

ဒါကို ဂုဏ်လူ သိချင်စိတ်ပြင်းပြနေမိသည်။

မိန်မိန်ကတော့ အတွေးထဲမှာ ကောင်းကိုလွမ်းဆွတ်သွားမိပါသည်။ ကောင်းရဲ့ကားထဲမှာ ဖွင့်ထားတတ်တဲ့ လုယက်ခုန်ပေါက်စွာ ဟစ်ကြွေးနေကြတဲ့ ဟစ်ဟော့သီချင်းသံလေးကိုလည်း သတိရမိသည်။

သူနှုတ်ကလည်း ရဲလေးသီချင်းတို့။ ဈေးမိသီချင်းတို့ အမြဲဆိုညည်းနေတတ်တာ။

မိန်နဲ့ကောင်းနဲ့သာ အရွယ်တူ။ ခံစားချက်တူ။ ဝါသနာတူတွေပါ။

ကောင်းရဲ့ အယုအယလေးတွေကို ပြန်သတိရတော့ ရင်ထဲမှာ စိတ်ကောက်နေတာတွေမေ့ပြီး ပူနွေးလှုပ်ရှားလာသည်။

မိန်မိန်သည် ကောင်းထံ အပြေးလေးသွားလိုက်ချင်မိလေသည်။

သူမရဲ့နှလုံးသားဟာ ကောင်းမင်းသုန်နှင့်ပတ်သက်လျှင် စိတ်လည်းကြာကြာမနာနိုင်ဘဲ ခံနိုင်ရည်အားပျော့ကာ အလွယ်တကူ ယိုင်နဲ့လာတတ်တာ ဆန်းကြယ်သည်။





ဘာတွေပဲဖြစ်နေနေ မိန်တို့မခွဲဘူးနော် ကောင်း။

တစ်ယောက်ကိုတစ်ယောက် သံသယမဝင်ဘဲ အဆုံးစွန်ထိ နားလည်ပေးကြရအောင်နော်။

အခုနေ ကောင်းရဲ့ရင်ခွင်ထဲတိုးဝင်ပြီး မျက်လုံးလေးမှိတ်ငြိမ်သက်နေလိုက်ရလျှင် ရင်ထဲတင်းကြပ်နေသမျှ ပြေပျောက်ကာ အလွမ်းပြေသွားလိမ့်မည်။

ကောင်းရေ. မိန်တို့တွေ့ကြရအောင်။

ဦးလူဂုဏ်ကို မိန်မကြိုက်ပါဘူးကောင်းရယ်။ နှစ်တွေ အကြာကြီး နေတိုင်းမြင်တွေ့နေရလည်း သံယောဇဉ်ပိုတယ်ဆိုတာ မဟုတ်ပါဘူး။

ကောင်း အထင်မှားနေတာပါ။

ကောင်း အစိုးရိပ်လွန်နေတာပါ။

တစ်နေ့နေ့ မိန်က သူ့ကိုပဲ ခေါင်းညိတ်လက်ခံမယ်လို့ ကောင်းထင်တာလည်း မဖြစ်နိုင်ပါဘူး။

မိန်မိန်ဖူးနိုက အချစ်အတွက် လိုအပ်လာရင် ဘာမဆို ငြင်းလွှတ်စွန့်စားမှာပါ။

အခုတော့ ဒက်ဒီကလည်း အတင်းအကြပ် စီစဉ်သေးတာ



www.burmeseclassic.com

www.burmeseclassic.com



မှမဟုတ်တာ။

ဂုဏ်လူနှင့် သူမကြား လူငယ်ချင်း နားလည်ရင်းနှီးမှုရှိလာအောင် အချိန်ပေးပြီး စိတ်ရှည်ရှည်စောင့်ဆိုင်းနေတာပဲ မဟုတ်လား။

ဒီလိုအချိန်မှာ မိန့်ပြတ်သားဖို့ ဖိအားမပေးပါနဲ့ ဦးကောင်းရယ်။

ဘာလုပ်ရမလဲဆိုတာ စဉ်းစားပါရစေဦး။

အခြေအနေကို ကောင်းနားလည်အောင် အေးအေးဆေးဆေး စိတ်မတိုစိတ်မကောက်ဘဲ ရှင်းပြရမည်ဟု မိန် တွေးမိ၏။

မိန့်မိန့်အနေနှင့်ကတော့ ချက်ချင်းကြီးလည်း ဒီဖက်ကို ဘက်ကန်ပြီး မိုက်မိုက်မဲမဲ မဆုံးဖြတ်ချင်။

ကောင်းနှင့်အဆင်မပြေ ဝေးရမှာကိုလည်းစိုးသည်။

အခုဆိုရင် သူမကို စွဲလန်းတပ်မက်မျှော်လင့်နေသော ဦးဂုဏ်လူရဲ့သဘောထားကိုလည်း အနည်းငယ် နားလည်သဘောပေါက်လာပြီမို့ အားနာမှုနှင့် ချင့်ချင့်ချိန်ချိန် စဉ်းစားနေရပါပြီ။

''ဟိတ် မိန့်မိန့်''

သူလှမ်းအော်ခေါ်မည်လို့ မထင်တာမို့ ငေးနေရာက မိန့်





ဆတ်ခနဲဖြစ်သွားရသည်။ ဂုဏ်လူက ကားပင်ရေဆေးလို့ပြီးသွားပြီ။

''ဟော့ ခင်းလာခဲ့ဦးလေး''

မိန့်မိန့်က ဝရံတာလေးမှာ ခပ်တည်တည်ဆက်ရပ်နေလိုက်မိ၏။

''မင်းဝယ်လာခဲ့တဲ့ပန်းပင်တွေလည်း အခြေအနေလာ ကြည့်ပါဦးကွ''

မိန့်မိန့်က ပန်းတွေထဲမှာ သစ်ခွ၊ နှင်းဆီနှင့် သဇင်ကိုပဲ ကြိုက်တာမို့ စိတ်လိုလက်ရရှိလျှင် ဖိုးဥယျာဉ်သွားပြီး ဝယ်လာတတ်သည်။

ဟိုတစ်ရက်က ဒင်ဒရိုဘီယံ သစ်ခွပင်လေးတွေဝယ်လာပြီး သေချာအိုးမခွဲရသေးတာ အခုမှသတိရသည်။

ဂုဏ်လူကလည်း; သူမကို ပန်းပင်အကြောင်းပြခေါ်ယူတာ။ ဒီတိုင်းဆို အနားကိုရောက်လာဖို့မှမလွယ်တာ။

ပြီးခဲ့တဲ့တစ်ခေါက် သူချိန်းထားပြီး မသွားရလို့ ပြဿနာဘက်ကတည်းက ဂုဏ်လူကို သူမက သိပ်မကြည်ဘူးလေ။

''ညနေမှကြည့်မယ်''

''အခုလာကြည့်စမ်းပါ''



www.burmeseclassic.com

www.burmeseclassic.com

အပြန်အလှန်အော်ပြောနေရတာ ရက်သလိုဖြစ်လာတာမို့ မိန်မိန်က ဖျပ်ခနဲလှည့်ဝင်လာကာ လှေကားမှအောက်သို့ ဆင်းခဲ့သည်။

ဂုဏ်လူသည် အိမ်တံခါးဝသို့ မရဲတရဲ မျှော်ကြည့်နေမိကာ တခဏကြာလျှင် မိန်မိန်က ကွင်းထိုးဖိနပ် မွေးပွရောင်လေးစီး၍ မထွက်ချင်ထွက်ချင် ထွက်လာတာကို တွေ့လိုက်တာကြောင့် ရင်ခုန်သံတွေ မြန်သွားရသည်။

နှုတ်ခမ်းလေး တင်းတင်းစေ့ထားသော်လည်း သူမဟန်ပန်မှာ ချစ်စဖွယ်ကောင်းနေသည်။

ဂုဏ်လူသည် သူကလေးကို ချစ်မြတ်နိုးစွာ သတိလက်လွတ် ငေးစိုက်ကြည့်နေမိသည်။

"မိန်မိန့်ပန်းပင်တွေ ဘာလုပ်ပစ်လိုက်ပြီလဲ"

"ဘာမှမလုပ်ပါဘူး ရှိပါတယ်"

"အိုးပေါက်စအဖြူလေးတွေဝယ်ထားတာရော တွေ့မိသေးလား၊ အဲဒီအိုးလေးတွေထဲ ပြောင်းစိုက်မှာနော်"

"ရှင်မလုပ်ရင်လည်း ဦးစောလုပ်ပေးမှာပေါ့"

မနက်ပိုင်းဆို ဦးလေးစောက လက်ဖက်ရည်ဆိုင်ထွက်ထိုင်ဘတ်တာကြောင့် ကားရေးဆေးတာပင် သူကိုယ်တိုင်ဆေးထားပြီးပြီ။

"ကိုယ်ဘာလုပ်ရမလဲ မိန်မိန်ဘေးကနေပြောပေးလေ"

သူက သူ့အနားရှိစေချင်လို့ပါ။

မိန်မိန်က ခေါင်းညိတ်ပြီး သစ်ခွရုံလေးဖက် အတူလိုက်ခဲ့၏။

ဒီနေ့ သူမရန်မစွာဘဲ နူးနူးညံ့ညံ့လေးရှိနေပုံက ဂုဏ်လူနှလုံးသားတွေကို ပျော့ပျောင်းရင်ဖိုစေသည်။

"ဒီနေ့ ဘယ်မှမသွားဘူးလား"

မေးမိပြီးမှ စကားမှားမှာကြောက်ရသေးသည်။

"မသွားပါဘူး"

"ဘာဖြစ်လို့ အိမ်ထဲအောင်းနေတာလဲ"

"စိတ်လေနေတာလေ ဟင်း ဟင်း၊ ဘဲဘဲနဲ့ အဆင်မပြေလို့ပေါ့"

မိန်မိန်က နည်းဗျူဟာပြောင်းကာ ကိုဂုဏ်ကို ပွင့်ပွင့်လင်းလင်း ပွင့်ပြောဖို့ စိတ်ကူးလိုက်သည်။

ဂုဏ်လူက သူမရဲ့စကားကြောင့် သူမမျက်နှာလေးကို







www.burmeseclassic.com

www.burmeseclassic.com



မယုံသလို စောင်းငဲ့ကြည့်လိုက်၏။

''ဘဲဘဲ ဟုတ်လား''

''အင်း ဒက်ဒီနဲ့မတိုင်ဘူး ကြီးမေကိုလည်း ပြန်မပြောဘူး လို့ ကတိပေးရင် ကိုဂုဏ်ကြီးကို မိန် အမှန်အတိုင်းပြောပြမယ်''

နေရင်းထိုင်ရင်း မိန်က ကိုယ့်လူသူဖက်သားလုပ်ဖို့ စည်းရုံး နေလေပြီ။

ဂုဏ်လူ မချိုပြုံးလေးပြုံးမိသည်။

သူမရဲ့ခံစားချက်တွေကို ဖွင့်ဟတော့မှာလား။ ကိုယ်က ဘယ်လိုသဘောထားနဲ့ နားထောင်ပေးရမလဲ။ ကိုယ့်မှာရော ခံစား တတ်တဲ့ နှလုံးသားမရှိရဘူးလား။

ကိုယ့်ဖက်ကိုတော့ မင်းက ထည့်မတွေးဘူးလား မိန်မိန် ရယ်။

ကိုယ်က မင်းရဲ့ချစ်သူအကြောင်း သွေးအေးအေးနဲ့ နားထောင်ပေးရမှာလား။

မင်းနဲ့ပတ်သက်ရင် နှမြောဝန်တိုစိတ်နဲ့ သွေးဆူလာတတ် တာ မင်းက ဆက်ပြီး မသိကျိုးကျွံပြုနေဦးမှာပေါ့လေ။

''မိန်က ဘာလေးဖြစ်ဖြစ် အစွဲအလန်းကြီးတတ်တယ်





ကိုဂုဏ်ကြီးရဲ့ သိရဲ့လား၊ အခုလည်း သူနဲ့မပြေလည်လို့ မိန် ဘာမှလုပ်မရဘူး၊ ဘာမှစိတ်မဝင်စားဘူး ဖြစ်နေတယ်၊ သူ့ဆီဖုန်းစ ဆက်ချင်လို့ အောင့်ထားရပေမဲ့ မိန် သူ့အသံပဲ ကြားနေချင်တယ်၊ သူ့မျက်နှာကိုပဲ ကြည့်နေချင်တယ်၊ အရမ်းလည်းသတိရတာပဲ''

ဂုဏ်လူဆီက ကတိစကားမကြားရသေးခင်ဘဲ သူမက စိတ်ထရှိသလို ပြောချလိုက်သည်။

တစ်ပါးသူတစ်ယောက်ကို သတိရတမ်းတနေသတဲ့လား။

မိန်လေးရယ် မပြောပါနဲ့။ ကိုယ်လည်း ကျောက်ရုပ် တစ်ရုပ် မဟုတ်ပါဘူး။ အရာရာ သည်းခံစွန့်လွှတ်နိုင်တဲ့ စွမ်းအားမျိုး ရှိသေ...ါဘူး။

မင်းနှုတ်ခမ်းလေးကနေ မင်းချစ်သူအကြောင်း မကြားရဲ ဘူး။

ကျေးဇူးပြုပြီး ကိုယ့်ကို ဝန်မခံပါနဲ့။ ဆက်မပြောပါနဲ့။

ဂုဏ်လူစိတ်ထဲက တားမြစ်နေမိသော်လည်း လူကတော့ ...နံမလှုပ် နှုတ်ဆိတ်ငြိမ်သက်နေမိ၏။

''သူဘယ်သူလဲဆိုတာ ကိုဂုဏ်ကြီးသိပါတယ်၊ ကိုဂုဏ် ကြီးထင်တဲ့သူပါပဲ၊ သူ့နာမည်က ဟောင်းမင်းသုန်တဲ့၊ အကုန်လုံးက



www.burmeseclassic.com

www.burmeseclassic.com

မိန့်မိန့်ဖူးနီကိုသာ လက်လွှတ်ဆုံးရှုံးရလျှင် သူဘယ်လောက်ထိ နာကျင်ကြေကွဲ နှမြောလွမ်းဆွတ်ရမည်ဆိုတာ မသိလို့လား။

ဒါမှမဟုတ် ကျန့်ရစ်ဖြစ်ပြီး ကြေကွဲရမှာကိုပဲ မြင်ချင်လို့လား။

အဲဒီလိုမြင်ချင်တာက ဘာအဓိပ္ပါယ်ရှိသလဲ။

ဂုဏ်လူက မျိုးပပကို စိတ်ပျက်ခါးသီးစွာ ကြည့်နေမိ၏

မျိုးပပက ဂုဏ်လူ၏အကြည့်ကို ခံစားမိပါသည်။

ဂုဏ်လူ မျိုးကို နာကြည်းသွားခဲ့ပြီ။

အရင်ကမျိုးအပေါ် နှစ်လိုမက်မောခြင်းမဟုတ်ရင်တောင် ခင်မင်နွေးထွေးသော မျက်လုံးတွေနှင့် ကြည့်တတ်သေးသည်။ အခုတော့ သူ့အကြည့် သူ့မျက်ဝန်းတွေမှာ ဥပေက္ခာနှင့် စိမ်းကား သာရှိတော့သည်။

အင်းလေး ရှိပါစေတော့။

မျိုးချစ်တဲ့သူဆီက အချစ်တွေကို မရနိုင်လျှင်တောင် အမုန်း တွေ၊ ခါးသီးမှုတွေ မကျေနပ်ခံပြင်းမှုတွေကို လက်ဆောင်အဖြစ် ယူဆောင်သွားရမည်ပေါ့။

ငှာတာ၊ အခု မိန့်မိန့်နဲ့ကြိုက်နေတာ အဲဒီချာတိတ်ပေါ့ ဟုတ်လား"

"ကောင်းက ရည်းစားမရှုပ်ပါဘူးနော်"

"နေစမ်းပါဦး မင်းက ဒီချာတိတ်နဲ့ ဘယ်မှာဘယ်လိုတွေ့ပြီး သိတာလဲ"

"မမျိုးကိုယ်တိုင် မိတ်ဆက်ပေးတာပါ"

"ဟာ"

ဂုဏ်လူ မျက်မှောင်ကုပ်နှင့် အံ့အားသင့်သွားမိ၏။

မမျိုးက။ ဟာကွာ ဒီအမျိုးသမီး။

"ဘာဖြစ်လို့လဲဟင်၊ ကောင်းကောင်းက မိန့်ကိုတွေ့ပြီး သဘောကျလို့ မမျိုးကတစ်ဆင့် မိတ်ဆက်ပေးဖို့ ပူဆာနေတာတဲ့၊ မိန့်တို့စတွေ့တော့ မမျိုးပါတယ်၊ နောက်ပိုင်းလည်း အတူသွား အတူစားရင်း ရင်းနှီးလာတာ၊ အဲဒီကမှ စိတ်ချရလို့ မိန့်ကအဖြေ ပေးလိုက်တာပါ၊ ကောင်းက အပြင်လူလည်းမဟုတ်ဘူးလေ၊ ကိုယ့် အချင်းချင်းတွေထဲကပဲဆိုတော့ မဟုတ်တာလည်း မလုပ်ရဲဘူးပေါ့၊ သူ့အကြောင်းတွေကလည်း မမျိုးအကုန်သိပြီးသား၊ အတွင်းသိ အစင်းသိထဲကမို့လို့ မိန့် ရွေးတာပါနော်၊ အပြစ်တင်ဖို့ စိတ်မကူးနဲ့ ဘွန်း"





www.burmeseclassic.com

www.burmeseclassic.com

"တော် မမျိုးကွာ၊ တော်တော်လုပ်ရက်တာပဲ၊ မင်းကို သူမြှောက်ပေးတာပေါ့ ဟုတ်လား၊ ကြီးမေက ဒါကြောင့် မင်းကို မမျိုးနဲ့ ဟိုဒီမသွားဖို့ဆူနေတာကိုး"

ဂုဏ်လူအခုမှ သဘောပေါက်သွားရသည်။

"အို ကိုဂုဏ်ကြီးကလည်း မမျိုးအပြစ်မရှိပါဘူး၊ ဒီကိစ္စက မိန်မိန်ဆုံးဖြတ်တာပါ၊ သူက မိတ်ဆက်ပေးရုံလေးပဲဥစ္စာ"

"ဘာပဲဖြစ်ဖြစ် မင်းတို့ အမျိုးတော်နေတာ၊ သူဒီလို မလုပ်သင့်ပါဘူးကွာ၊ ဘာကြောင့် မင်းကို ဒီလိုဈောက်ချရသလဲ စဉ်းစားလို့မရဘူး"

ဂုဏ်လူသည် သူ့အပေါ် ဖော်ရွေသဘောကောင်းလှသော အလိုက်သိ အောက်သက်ကျေလှသော မျိုးမမပုံစံကို ပြန်မြင်ယောင်မိရင်း နားမလည်နိုင်အောင်ဖြစ်ရသည်။

မိန်လေးအပေါ် ဒီလိုပြုမှုတဲ့ သူ့မသဘောထားကို ခံပြင်းနားလည်မိသည်။

မိန်လေးရဲ့ စိတ်ထက်ထက်သန်သန်ပြောနေပုံကိုကြည့်ပြီး အခြေအနေက မလွယ်တော့ဘူးဆိုတာ တွေးမိကာ စိတ်မကောင်းလည်းဖြစ်ရသည်။





ဒီကလေးကို ရည်းစားမြန်မြန်ထားဖြစ်အောင် ကူညီဘေး
ပေးတာကတော့ ရိုက်ချက်ပြင်းလွန်းသည်။

အန်ကယ်သာသိရင် မျိုးမမတော့ လွယ်မှာမဟုတ်တော့။ ဒီအမျိုးသမီးနှင့် သူသွားရှင်းရမည်။

ဂုဏ်လူ့ရင်ထဲမှာ ဒေါသတွေ ဆူဝေလောင်မြိုက်လာရ၏။

"ကဲပါ ဦးဂုဏ်ကြီးရဲ့၊ မမျိုးကို အထင်လွဲပြီး စိတ်ဆိုး
ပါနဲ့၊ မိန်နဲ့ကောင်းနဲ့က ဆုံဖို့ကို ကံပါလာတာပါ၊ အခုလို
က အမှန်အတိုင်းပြောပြတော့ ကိုဂုဏ်ကြီးလည်း စိတ်ရှင်းသွား
ပေါ့ မဟုတ်ဘူးလား၊ ဒက်ဒီမေးတုန်းကတော့ မိန်က ချစ်သူတွေ
တွေမရှိသေးတော့ မရှိဘူးလို့ပဲဖြေလိုက်တာ၊ အဲဒါနဲ့ အစီအစဉ်
မထင်တာတွေဖြစ်ကုန်တာ၊ အခု မိန့်မှာ ချစ်သူရှိနေပြီဆိုတော့
ဒီလည်း တစ်မျိုးပြောင်းပြီး စီစဉ်ချင်စီစဉ်မှာပေါ့၊ ကိုဂုဏ်လည်း
ဒီကို ကူပြောပေးပါ၊ မိန်တို့အဆင်ပြေအောင် ကူညီရမယ်နော်၊
ပြောရမယ်နော်၊ ဒီလိုပြောရတာ မိန်လည်း အားနာပါတယ်၊
က လူကြီးပဲဟာ သူနားလည်ပေးမှာပါလို့ ကောင်းကိုပြော
တယ်"

သူသည် မိန်မိန်ရဲ့ တောင်းဆိုလှည့်ပတ်ပြောနေပုံလေးကို



www.burmeseclassic.com

ရင်ထဲထိခိုက်နာကျင်စွာ ဆွံ့အသူတစ်ယောက်လို ဘာမှမတုန့်ပြန်ဘဲ
ငေးမောရှုံ့သာကြည့်နေမိသည်။

မိန်မိန်လေးက ကလေးဉာဏ်နှင့် အနုနည်းသုံးပြီး
လှည့်ပတ်ရှောင်ထွက်နေတာပါလား။

"ကိုဂုဏ်ကြီး မိန်ပြောတာကြားရဲ့လားဟင်"

သူ့လက်မောင်းကို ဆုပ်ကိုင်လှုပ်ခါ၍ထပ်မေးသည်။

သူ့စိတ်မသက်မသာနှင့် ခေါင်းညိတ်ပြမိရင်း

"ကောင်းပြီလေ၊ မိန်မပြောရဲဘူးဆိုရင် မိန်မှာ ချစ်သူရှိ
ပြီလို့ ကိုယ်ပြောပေးရမှာပေါ့၊ ဒါပဲမဟုတ်လား"

ဂုဏ်လှုမျက်နှာ ခပ်ပျက်ပျက်မှာ မှိုင်းညို့သုန်မှုန်သွားတာ
မြင်သဖြင့် မိန်မိန် နည်းနည်းတော့ အားနာပါးနာ အနေခက်ရ

သူက ဒက်ဒီဆန္ဒအတိုင်း လိုက်လျောပြီး မိန်ရ
လက်ထပ်ပါရစေ တောင်းဆိုထားတာ။ မိန်ဘယ်လောက်ပဲဆိုးဆိုး
သည်းခံခွင့်လွှတ် အနစ်နာခံမည့်ပုံလည်းရပါသည်။ သူဒီလို အ
အတာခံတတ်မှန်းသိလို့လည်း မိန်မိန်ရောင့်တက်ပြီး ရည်းစား
တာကြေညာရဲလား။

သူကတစ်ဆင့် ဒက်ဒီသိတာဟာ မိန်ကိုယ်တိုင်ပြောရတာ





ထက် မျက်နှာပူသက်သာတာပေါ့။ မဟုတ်ဘူးလား။

ဆူပူအော်ငေါက်စရာရှိလျှင်တော့ မျက်နှာချင်းဆိုင်ရှိနေတဲ့
သူ့ကို အရင်ကြိမ်းမောင်းမှာ။

"ပြောပေးတဲ့နေရာမှာလည်း မိန့်ကို ဒက်ဒီ စိတ်မဆိုး
အောင် မဆူအောင်လို့ သေချာပြောပေးနော်"

ဂုဏ်လှက သက်ပြင်းသာရှိုက်၏။

ချစ်သူလေးက ဒီလိုတောင်းဆိုတော့လည်း ရင်နာတာကို
ဖာသလို ကြိတ်မှိတ်ခံရုံမှတစ်ပါး သူဘာတတ်နိုင်မှာလဲ။

"အဲဒီကောင်လေးကို မင်း အပျော်တွဲတာမဟုတ်ဘူးနော်၊
တကယ်လက်ထပ်ချင်တာလား"

သေချာအောင် သူထပ်မေးမိသည်။

မိန်မိန်က တစ်ချက်တော့တွေဝေသွား၏။

ကောင်းက သူ့နောက်လိုက်ရဲသလားဟုသာ သွေးတိုးစမ်း
မေးနေတာ။ လူကြီးတွေသဘောကျနေထိုင်ပြီး တောင်းရမ်း
ထက်ထပ်ယူဖို့တော့ သေချာမဆွေးနွေးကြည့်ဖူးသေးပါ။

"ကောင်းကို ဒက်ဒီနဲ့လာတွေ့ဖို့ ပြောရမလားဟင်"

မိန်မိန်က သူ့ဆီကပင် အကြံတောင်းသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးမှန်းကိုမသိပါ။

"ကိုဂုဏ်လူ ရှင့်အသည်းကို ကျွန်မ အစိမ်းလိုက်ခွဲမယ်

ရှင်နာမလား၊ မနာဘူးလားပြော"ဆိုတာမျိုးအထိ မိန်မိန်က မေးမြ

ပြီးမှ ရက်စက်မည့်ပုံပေါက်နေသည်။

ဘာပဲဖြစ်ဖြစ် ချစ်ရသူလေးမို့ အပြစ်မတင်ရက်ပါဘူးလေ

သူ့ကို သိပ်ခါးသီးနေတယ်ဆိုရင်လည်း လက်ထပ်ရယူ

ဆိုင်နိုင်ဖို့ထက် သူမအလိုကျ စွန့်လွှတ်ပေးဖို့ သတ္တိမွေးရတော့

ပေါ့။

ရင်ဆိုင်နိုင်စွမ်းအား။

အင်း မလွယ်ပါဘူး မိန်မိန်ရယ်။

မျှော်လင့်ချက်နဲ့ နီးကပ်လာသလိုလိုရှိပြီးမှ မင်းကို တစ်

သူရင်ခွင်ထဲထည့်ပေးဖို့ ကြည်ဖြူခွင့်ပြုဖို့ဆိုတာ လက်တွေ့မှာ လု

သိပ်ခက်ခဲတာပဲကွာ။

"မိန်မိန့်ဒက်ဒီနဲ့ အရင်ဆွေးနွေးကြည့်ပါဦးကွာ"

"ကိုဂုဏ်ကြီးကို ကျေးဇူးအရမ်းတင်တယ် သိလား"

ဒီတစ်ခါ လက်ခံရတဲ့ ကျေးဇူးတွေလောက် နှလုံးသား

မွှန်းကျပ်ဖိစီးစေနိုင်တာ မရှိတော့ပါဘူး။





မင်းစိတ်ချမ်းသာမယ်ဆိုရင် ကိုယ်ကြိုးစားဖြည့်ဆည်းကြည့်

ရဦးမှာပေါ့ကွ။



www.burmeseclassic.com

www.burmeseclassic.com

မိုးပပသည် ရွှေရောင်ပခုံးလွယ်အိတ် ခပ်ရှည်ရှည်လေးကို လွယ်လျှက် ပလက်ဖောင်းပေါ်ကဆင်းကာ လမ်းဖြတ်ကူးလိုက်သည်။

ရုံးထဲကနေ တစ်ယောက်တည်းထွက်လာခဲ့ရတာ ရင်ခုန်သလိုလိုပင်ဖြစ်ရသည်။

ရင်ခုန်ဆိုကြည့်ဦးလေ။

ဂုဏ်ကချိန်းတာ။ ကောက်ဖီဆိုင်ကို ခဏဆင်းလာတဲ့။

ပိုပြီးထူးဆန်းတာက

''မမိုးတစ်ယောက်တည်းပဲလာခဲ့ပါ'' ဆိုတဲ့ သူ့စကား။

ဘာကိစ္စများပါလိမ့်။ မိုးနဲ့ သူနဲ့ ခင်မင်ရင်းနှီးတယ်ဆိုသော်လည်း တစ်ခါမှ ခုလိုမချိန်းဖူးဘူးလေ။

ဖုန်းချပြီးတာနှင့် ကမန်းကတန်းကောက်ထွက်လာခဲ့သော





မိုးသည် ကော်ဖီဆိုင်ရှေ့အရောက် မှန်ချပ်ကြီးများကို ထွင်းဖောက်ကာမြင်နေရသော ဂုဏ်လူ့မျက်နှာ ခပ်တင်းတင်းကြောင့် ရင်ထဲလှစ်ခနဲ တစ်ချက်စိုးထင့်သွားသည်။

သူက လမ်းမပေါ်ကမြင်နေရသည့် မှန်ချပ်နှင့်ကပ်လျှက်စားပွဲမှာပဲ ထိုင်စောင့်နေတာ။

ဆိုင်က ကိုယ်တိုင်ယူစနစ်မို့ အလုပ်မရှုပ်အောင် မိုးအတွက်ပါ ကော်ဖီတစ်ခွက်ပိုယူထားတဲ့ ပုံကိုကြည့်လျှင် သူပြောချင်သည့်စကားက အရေးကြီးပုံပေါ်သည်။

သူ့မျက်နှာထား ရှတည်တည် ခပ်တင်းတင်းကို လှမ်းအကဲခတ်၍ မိုးစိတ်ထဲ ပိုထင့်လာသည်။

သူတည့်တည့်မတ်မတ် စူးစိုက်ကြည့်နေပုံက အေးစက်တင်းမာပြီး စိတ်ဆိုးနေသလိုပဲဟု မိုးထင်မိသည်။

သူစိတ်ဆိုးအောင် မိုးဘာလုပ်မိသလဲ။

ဘုရားရေ။ မဲဟုတ်မှလွဲရော ဟိုကောင်မလေးကိစ္စများ ဂုဏ်သိသွားပြီလား။ သူထိုင်နေရာစားပွဲဆီ လျှောက်လာရင်းတွေးသည်။

မိန့်မိန့်ဖူးနီက မပိရိတော့ သိမယ်ဆိုလည်း သိနိုင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မျိုးပပက သူ့ကို ခပ်အေးအေးပဲ ပြုံးပြလိုက်ပါသည်။

ဂုဏ်က ပြန်မပြုံးဘဲ ခေါင်းဆက်ရုံဆတ်သည်။

"ထိုင်ပါ မမျိုး"

"ဆိုပါဦး ဘာကိစ္စများလဲ"

မျိုးက ထိုင်ခုံမှာ အသာအယာထိုင်ပြီးတာနှင့် မေးလိုက်ပါသည်။ ရင်တထိတ်ထိတ်နှင့် သူပြောတဲ့အထိ မစောင့်နိုင်အောင် စိတ်စောနေမိတာပါ။

မျိုးပပဟန်ပန်လေးက ခပ်တည်တည်ပင်။

ဂုဏ်လူသည် ထိုအမျိုးသမီး၏ အတွင်းစိတ်သဘောမနော ကို အတော်လေးအံ့သြမိသည်။

အပေါ်ယံကြည့်တော့ ကိုယ့်ညီမအရွယ် မိန်းကလေး တစ်ဦးကို အိမ်ကမသိအောင် ရည်စားစမ်းနိုးထားဖို့ အားပေးကူညီသူဟု မထင်ရပါလား။

"မိန့်မိန့်ဖူးနီအကြောင်းပြောမလို့"

"မိန့်လေးအကြောင်း"

သူမက ချစ်စနိုးနှင့် မိန့်လေးဟုပင် ခေါ်နေသေးသည် အား မိန်းမတွေများ တယ်လန့်စရာကောင်းပါလား။





"မိန့်လေးကို ကောင်မင်းသုန်ဆိုတဲ့ ချာတိတ်နဲ့ ပွိုင်းပေးတာ ဘာသဘောလဲ မမျိုး၊ မမျိုး ဒီလိုလုပ်လိမ့်မယ်လို့ ကျွန်တော် လုံးဝမထင်မိဘူး၊ ကိုယ့်ညီမလေး မသိနားမလည်အရွယ်အပေါ်မှာ ခင်ဗျား ဒီလောက်မရက်စက်သင့်ဘူးလို့ ထင်တယ်ဗျာ"

သူ့စကားကြောင့် မျိုးပပမျက်နှာ ကွက်ခနဲပျက်သွား၏။

"ရှင်ဘာတွေလာပြောနေတာလဲ ဂုဏ်ရဲ့၊ မိန့်လေးနဲ့ ကောင်းကို ကျွန်မက ဘာလို့ပွိုင်းပေးရမှာလဲ၊ ကြုံလို့မိတ်ဆက်ပေးမိတာပဲရှိတာ၊ မိန့်မိန့်က ကလေးလည်းမဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်စဉ်းစားတတ်တဲ့အရွယ်ပဲ"

"ဒါဆို ခင်ဗျားပယောဂ မပါဘူးပေါ့ ဟုတ်လား၊ ခင်ဗျား မညာစမ်းပါနဲ့၊ ခင်ဗျားဖက်က ရည်ရွယ်ချက်တစ်ခုနဲ့ တွန်းပို့တာပါ၊ ခင်ဗျားကိုယ်တိုင် အရောက်ပို့တာ၊ ကျွန်တော့်ကို မိန့်လေး အားလုံး ပြောပြတယ်"

သူ့ဤသို့ ဒေါသနှင့် ခပ်ငေါက်ငေါက်မေးလျှင် မျိုးပပ လည်း ရှုံးရှုံးရှားရှား အသက်ရှုမြန်လာရသည်။

ကြည့်စမ်းပါဦး သင်းက ဟိုကောင်မလေးနဲ့ပတ်သက်တော့ ဆတ်ဆတ်ထိမခံပုံစံနဲ့ နာကျင်ခံခက်နေပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောပြလဲ၊ ကျွန်မအပြစ်လို့ပြောလား၊ သူ့ကို ကျွန်မ ရှေ့ခေါ်ခဲ့စမ်းပါ၊ မျက်နှာချင်းဆိုင်ရှင်းရဲတယ်၊ ရှင်ကျွန်မကို အဲလို ဘလိုင်းကြီး လာမအော်ပါနဲ့ဂုဏ်၊ ကျွန်မသည်းခံမှာမဟုတ်ဘူး"

"ဒါဖြင့် ကျွန်တော်မေးမယ် အဲဒီကောင်မင်းသုန်က လူကောင်းလား တေလေဂျပိုးလား"

"ဘာမကောင်းစရာရှိလဲ၊ အဲဒီကောင်လေးက ကျွန်မ သူငယ်ချင်း မနိုင်ရဲ့မောင်"

"မနိုင်ရဲ့ မောင်၊ ဟား ဟား ဟုတ်တာပေါ့၊ မနိုင်အမေရဲ့ နောက်အိမ်ထောင်ကပါလာတဲ့သားလေ၊ ဆယ်တန်းနှစ်ခါကျပြီး လေလွင့်ပျက်ဆီးနေတဲ့ကောင်၊ နာမည်ပျက်ရှိတယ်ဆိုတာ ထည့်ပြော ပေးဦးလေ၊ ဒါကို ခင်ဗျားက ကွန်ပျူတာနဲ့ကျောင်းပြီးထားတယ် ဘာညာမိတ်ဆက်ပေးတာ မဟုတ်လား"

ဂုဏ်လူ အတိအကျပြောသဖြင့် မိုးပပ အံ့ဩမိအံ့အား သင့်ရ၏။ သို့သော် အလျှော့မပေးဘဲ

"အို အဲဒါတွေ ကျွန်မမှမသိဘဲ၊ ကျွန်မက မနိုင်ဆီက သိရသလောက်ပဲ ပြန်ပြောပြတာ၊ ကောင်းနဲ့ပတ်သက်လို့ ကျွန်မ ဘာမှအာမခံချက်ပေးမထားဘူးလေ၊ ဟိုကောင်မလေးက သူ့ဟာသူ





ရည်းစားမထားဖူးလို့ အရှုးအမူးစွဲလန်းသွားရင်တော့ မပြောတတ်ဘူး၊ သူကြိုက်မယ်ဆိုးဖြတ်ရင် အကြောင်းသိအောင် သူ့အရင်စုံစမ်းပေါ့၊ ဘာကိစ္စ သားလူတွေ လိုက်အပြစ်ရှာရမှာလဲ"

"ဒါဆို ခင်ဗျားက မိန်းလေးနဲ့ပတ်သက်ပြီး ကိုယ့်စိတ်ကိုယ် လုံတယ်ဆိုတဲ့သဘောပေါ့ ဟုတ်လား၊ ခင်ဗျားနဲ့မဆိုင်ဘူးပေါ့၊ ကောင်းပြီလေ၊ ဒါဆို အန်ကယ်သိလည်း ဘာမှမဖြစ်ဘူးမို့လား၊ ကျွန်တော် ဒီအကြောင်းတွေအားလုံး အမှန်အတိုင်း တကယ့်ကိုပြော ပြရမယ်"

သူဒီလိုဆိုလိုက်တော့ မိုးပပ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

အန်ကယ်သာ မိုးအကြောင်းသိသွားလျှင် မတွေးဝံ့။ သူ့သမီး ထွေ့ထွေ့ဖူးဖူးလေးကို ဒီလိုအောင်သွယ်ရပါ့မလားဆိုပြီး မိုးကို ကုမ္ပဏီကနေ ကန်တောင်ထုတ်မလားမပြောနိုင်။

မိုးပပရဲ့တင်ထားတဲ့ ခေါင်းတင်မောင်းတင် အရှိန်ကြီးက ချက်ချင်းလို ဒုန်းခနဲပြုတ်ကျသွားပါသည်။

"မိုးတောင်းပန်တယ် ဂုဏ်ရယ်၊ ဂုဏ်က ဒီလိုပြောတော့ မိုးလည်း စိတ်တိုသွားမိလို့ပါ၊ တကယ်အမှန်အတိုင်းပြောရရင် မိန်လေးကို ရိုးရိုးပဲ မိတ်ဆက်ပေးလိုက်တာပါ၊ သူတို့ တကယ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com

သွားမှန်းမိုးတောင် သေချာမသိပါဘူး ဂုဏ်ရယ်၊ မိုးကိုယုံပါ၊ ကောင်းက မိတ်ဆက်ပေးပါဆိုပြီး ခဏခဏ ခေါင်းစားနေလို့သာ မိုးက မိတ်ဆက်ပေးမိတာပါ၊ အဲဒါမှားသွားပြီလို့ မိုး အရမ်းနောင်တရနေတာ၊ မိန်လေးက သူစိမ်းမဟုတ်ပါဘူး၊ မိုးညီမတော်နေတာပဲ၊ အန်ကယ်ကလည်း အလုပ်ပေးထားတဲ့ ကျေးဇူးရှင်ပါ၊ ဒီလိုမိသားစုအပေါ် မိုးက မကောင်းတဲ့စိတ်အကြံနဲ့ လုပ်ပါ့မလားလို့၊ အန်ကယ်သိရင် အထင်လွဲသွားပါဦးမယ်၊ အန်ကယ့်ကိုတော့ သွားမပြောလိုက်ပါနဲ့နော်၊ မိန်လေးကိုပဲ မိုးတွေ့ပြီး ချော့မော့နားချပါ့မယ်၊ သံယောဇဉ်ဖြစ်နေလည်း ဖြတ်လိုက်ပါလို့ပဲ တိုက်တွန်းရမှာပေါ့ မဟုတ်ဘူးလား"

လေသံပြောင်းသွားသော မိုးပပသဏ္ဌာန်က ဩချရလောက်၏။ တတ်လည်းတတ်နိုင်ပါဘိကွာ။

ဂုဏ်လူက ဆံပင်တွေထဲ လက်ထိုးဖွရင်း သက်ပြင်းတစ်ချက်ချလိုက်မိသည်။

အခုအရေးကြီးတာက မိန်လေးကို ဒီချာတိတ်လက်ထဲ ပါမသွားအောင် ကယ်တင်ဖို့ပါပဲ။

မိန်လေးက အဟုတ်ထင်ပြီး သူ့ဒက်ဒီကို ဖွင့်ပြောပြီး





သက်ထပ်ဖို့အထိပင် ယုံကြည်မျှော်လင့်ချက်ရှိနေပြီ မဟုတ်လား။

ဂုဏ်လူ့ရင်ထဲ နင့်နေအောင် ထိခိုက်ခံစားရသည်။

မိုးပပကို မကျေနပ်သော်လည်း နောက်ထပ်စကား ပြောချင်စိတ်မရှိ။

ထိုအမျိုးသမီးမျက်နှာကိုပင် မမြင်ချင်အောင် စိတ်ပျက်အောင်သေးမိသည်။

သူမ ဘာကြောင့် ဒီလိုလုပ်ရတာလဲ။

ကိုယ့်ရင်ထဲက သည်းဦးပန်းကလေးကို တစ်ပါးသူ့လက်ထဲ ဘာကြောင့်ထည့်ပေးချင်ရတာလဲ။

ဂုဏ်လူက မိုးပပကို ခင်မင်ယုံကြည်စွာနှင့် မိန်မိန်လေးအပေါ် ငယ်စဉ်ကတည်းက သံယောဇဉ်ဖြစ်မိတာ ပွင့်ပွင့်လင်းလင်းပင် ပြောပြထားပါလျက်နှင့်။

မိုးသည် ပြုံးပြုံးလေးကြည့်ရင်းပင် သူ့နှလုံးသားကို မမြင်ရသော လက်တစ်ဖက်နှင့် ခပ်ကြမ်းကြမ်းရိုက်ပုတ်လိုက်တာပင်သည်။

ဒီအဆုံးအရှုံးနာကျင်မှုကို သူ့ကိုဘာကြောင့် ရစေချင်တာလဲ နားလည်မစဉ်းစားတတ်။



www.burmeseclassic.com

www.burmeseclassic.com

မိန်မိန်ဖူးနီကိုသာ လက်လွတ်ဆုံးရှုံးရလျှင် သူဘယ်လောက်ထိ နာကျင်ကြေကွဲ နှမြောလွမ်းဆွတ်ရမည်ဆိုတာ မသိလို့လား။

ဒါမှမဟုတ် ကျွန်ရစ်ဖြစ်ပြီး ကြေကွဲရမှာကိုပဲ မြင်ချင်လို့လား။

အဲဒီလိုမြင်ချင်တာက ဘာအဓိပ္ပါယ်ရှိသလဲ။

ဂုဏ်လူက မျိုးပပကို စိတ်ပျက်ခါးသီးစွာ ကြည့်နေမိ၏။

မျိုးပပက ဂုဏ်လူ၏အကြည့်ကို ခံစားမိပါသည်။

ဂုဏ်လူ မျိုးကို နာကြည်းသွားခဲ့ပြီ။

အရင်ကမျိုးအပေါ် နှစ်လိုမက်မောခြင်းမဟုတ်ရင်တောင် ခင်မင်နွေးထွေးသော မျက်လုံးတွေနှင့် ကြည့်တတ်သေးသည်။ အခုတော့ သူ့အကြည့် သူ့မျက်ဝန်းတွေမှာ ဥပေက္ခာနှင့် စိမ်းကား သာရှိတော့သည်။

အင်းလေ၊ ရှိပါစေတော့။

မျိုးချစ်တဲ့သူဆီက အချစ်တွေကို မရနိုင်လျှင်တောင် အမုန်းတွေ၊ ခါးသီးမှုတွေ မကျေနပ်ခံပြင်းမှုတွေကို လက်ဆောင်အဖြစ် ယူဆောင်သွားရမည်ပေါ့။





မျိုးအတွက် အမှတ်တရပါ ဂုဏ်ရယ်။

ရှင်ပေးလိုက်တဲ့ တစ်ခုခုတိုင်းဟာ ရင်ထဲအသည်းထဲမှာ စွဲစေတဲ့ အမှတ်တရချည်းပါပဲ။

မျိုးပပသည် သူ့လုပ်ရပ်တစ်ခုရဲ့ အောင်မြင်မှုအတွက် သူမ၏ အတွင်းစိတ်၌ ကျေနပ်နေမိပါသည်။

ဂုဏ်။

ရှင်မြတ်နိုးတဲ့ သန့်သန့်စင်စင် အဖူးအငုံ နုနုထွတ်ထွတ်လေးဟာ အချစ်ဦးသူရှိခဲ့ပြီ။

ရှင်ဟာ သူ့ရဲ့ပထမဦးဆုံးလူ ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး။

မိန်မိန်ဖူးနီမှာ ရည်းစားဦးရှိခဲ့ပြီ။

တကယ်လို့ ကံကောင်းလို့ ဆုံဆည်းခဲ့ရင်တောင် ရှင်ဟာ မိန်မိန်ဖူးနီရဲ့ ဒုတိယလူပဲ။

အချစ်ဦးတော့ မဖြစ်နိုင်တော့ဘူးလေ။

မျိုးလိုချင်တာ အဲဒါပဲလေ။

ကျွန်မအတွက် ဘာမှမရနိုင်တော့တာ သေချာရင် လက်လှမ်းမီသရွေ့တော့ ကျွန်မ ဖျက်ဆီးခဲ့မှာပဲ။



www.burmeseclassic.com

ကျွန်မကို စိတ်ပုတ်တဲ့မိန်းမလို့ ထင်ချင်လည်းထင်

''ဒီမှာ မမျိုး''

''ရှင်''

အကြည့်ချင်းအားပြိုင်နေရာမှ ဂုဏ်လူက ခေါ်လိုက်

''ကျွန်တော်တစ်ခုတော့ ခင်ဗျားကို ပြောပြလိုက်

ခင်ဗျားရည်ရွယ်ချက်က ဘာလဲဆိုတာမသိပေမယ့် မိန်းမိန်

အပေါ်မှာ ကျွန်တော်ထားမိတဲ့ မေတ္တာက ရာသက်ပန်အတွက်

သူဘာကြီးပဲဖြစ်နေနေ ဘယ်အခြေအနေပဲရောက်ရောက် ကျွန်

ရင်မှာ တစ်သက်လုံး သူ့ကိုပဲ ချစ်သွားမယ်ဆိုတာပဲ''

မျိုးပပက လှောင်ရိပ်စွန်းသော နှုတ်ခမ်းမဲ့မဲ့နှင့် ခေါင်း

ဆတ်ဆတ်ညိတ်၏။

ချစ်စမ်းပါ။ သူ့ကိုရှင်ကြိုက်သလောက် ချစ်လိုက်

ကျွန်မဘာဖြစ်မယ်ထင်သလဲ။

ကျွန်မ ဘာမှမဖြစ်ဘူး။ ငိုလည်းမငိုပါဘူး။

မျိုးပပက မသိမသာလေး အံကြိတ်ရင်း သူမကို

အားတင်းလိုက်မိသည်။

''ခင်ဗျားဖက်က မိန်မိန့်အပေါ် သဘောရိုးနဲ့ မိတ်





ပေးခဲ့တာဆိုရင် အခု အဲဒီကောင်လေးအကြောင်း အမှန်အတိုင်း ပြန်ပြောလိုက်ပါ၊ ရှေ့ဆက်မပတ်သက်သင့်တဲ့ လူဆိုတာ ခင်ဗျား ကိုယ်တိုင်တားမြစ်ပါ၊ သူတို့ကို အဆက်အသွယ်လုပ်ပေးခဲ့တာ ခင်ဗျားဆိုရင် အခုအဆက်အသွယ်ပြတ်အောင် ခင်ဗျားကြိုးစားကြည့် ရမှာပေါ့ ကိုယ့်အမှားကိုယ်ပြင်ပါ ခေါ်မျိုးပပ၊ အန်ကယ်မသိစေချင် ဘူးဆိုရင် ခင်ဗျားရဲ့အမှားကို ခင်ဗျားတာပန်ယူဖြေရှင်းလေ၊ ဒါမှ ဖြစ်မှာပေါ့''

''ကျွန်မဖြတ်နိုင်းရင်ရော ရှင်ဟာမလေးက ကောင်းကို ဖြတ်နိုင်မှာမို့လို့လား''

''ဘာပဲဖြစ်ဖြစ် ခင်ဗျားလိမ်ထားတာတွေတော့ ပြောရမှာ ပေါ့''

''အံမယ်လေးနော် ရှင်ဒီလောက်အဖြစ်သည်းနေရင် အမြင် ကပ်လာပြီ၊ ခိုးပြေးကြဟေ့လို့တောင် တိုက်တွန်းပစ်ချင်လာပြီ''

''ဘာဗျ ခင်ဗျားဘာပြောတာလဲ''

''ဩော် ဂုဏ်တစ်ယောက်ကလည်း ပြူတူးပြဲတဲ အော် နေပြန်ပြီ၊ ဒါလေးတောင် မကြားရဲ့ဘူးဖြစ်နေတာကိုး၊ ဟင်း ဟင်း ကျွန်မကစတာပါ၊ ကိုအကဲပိုရယ်၊ အလကားစတာပါနော်''



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်လူမျက်နှာထားတင်းတင်းကြောင့် မျိုးပပက သူ့စကား

ကို ကမန်းကတန်း ပြန်ပျော့ချလိုက်ရပါ၏။

ရင်ထဲမှာ တကယ်ဖြစ်နေတာကတော့ ဂုဏ်လူရဲ့ ပြင်း

တဲ့ မျက်လုံးတွေကိုကြည့်ပြီး အရာရာစိန်ခေါ်ပစ်လိုက်ချင်မိတာ

သည်။

ဂုဏ်လူက အန်ကယ်ရာဇာကို ဘာမှအသိမပေးသေးပေမဲ့

ကြီးမေက မမျိုးနှင့် မိန်လေးတို့ ဖုန်းထဲက ပြောစကားတွေကိုကြား

ပြီး အန်ကယ့်ဆီ ပေါက်ကြားသွားစေခဲ့သည်။

ပြဿနာက ထင်တာထက်ပိုစောသွားသည်။

မျိုးပပရဲ့ပယောဂနှင့် သူ့သမီး ရည်းစားရနေပြီဆိုတာ

ဦးမင်းရာဇာဆီသွားတဲ့အခါ အကြီးအကျယ် ပေါက်ကွဲဒေါသ

ဖြစ်လေတော့သည်။

မျိုးပပကို ရုံးခန်းမှာခေါ်တွေ့ပြီး ချက်ချင်းအလုပ်က

ထုတ်ပစ်သည်ဆိုသဖြင့် မိန်မိန့်ဖူးနီမှာ ဒက်ဒီကို မနည်းတောင်းပန်

ရ၏။

တကယ်တော့ မမျိုးနှင့်သိပ်မဆိုင်။

ကာယကံရှင် သူမမှာသာ အပြစ်ရှိချင်ရှိမှာပါ။





www.burmeseclassic.com

www.burmeseclassic.com



မမျိုးကို မထိခိုက် မနစ်နာစေချင်သဖြင့် မိန့်မိန့်က ဒက်ဒီနှင့် အခြေအတင်ဆွေးနွေးရတော့သည်။

ကောင်းကိုမခွဲနိုင် မရက်စက်နိုင်ပေမဲ့ အဆက်အသွယ်ဖြတ်ပါမည်ဟု ကတိပေးလိုက်ရသည်။

တကယ်လည်း ကောင်းနှင့်ထပ်တွေ့ခွင့်မရ။

တစ်ဖက်က ကောင်းမင်းသုန်မှာလည်း ဘုမသိဘမသိ အဆက်အသွယ်ဖြတ်ခံရသဖြင့် ခံပြင်းပေါက်ကွဲနေပြီး မိန့်မိန့်မှုန်နှင့် တွေ့နိုင်ရန် အသည်းအသန်ကြိုးပမ်းနေ၏။

ဒက်ဒီ ကိုဂုဏ်နှင့် ကြီးမေတို့ကလည်း ပြန်ဆက်သွယ်မှာစိုးရိမ်ပြီး သူမကို အလစ်မပေးကြချေ။

မိန့်သဘောကတော့ သူနှင့်တစ်ခါလောက် အေးအေးဆေးဆေးတွေ့ပြီး အကျိုးအကြောင်းရှင်းပြချင်ပါသေးသည်။



ကြီးမေနှင့်အတူ လှည်းတန်းဈေးသို့ လိုက်လာပြီးမှ အသားဆိုင်တန်းဖက် မလျှောက်ချင်ဘူး ခေါင်းမူးတယ်ဟု အကြောင်းပြကာ ဈေးဆိုင်ကြက်အနောက်ကလေးမှ အင်းစိန်လမ်းမပေါ်သို့ မိန့်မိန့်လျှောက်လာခဲ့သည်။

ကြီးမေဈေးဝယ်ရင် တပတ်ဆယ်ရက်စာဝယ်တာမို့ တစ်မှာရှိကျော်လောက်တော့ အနည်းဆုံးကြာတတ်သည်။ ဒီလိုအချိန်မှာ မိန့်မိန့်က ကောင်းနှင့်တွေ့ဖို့ချိန်းထားတာ။

တွေ့ချင်လွန်းလို့သာထွက်လာတာ တကယ်တန်း ဘယ်မှ ဝေးဝေးသွားလို့ကမဖြစ်။

စကားတစ်ခွန်းနှစ်ခွန်းပြောချင်တာပါ။ အိမ်မှာ အခြေအနေမကောင်းလို့ မိန့်ကို မရအရမဆက်သွယ်ဖို့မှာချင်တာ အဓိကဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲကနေ မလာပါနဲ့တားလည်း ကောင်းကနားမ ထောင်။

ခြံရှေ့ထိ ဖွတ်လာနှောင့်ယှက်နေတာမို့ ဒက်ဒီက သူ့ကို စိန်ခေါ်တယ်ထင်ပြီး ဒေါသတွေပေါက်ကွဲနေတာ။

ကောင်းအကြောင်း စတင်ပြောမိတာကိုက မိန့်မိန့်အမှားပါ ပဲ။ ပိုပြီးထပ်မှားတာက မမျိုးအောင်သွယ်မှန်း ဒက်ဒီသိသွားတာပဲ။

ခုတစ်ခါ သူနှင့်တွေ့ဖို့ကြိုးစားရင်ရော မိန့်ထပ်မှားဦးမှာ လား။

နှလုံးသားမှာ တုန်တုန်လှုပ်လှုပ်နှင့် ကြောက်ရွံ့နေသည်။

လက်ဖျားတွေက အေး။ ခြေလှမ်းတွေကနှားလျှက် ခလုတ်လည်းတိုက်မိသေးသည်။

''မိန့်မိန့်ဖူးနီ''

''ဟင်''

နာမည်ခေါ်သံကြားတော့ ကြည့်လိုက်ရာ ကောင်းရဲ့ သူငယ်ချင်း ဖိုးလပြည့်ဖြစ်နေသည်။

''ဖိုးလပြည့်''

''ဟုတ်တယ်မိန့်မိန့် ကျွန်တော် မိန့်မိန့်ကိုစောင့်နေတာ။





ကားကဟိုဖက်မှာရပ်ထားတယ် လာ လာ''

ဖိုးလပြည့်က သူမကို ခပ်သွက်သွက်လာခေါ်တာဖြစ်၏။

မိန့်မိန့် သူ့နောက်က ခပ်မြန်မြန်လိုက်ခဲ့သည်။

''ဟိုကောင်လည်း အရမ်းစိတ်လှုပ်ရှားနေတယ်၊ ကား တောင်မမောင်းဘူး၊ ကျွန်တော်ပဲမောင်းရတာ''

''ဟုတ်လား''

''မိန့်မိန့် သူ့နောက်လိုက်တော့မယ်မို့လား''

''အို မဟုတ်တာဘဲ၊ ဈေးလာရင်းနဲ့ ခဏလေးလာတွေ့ တာပါ''

''သြော် သြော်''

ဖိုးလပြည့်က အဓိပ္ပါယ်ပါပါပြုံးသည်။

သူနှင့်ကောင်းကောင်းကတော့ ကြိုတင်တိုင်ပင်စီစဉ်ပြီးသား ပါ။

မိန့်မိန့်ကတော့ ကောင်းအစီအစဉ်တွေကို သိပုံမရ။

ဒါကြောင့်လည်း မိန့်မိန့်ဖူးနီဆီမှာ ဘာအထုပ်အပိုး ဘာ အဝတ်အစားအိတ်မှ ပါမလာခဲ့တာဖြစ်မည်။

ပခုံးလွယ်သော ပိုက်ဆံအိတ်ခပ်သေးသေး ပြောင်လက်



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးတစ်ခုပဲပါတာတွေ့သည်။

ဘာပဲဖြစ်ဖြစ် ဖိုးလပြည့်ကတော့ သူငယ်ချင်းရဲ့ ဒီလို ရင်ခုန်စရာ စွန့်စားမှုမှာ ကူညီချင်သူဖြစ်သည်။

ဒီလောက်လှတဲ့ ရှမင်းစရာကောင်မလေးကို ကောင်းကောင်းရယူပိုင်ဆိုင်ချင်မယ်ဆိုလည်း ပိုင်ဆိုင်ချင်စရာ။ တပ်မက်ချင်စရာပဲလေ။

သိပ်ကိုချစ်စရာကောင်းတဲ့ မိန်းကလေးမဟုတ်လား။

အနားမှာ ပန်းပွင့်လေးတွေပါသော စကဒ်ပျော့အိအိကဒူးဆစ်ကျော်ရုံဖုံးတာမို့ သွယ်နုဝင်းမွတ်သော ခြေသလုံးလေးက မြင်သူငေးချင်စရာ။

မင်းဂွတ်ရောင် ပုခုံးကြိုးချည်အင်္ကျီလေးပေါ်ကမှ ဂျင်းဇာကုတ်ပုံဆန်လေးကို ထပ်ဝတ်ထားသည်။

သူမရဲ့ ရုပ်ရည်နှင့် ဟန်ပန်လေးမှာ အပြစ်ပြောစရာ အဆင်မပြေတာဆိုလို့ တစ်ခုမှရှာမတွေ့ပေ။

ကောင်းက နာမည်နှင့်လိုက်အောင် တကာယ့်ရှယ်လေးကိုမှ ရှာဖွေတတ်သည်။

ဖိုးလပြည့်သည် ကောင်မလေးကို စေ့စေ့ကြည့်ရင်း





သူတောင် အားကျသလို ရင်ဖိုသလိုလိုဖြစ်လာပါသည်။

ကောင်းတော့ စွန့်စားပျော်ပါတယ်လေ။

"ဖိုးလပြည့်"

"ဗျာ"

"လျှောက်မှာလျှောက်တာမဟုတ်ဘူး ဘာဖြစ်လို့ ပြန်လှည့်ကြည့်နေတာလဲ"

ဖိုးလပြည့်က ပြုံးစိစိဖြင့်

"မိုက်လွန်းလို့ကြည့်မိတာပါ၊ ကောင်းကို ကျွန်တော် အရမ်းအားကျလို့ဗျ"

မိန့်မိန့်သည် ပွင့်လင်းသော သူ့အပြောကို ရှုံ့မဲ့ခနဲရှက်သွားခဲ့ကာ

"ကဲ ကြည့်မနေနဲ့တော့၊ ကားဆီရောက်တော့မှာကို မဟုတ်ဘူး"

"ရောက်ပါပြီဗျာ ဟိုမှာ"

လမ်းချိုးတစ်ခုရဲ့ထိပ်နားမှာ လမ်းမဖက် ခေါင်းလှည့်ရပ်ထားတဲ့ ကားအနီးမှာ ကောင်းမင်းသုန်က စိတ်စောစွာ စောင့်ဆိုင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာမှလာပါ့မလားလို့ မိန့်လေးရာ၊ မှန်းဆကဲတာလည်း မရဘူး"

"ဟယ်တော့ ဖုန်းတောင် ကားထဲမှာကျန်ခဲ့ပြီ"

မိန့်လည်း ပျာယီးပျာယာနှင့် ခုမှပဲသတိရ၏။

"ကဲ ကျန်ခဲ့လည်း ဘာမှမဖြစ်ဘူး၊ ကားပေါ်မြန်မြန် တက်လိုက်တော့"

သူတို့နှစ်ယောက်သား ရေးကြီးသုတ်ပြာပုံစံဖြင့် ကား တံခါး ဖွင့်ပေးကြသည်။

"အချိန်မရဘူးနော် ကောင်း၊ ဘယ်သွားဦးမှာလဲ"

သူမက ပူပူယန်ယန် မျက်ခုံးလေးပင့်ကာမေးမိသေး၏။

ဖိုးလပြည့်က ကောင်းမျက်နှာကို ဘယ်လိုလဲဟုကြည့် သည်။

ကောင်းပြောထားတဲ့ အစီအစဉ်က မိန့်မိန့်ဖူးနီကို တစ်ခါ တည်း ခိုးပြေးဖို့ဖြစ်သည်။

ခုတလော မိန့်မိန့်နှင့်တွေ့ဖို့ ခက်တာမို့ ရလာတဲ့အခွင့် အရေးကို ဒီကောင် လက်လွှတ်ခံမှာမဟုတ်။

ကောင်းက ချစ်စရာကောင်းလှသော မိန့်မိန့်မျက်နှာလေးကို





တစ်ချက်ကြည့်ကာ ဆုံးဖြတ်ချက်ကို အတည်ပြု ခေါင်းဆတ်လိုက် သည်။

"ဖိုးပြည့် ကားပေါ်တက်၊ တစ်နေရာသွားမယ်"

"အိုကေ သေချာတယ်နော်"

ဖိုးလပြည့်က ရှေ့ခန်းမောင်းသူနေရာမှာ ထိုင်လိုက်၏။

မိန့်မိန့်နှင့် ကောင်းက နောက်ခန်းထဲမှာအတူတူ။

ကောင်းအနေနှင့်ကတော့ သူမဒကိဒီ ဘယ်လိုပဲတားတား မိန့်မိန့်ကို ရအောင်ယူဖို့ ဆုံးဖြတ်သည်။

လက်လွှတ်ဆုံးရှုံးမခံနိုင်။

အချစ်မှာ တရားတာ မတရားတာ သူမသိ။

အခိကက ဂုဏ်လှကို အရှုံးမပေးဖို့ဘဲ။ သူ့ဆုံးဖြတ်ချက်ကို ပြန်ပြင်ဖို့ စိတ်မကူး။

ဒီလိုလုပ်မိတာကို မိန့်မကျေနပ်ဘူးဆိုလည်း သူ့အစွမ်း ကုန် ချော့မော့တောင်းပန်လိုက်မည်။

"ကောင်း"

ရုတ်တရက် အနားကပ်ခေါ်သံလေးကြားမှ ကောင်းမင်း သုန် လန့်ဖျပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာတွေစဉ်းစားနေတာလဲ ကောင်းရဲ့၊ စကားလည်း မပြောဘူး၊ ဒါက အခု ဘယ်ကိုမောင်းနေတာလဲဟင်''

မိန့်မိန့်ဖူးနီက ရင်ထဲမှာ ပြောစရာစကားတွေနှင့်မို့ ကြာရှည် တိတ်ဆိတ်မနေနိုင်ဘဲ သူ့ကိုမေးလိုက်သည်။

''မစဉ်းစားပါဘူး၊ ရောက်မှ အေးအေးဆေးဆေး စကား ပြောရအောင်ကွာနော်''

''ဩော် အေးအေးဆေးဆေး အဝေးကြီးသွားလို့မှမရတဲ့ ဉစ္စာ၊ ကားပေါ်မှာပဲ ပြောရမှာပဲထင်တယ်''

ခါတိုင်းလို မိန့်တို့နှစ်ယောက်တည်းမဟုတ်ဘဲ ကားရှေ့ခန်း မှာ ဖိုးလပြည့်ရှိနေတော့ မိန့်စိတ်ထဲ မလွတ်လပ်သလိုဖြစ်နေသည်။

''ဘာပြောမှာလဲ''

ကောင်းက သူ့မမျက်နှာလေးကို ငဲ့ကြည့်ပြီး ပခုံးလေးကို ဖွဖွဖက်ထားလိုက်သည်။

''ဟိတ် ငြိမ်ငြိမ်နေကွာ၊ ဖိုးလပြည့်ရှိတယ်''

သူ့လက်ကို ရှက်စနိုးဖယ်ချရင်း မိန့်က သတိပေးသည်။

ကောင်းက ရယ်ကျဲကျဲနှင့်

''ရပါတယ် ဒီကောင့်ကို ဂရုမစိုက်နဲ့''





''အို ကောင်းနော်''

''မချစ်ဘူးလား''

သူက တိုးတိုးမေးသည်။

''ချစ်တာကတော့ ချစ်တာပေါ့ကောင်းရယ်၊ ဒါပေမဲ့ ဒက်ဒီသိသွားရင်မလွယ်ဘူး၊ မိန့်က ပြတ်သွားပြီလို့ ပြောထားတာ၊ မိန့်တို့တကယ်လည်း ခဏလောက်တော့ အဆက်အသွယ်ဖြတ်ထား မှ ဖြစ်မယ်၊ ကောင်းကို မိန့်တောင်းပန်ပါတယ် ကောင်းနဲ့လာတွေ့ တာသိရင် ဒက်ဒီက ကိုဂုဏ်ကြီးနဲ့ ချက်ချင်းလက်ထပ်ပေးမယ်လို့ ပြောထားတယ်၊ မိန့်က လုံးဝမဆက်သွယ်ပါဘူးလို့ ကတိပေးထား လို့သာပေ့''

''အခု ကိုယ်ရှိတာပဲ၊ မင်းဒက်ဒီကို မကြောက်နဲ့တော့''

''ပြီးတော့ ကိုဂုဏ်ကြီးကလည်း''

သူက တစ်ပိုင်းအစနှင့် မိန့်နှုတ်ခမ်းလေးကို လက်ဖျားနှင့် လာပိတ်ပြီး

''ဒီလူကြီးအကြောင်းမပြောနဲ့၊ ကိုယ်မကြားချင်ဘူး''

''မိန်က အကျိုးအကြောင်းရှင်းပြနေတဲ့ဟာကို''

''မရှင်းပြနဲ့တော့ ရပြီ၊ မိန့် ကိုယ့်နားရှိရင်တော်ပြီ''



www.burmeseclassic.com

www.burmeseclassic.com

"ခက်တာပဲ ရှင်ဘယ်လိုဖြစ်နေတာလဲ ကောင်းရဲ့"

"မိန်လေးရော ကောင်းနဲ့အတူတူ မနေချင်ဘူးလား"

ဒါက မေးစရာလားနော်။ ဘယ်သူမဆို ကိုယ့်ချစ်သူနှင့် အတူတူ နေချင်မှာချည်းပဲပေါ့။

သူက ပြုံးစစလေးမေးရုံမဟုတ်ဘဲ မိန့်ခေါင်းလေးကို ချစ်စနိုး ပွတ်သပ်နေသဖြင့် မိန်လည်း ခါတိုင်းလို သူ့ပုခုံးကို ဖွဖွမှီမိလေသည်။

သူ့ဆီက စီးကရက်နံ့နှင့်အတူ ရနေကျ ဘော်ဒီစပရေးနံ့လေးတစ်မျိုးကို ရှူရှိုက်ရတာမို့ မိန့်ရင်မှာ ဖိုခနဲ့နွေးရသည်။

သူက မိန်နှင့်တွေ့မှာမို့ ပိုရှိုးထုတ်လာသလားမသိပါဘူး။

အိတ်တွေအများကြီးပါသော ဘောင်းဘီထူပွပွနှင့် မိန့်သဘောကျသော အော်တာရုပ် ကော်ဖီရောင်လေးကိုဝတ်ထားပြီး မွေးကြိုင်သင်းပျံ့နေသည်။

ပြီးတော့ သူ့ပုံစံက ပျော်လည်းပျော်နေတဲ့ပုံ။

မိန်ကတော့ စိတ်မအေးတာမို့ သူ့လိုမပျော်နိုင်။

စိတ်တထင့်ထင့်နှင့် နောက်ဆံတင်းနေသည်။

ဈေးမှာရပ်စောင့်နေတဲ့ ဦးဆောကားပေါ်မှာသာ မိန့်ကိုမတွေ့





ဒင် ကြီးမေတော့ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပွယ်နှပွာယာခတ်သွားလိမ့်မည်။

မိန် သူ့ဆီလစ်ပြီဆိုတာလည်း တွက်မိမှာပဲ။

ပခုံးပေါ် ခေါင်းလေးမှီနွဲ့ထားမိရာက မိန်က ခေါင်းပြန်တော်သည်။

မိုးလပြည့်မောင်းနေတာက အရှိန်များလိုက်တာ။

ဟိုင်းဝေးသွားမှာကျနေတာပဲ။

အင်းစိန်ကနေ မင်္ဂလာဒုံဖက်ပင်ရောက်လာခဲ့ပြီ။

"ဘယ်ဆိုင်သွားမှာလဲ ကောင်းရဲ့၊ တဖြေးဖြေးနဲ့ မြို့ပြင်ရောက်တော့မယ် ကြည့်ဦး၊ မောင်းနေလိုက်တာ တကတည်း အချိန်ရပါဘူးဆိုမှ"

မိန်မိန်က နှုတ်ခမ်းဆူချင်လာ၏။

သူမပြောပဲ ငြိမ်နေလို့ရတော့မှာ မဟုတ်ဘူးဆိုတာ ာင်း မင်းသုန်ရိပ်မိလာသည်။

သူမမျက်နှာလေးကို ကြည့်ရမှာလဲ မလုံမလဲဖြစ်နေသည်။

မိန်မိန်က သူ့ကို အတော်ယုံနေသည်။ ခုထက်ထိတောင် ိုင်တစ်ခုခုကို သွားနေသည်ဟု ထင်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးလပြည့်သည် သူကားသူသာ ဂရုစိုက်မောင်းနေလျှ
ကားနောက်ခန်းက ပဋိပက္ခကို စိတ်မဝင်စား လှည့်လည်းမကြည့်
ပေ။

သူတို့ဟာ ရည်ရွယ်ချက်တစ်ခုနှင့် တစ်နေရာကို ဦးတည်
ခေါ်လာတယ်ဆိုတာ မိန်မိန်သဘောပေါက်သွားရပြီ။

သို့သော် ဤသို့သဘောပေါက်လိုက်မိချိန်ဟာ နောက်ကျ
သည်။

အခုဆိုရင် ကားက မြို့ပြင်ဖက် ဦးတည်နေခဲ့ပြီ။

လှည်းတန်းကနေ အများကြီးလှမ်းလာခဲ့ပြီမဟုတ်လား

ကြီးမေက ညနေပိုင်း ဈေးဝယ်မည်ဆိုပြီး ထွက်လာတာ
အခု နေရောင်ပင်ပျောက်ကာ ညနေစောင်းဖြစ်နေပြီ။

အခြေအနေကို အံ့အားသင့်ပြီး တခဏငြိမ်တွေသွားမိ
မိန်မိန်ဖူးနီက သတိဝင်လျှက် ကောင်းဖက်သို့ ဖျပ်ခနဲပြန်လှည့်လိုက်
၏။

ကောင်းရဲ့ အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲမိကာ

"ဒီလိုမလုပ်ပါနဲ့၊ ဒီလိုအကြံကို မိန်လက်မခံနိုင်ဘူး၊ မိ
တို့နှစ်ယောက်က တကယ်လက်ထပ်ဖို့ ကြိုးစားမှာပဲကောင်းရဲ့





ပြေးဖို့မလိုပါဘူးနော်၊ ကောင်း မိန့်စကားကိုနားထောင်ပါ၊ ကား
ပြန်လှည့်နိုင်းလိုက်နော်"

မိန်မိန်က ချောမော့တောင်းပန်သော်လည်း ကောင်းမင်းသုန်
ာ ဆုံးဖြတ်ထားပြီး ဖြစ်သလို ခပ်ပြုံးပြုံးလေးသာ ခေါင်းယမ်း
၏။

"လှည့်လို့ဘယ်ဖြစ်မလဲ သိပ်မကြာခင်ရောက်တော့မှာ"

"ဘယ်ကိုရောက်တော့မှာလဲ"

သူက မိန့်နားရွက်လေးနား မျက်နှာငုံ့ချပြီး

"ချစ်မိန့်မှာန်ဘုံလေးပေါ့"

"မရဘူး မိန့်မသွားဘူး၊ ကားပေါ်ကခုန်ဆင်းချပစ်လိုက်
နော်၊ ကောင်းကို မိန့်ပြောနေတယ်"

"ကိုယ့်ကိုခွင့်လွှတ်ပါကွာ၊ အဲလိုစိတ်လိုက်မာန်ပါနဲ့
လုပ်နဲ့လေ၊ ကိုယ်အသည်းကွဲသွားမှာပေါ့"

သူက စိတ်မချသလို ရင်ခွင်ထဲ အတိုးဆွဲဖက်ထား၏။

"လွှတ်"

မိန့်ရုန်းပေမဲ့ သူမလွှတ်ပေ။ နှုတ်ကသာ တတွတ်တွတ်နှင့်
ောင်းပန်တိုးလျှိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းလို့ မခွဲနိုင်လို့။ ပြန်မလွှတ်နိုင်လို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ပဲ မိန့်ဘဝက နစ်မွန်းရမှာတဲ့လား။

မိန်မိန့်ရင်တွေ ချောက်ချားတုန်ယင်ပြီး တဆတ်ဆတ်ခုန်နေသည်။

သူနှင့်မိန်မိန်ကို ရုန်းရင်းဆန်ခတ် လုံးထွေးငြင်းခုန်ပြောင်းဆန်နေဆဲမှာပဲ ကားက မော်ဘီထဲဝင်လာခဲ့ပြီ။

သူ့အပြုအမူနှင့် အနိုင်ယူမှုကို မိန် မကျေမနပ် ထုရိုက်ရုန်းကန်နေပေမဲ့ အချည်းနှီးပင်။

သူက နောက်ဆုတ်မည့်ပုံမရပါ။ မိန့်ကိုမရအရသိမ်းပိုက်တော့မည့်ဟန်မျိုးရှိသည်။

ဒီလိုပုံစံနှင့် အချစ်ခရီး အစပျိုးဖို့ ဘယ်တုန်းကမှ စိတ်မကူးသော မိန်မိန်ဟာ ကောင်းကို ဒေါသလည်း အတော်ဖြစ်မိ၏။

""မိန်မိန်""

""ဖယ် ရှင်လာမထိနဲ့ သွား""

ဖိုးလပြည့်က အရှိန်မြင့်ပြီးမောင်းလာသော ကားသည် မော်ဘီမြို့က သစ်ပင်တို့နှင့် အုံ့ဆိုင်းနေသော ခြံကြီးတစ်ခုဆီသို့ ရောက်လာပြီး သစ်သားအိမ် ခပ်သေးသေးတစ်ခုရှေ့နားရောက်မှ ကားကရပ်သွားလေသည်။





""ဟူး ရောက်ပြီ""

ဖိုးလပြည့်က တာဝန်ကျေပြီဆိုသောပုံစံနှင့် သက်ပြင်းမှုတ်ထုတ်လိုက်သည်။

အချိန်က နေဝင်မိုးချုပ်မှောင်စပြုလေပြီ။

ကောင်းမင်းသန့်က ဝမ်းသာအားရပင် ကားပေါ်ကဆင်းပြီး မိန့်ဖက်တံခါးကိုဆွဲဖွင့်ကာ

""ဆင်းရအောင် မိန်လေး""

""အို မဆင်းဘူး၊ ရှင် ဒီလိုအနိုင်ပိုင်းလို့ရမလား၊ အတင်းအဓမ္မခေါ်လာတာ ရှင့်ကို ဘယ်လောက်မုန်းလည်းသိရဲ့လား""

မိန် ကက်ကက်လန် ဒီလိုပြောတော့လည်း သူ့ရင်ထဲမှာ နင့်နှင့်အောင့်အောင့်ကြီးဖြစ်ရသည်။ ဖိုးလပြည့်က အလိုက်သိစွာ ထိုဖက်နားရောင်ထွက်သွားပြီမို့ သူက မိန်မိန့်ကို ပွေ့ချီခေါ်ခေါ် လိုက်သည်။

""ဘာလုပ်တာလဲ လွှတ် လွှတ်""

အပိုင်ကြံခဲ့ပြီးမှတော့ ကောင်းက လက်မလွှတ်နိုင်။ အလျှော့မပေးနိုင်တော့ပါ။ သူစိတ်ပျော့ယိုင်သွားလို့မဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီထိအောင်ရောက်လာခဲ့ပြီးမှတော့ သူ့ရည်ရွယ်ချက်က အလှမ်းမဝေးတော့ဘူးလေ။

မိန်လေးက ရုတ်တရက်မို့သာ ကြောက်ရွံ့နေတာပါ။ တကယ်တမ်း သူ့ကို စွဲလန်းသဘောကျတာ သူအသိဆုံးပဲမို့လား။

တကယ်တော့ ရယူပိုင်ဆိုင်ဖို့အခါက နည်းကတော့ ဘယ်လိုနည်းပဲ အသုံးပြုပြုပေါ့လေ။

"ချစ်လေးက လိမ္မာပါတယ်ကွာ နော်၊ ရုပ်ပျက်ဆင်းပျက် မလုပ်နဲ့လေ၊ ကိုယ်တို့က ချစ်သူတွေပဲ၊ မကျေနပ်ရင် အိမ်ထဲရောက်မှ ကြိုက်သလိုထုရိုက်ပစ်လိုက် ဟုတ်ပြီလား၊ အခုတော့ အေးဆေး လိုက်ခဲ့ကွာ"

"ဟင့်အင်း ဟင့်အင်း မိန်မလိုက်ဘူး၊ အဲလိုအတင်း အကျပ် လုပ်တတ်မှန်းသိရင် ရှင့်ကို မချစ်ခဲ့ဘူးသိရဲ့လား၊ မုန်း တယ်"

"ကဲကွာ ကြိုက်သလောက်မုန်း၊ မိန်လေးမုန်းလည်း ကိုယ် ကချစ်မှာပဲ"

သူက လှစ်ခနဲရအောင် ပွေ့ခေါ်ကာ အိမ်ထဲသို့ဝင်လာ၏။ မိန်မိန်က ယက်ကန်ယက်ကန်လေး ရုန်းနေပေမဲ့ ရှက်တာ





အကျယ်ကြီးတော့လည်း မအော်ရဲပေ။ သူဆွဲခေါ်ရာ အိမ်မှောင်မှောင် လေးထဲပါလာသည်။

သူ့ကို ထုရိုက်ရင်းက မျက်ရည်တွေလည်းကျလာရ၏။

"ဟာ မငိုနဲ့လေကွာ၊ မနက်ဖြန်လက်ထပ်ကြမယ်၊ ကိုယ် က အနိုင်ယူတာမဟုတ်ပါဘူး ချစ်လို့၊ ခွဲရမှာစိုးလို့ပါ၊ ကိုယ့်ကို နားလည်ပေးလိုက်ပါကွာ"

"အို ဘာမှနားလည်မပေးနိုင်ဘူး၊ ပြန်မယ် ပြန်ပို့"

ဝလုံးဗထွေးပြန်ပြောမိသည်။

"ချစ်လို့ခိုးလာပြီးမှတော့ မိန်လေးရယ်၊ ပြန်ပို့ပေးနိုင်ပါ့ မလား နော်၊ မငိုနဲ့တော့၊ စိတ်လျှော့လိုက်ပါကွာ"

"ရှင့်ကိုချစ်မိတာကိုက မိန့်အပြစ်ပါပဲ၊ ဒ့က်ဒီပြောက ဘည်းက လုံးဝအဆက်အသွယ်ဖြတ်ပစ်လိုက်ရမှာ၊ ရှင်က မိန့်ကို တန်ဖိုးမထားတဲ့သူ"

"ဘယ်သူကပြောလည်း တန်ဖိုးမထားဘူးလို့၊ အဲလိုတော့ စွပ်စွဲပါနဲ့ မိန်လေးရာ၊ တန်ဖိုးထားလွန်းလို့ ဝေးမှာစိုးလို့ပါကွာ"

"တော်ပြီ ထပ်မပြောနဲ့၊ မိန့်နားလည်း လုံးဝလာမကပ်နဲ့"

"ဟာကွာ"



www.burmeseclassic.com

www.burmeseclassic.com



မိန်က တွန်းသည်။ သူကဇွတ်အတင်းဖက်ရင်း နမ်းရှုံ့နှင့် မို့ ရှန်းကန်ရတာ မိန့်ပခုံးနုနုလေးတွေပင် နာကျင်လာရ၏။

အချစ်ဆိုတာ တစ်ခါတစ်ရံမှာ ဒီလိုကြောက်စရာကောင်း တတ်ပါသေးလားဆိုတာ မိန် ခုမှသိသည်။

သူ့ကို အလွယ်တကူ လက်ခံခဲ့မိတာ မှားပြီဟု မိန် နောင်တရသည်။

ဘယ်လောက်ပဲ ငြင်းဆန်နေနေ သူဟာ မိန်းကလေးတို့ သဘောကို လျှော့တွက်ထားသူနဲ့ တူပါရဲ့။

သူသာ ဖွဲ့ရှိရှိ စိတ်ရှည်ရှည်နဲ့ ချော့မော့တွန်းဖွင့်နေရင် မိန် ပြတ်ပြတ်သားသား ပိတ်ထားတဲ့ တံခါးတစ်ချပ်က ပွင့်သွား မှာပဲဟု ထင်နေပုံရသည်။

မိန်ကလည်း သူ အဲဒီလို အထင်သေးလျှော့တွက်တာကို ပဲ စိတ်နာမိသည်။

ခုထိကို သူ့အမှား သူ မသိသေး။

မိန့်မိန့်ဖူးနိုသည် ရုပ်ကလေးက နူးနူးညံ့ညံ့နှင့် ချစ်စရာ ကောင်းသော်လည်း စိတ်ကတော့ ပြတ်သားနိုင်မှာသည်။ သူမ ဒီလောက်ထိ အသည်းမာမည်ဟု ကောင်းမင်းသုန် မထင်ခဲ့မိတာ အမှန်။

သစ်သားအိမ် မှောင်မှောင်လေးပေါ် ရောက်သာလာရော သူမက ကောင်းကို အကပ်မခံ။

အလိုမကျစွာ ရိုက်ထုတွန်းဖယ်နေဆဲပါ။

သူ ခဏဖက်ထားလို့ပင် မရ။

သူ့လက်ဖျံကို လက်သည်းချွန်လေးနှင့် နာအောင်ဖိဆိတ် သည်။ ပါးစပ်နှင့်လည်း ကုန်းကိုက်ဖို့ ဝန်မလေး။

ကောင်းမှာတော့ ချစ်သူလေးရဲ့ အလှအပမှာ အစ ကတည်းက ယစ်မူးကျဆုံးနေတာမို့ ခုလို တိုက်ဆိုက်သော အိမ်





www.burmeseclassic.com

www.burmeseclassic.com



လေးထဲ နှစ်ယောက်တည်းဘဲရှိတော့ ပိုပြီး စိတ်လှုပ်ရှားမိသည်။

နူးညံ့ချောမွတ်သော သူမ ပခုံးသားလေးတွကို ပွတ်သပ်ရင်း စိတ်ရိုင်းတွေက ဝင်ချင်သည်။

ဒီလောက်အလှသွေးကြွယ်တဲ့ အပျိုစင် နနုဖူးဖူးလေးကို ပိုင်ဆိုင်ရယူချင်မိတာ သူ့အပြစ်မဟုတ်ပါဘူး။

အခုလောက်ဆို သူ့သမီးကို နိုးသွားပြီဆိုတာ သူဒက်ဒီ သိလောက်ပြီထင်သည်။

သူတို့ချစ်ခြင်းကို ခွဲချင်သော အဘိုးကြီးကိုလည်း သူက ပညာပေးချင်သေးသည်။

ဂုဏ်လူ ဆိုတဲ့လူကရော ဘာတတ်နိုင်မလဲ။

မိန်မိန်သာ သူ့ရင်ခွင်ထဲ ပန်းကလေးတစ်ပွင့်လို ကြွေကျသွားပြီဆိုရင် ဂုဏ်လူ အသွေးကြီး သွေးပြီပေါ့။

နောက်ကောက်ကျ ပက်လက်လန်ပြီး ဘာမှတတ်နိုင်မှာ မဟုတ်တော့။

ကောင်းကံ တစိမ့်စိမ့်တွေးကာ ပီတိနှင့်ကျေနပ်နေသည်။

မိန်မိန်ကတော့ သူမကို ပြုံးမိန့်မိန့်ကြီး ငေးစိုက်ကြည့်နေသေ ကောင်း အမူအရာကြောင့် ရင်တထိတ်ထိတ်ခုန်လာသည်။





ဒီတစ်ခါ ရင်ခုန်တာက ကြောက်လို့သက်သက်ပင်။

သူ့အပေါ် ယုံကြည်ကိုးစားခြင်းတွေ မိန့်ရင်မှာမရှိတော့။

မိန် ဟန်ဆောင်ထားသော်လည်း သူ့မျက်လုံးထဲ သိသိသာသာ ထင်ထင်ရှားရှား မြင်နေရသော ဟစ်ရုံတစ်ရာကို လန့်ဖျပ် တုန်လှုပ်စွာ ကြည့်နေမိသည်။

"ကောင်း ရှင် ဝေးဝေးမှာသွားထိုင်၊ မိန့်ကို အဲဒီလို လာမကြည့်နဲ့"

"ဘာဖြစ်လို့လဲ မိန်၊ ကိုယ့်ကို ကြောက်နေတာလား၊ ကိုယ်က ကြောက်စရာမှမဟုတ်~~~ကွာ"

သူ့အတွင်းစိတ်ကို မိန်လေးက ရိပ်မိနေသည်။ တွန့်ဆုတ်ဆုတ် ဖြစ်နေပုံလေးကပင် သူ့နှလုံးသားဟစ်ခုလုံးကို လှိုက်ဖိုတုန်ခါစေသည်။

"ချစ်သူချင်းတွေပဲ ဘာဖြစ်လဲ၊ ကိုယ်တို့ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေရအောင် ဟိုကောင်တောင် အပေါ်တက်မလာဘူး တွေ့လား"

ကောင်းက စိတ်လှုပ်ရှားသံနှင့်ဆိုကာ သူမအနီး ပြန်တိုးကပ်လာသည်။ မိန်မိန်က ကွပ်ပျစ်အစွန်လေးမှာ ထိုင်နေရာက



www.burmeseclassic.com

www.burmeseclassic.com



ထရပ်ဖို့ ရည်ရွယ်သည်။ ကောင်းက သူမပခုံးလေးကို ဆုပ်ကိုင်၍ သစ်သားကွပ်ပျစ်ပေါ် လှဲချဖို့ ကြံရွယ်သည်။

မိန့် မျက်လုံးလေးတွေဝိုင်းကာ တုန်လှုပ်သွား၏။

သူ့ရင်ဘတ်ကို တွန်းဖယ်ရင်း အခြေအနေ မဟန်တာကို မိန့် ရိပ်မိလာသည်။

နွားသိုးကြိုးပြတ်သလို စိတ်ရိုင်းတွေ ဝင်နေတဲ့ကောင်းကို မိန့် ဘယ်လိုချော့မော့နှစ်သိမ့်ရမလဲဟု အပြေးအလွှား ခေါင်းထဲ စဉ်းစားသည်။

သူ့ထံက အလိုရမ္မက်တွေကို မိန့် ဘယ်လိုကာကွယ်ရမလဲ။

"ကောင်းရယ် အဲဒီလိုမလုပ်ပါနဲ့"

"ကောင်းကို စိတ်ဆိုးလား"

"ဟင့်အင်း မဆိုးပါဘူး၊ မိန့် ပြောစရာရှိတယ်၊ ဖယ်ကွာ"

"နောက်မှပြော"

"နေပါဦး အခုပြောမလို့"

"မိန့်လေးကို အရမ်းချစ်တယ်ကွာ"





"အို ကောင်းကလည်း ချစ်တာကဟုတ်ပါပြီ၊ မိန့် အခု အရမ်းဗိုက်ဆာနေတယ်၊ ဘာမှစားစရာမရှိဘူးလားဟင်"

ကောင်းမင်းသုန်က ခေါင်းကို စိတ်ပျက်လက်ပျက် ဖွကုတ်လိုက်၏။

အရေးထဲကျမှ ကောင်မလေးက ဗိုက်ဆာနေတယ်တဲ့။

ကျွတ် ပြဿနာပဲ။

သူ့မျက်နှာ ရှုံ့မဲ့သွားသည်။

မိန့်မိန့်က နောက်နည်းနည်း မသိမသာဆုတ်ကာ

"မှောင်လည်း မှောင်နေပြီ ကောင်းရဲ့၊ မီးဖွင့်ဦးလေ"

"ဒီမှာ မီးမှမရှိတာ"

"ဟင် ဒါဆို ဘယ်လိုလုပ်မလဲ"

"ဖယောင်းတိုင်တော့ ရှိမှာပေါ့၊ ကောင်းဆီမှာ မီးခြစ်ပါတယ်"

"ဒါဆို ရှာကြည့်လေ၊ ခြင်တွေတောင် ကိုက်နေပြီ"

မိန့်လေးအသံက သနားကြင်နာချင်စဖွယ် ဖြစ်နေတော့လည်း ကောင်းက သူမသဘောကို ဦးစားပေးလိုက်ကာ ဖယောင်းတိုင် အရင် ထရှာရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန့်မိန့်က မျက်မှောင်လေးကုပ်ရင်း ထွက်ပြေးရမလား စဉ်းစားသည်။

ထွက်ပြေးလို့လည်း ရပါ့မလား။ ခြံက အကျယ်ကြီး။ လူသူကင်းမဲ့ တိတ်ဆိတ်နေတာ ကြောက်စရာပင်ကောင်းသည်။

ပြီးတော့ ဖိုးလပြည့်က ကားတစ်စီးနှင့် ခြံထဲမှာ စတန်းဘိုင် ရှိနေသေးတာ။

အခါအခွင့်မသင့်သဖြင့် ပင့်သက်သာ ရှိုက်မိသည်။

ကောင်းကိုပဲ ပြန်ကြဖို့ ချော့မော့တောင်းပန်ရမှာပဲ။

ကောင်းက ဖယောင်းတိုင်တစ်ထုပ် ရှာဖွေထုတ်လာ ကာ တစ်တိုင်ကို မီးထွန်းညှိလိုက်၏။

အိမ်လေးထဲမှာ အလင်းရောင်မှိန်မှိန်လေးတော့ လင်းဖြာသွားလေပြီ။

"ကောင်းပါတယ်၊ Candle Lightနဲ့ဆိုတော့ ပိုပြီးတော့တောင် Romantic ဖြစ်သေးတယ်၊ ဟား ဟား"

သူက ဖယောင်းတိုင်မီးရဲ့ အလင်းရောင်မှာ ဆံနွယ်လေးတွေ ဖရိုဖရဲ ဝဲကျပြီး မျက်လုံးတောက်တောက်လေးတွေနှင့် လှချင်တိုင်း လှကာ စွဲမက်ရင်ခုန်ဖွယ်ကောင်းနေသော မိန့်ကို နက်နက်





ရှိုင်းရှိုင်းကြည့်ကာ ပြောတာဖြစ်သည်။

အခြေအနေနှင့် အချိန်အခါ နေရာဒေသလေးကလည်း ကောင်းကို အသက်ရှူမှားအောင် ဖန်တီးတွန်းပို့နေသည်။

ဒီညဦးလေးဟာ သူ့ဘဝမှာ အလှဆုံး ညတစ်ညလို့တောင် ဆိုချင်ဆိုနိုင်သည်။

မိန့်လေးက သူ့အကြည့်ကို ရင်မဆိုင်ဘဲ ခေါင်းငုံ့မျက်နှာလွှဲသွား၏။

မိန့်ကတော့ စိတ်တွေကျဉ်းကျပ်နေမိသည်။

ရည်းစားက ခိုးလာခဲ့ပြီဆိုပေမယ့် သူမ ဘယ်လိုမှမပျော်နိုင်။

ကိုယ့်စိတ်ကိုယ်လည်း မိန့် အခုမှ သတိပြုမိတာပါ။

သူမက ကိုယ့်ရဲ့အပျိုစင်ဘဝလေးကို အသက်တမျှ တန်ဖိုးထားသူပါ။ ဘယ်နည်းနှင့်မှ ပစ်စလက်ခတ် ဆုံးရှုံးမခံနိုင်။

ဘယ်လောက်ပဲချစ်ချစ် မိန့် ဒီလိုတော့ မမိုက်မဲနိုင်။

ကောင်းရဲ့အကြောင်းကို သိသွားတဲ့အခါ သူမရင်ထဲက ခိုင်သောအချစ်တွေဟာ ရေခဲတုံး အရည်ပျော်သလိုပဲ ခဏနှင့် ပျော်ကျပျက်စီးသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ နှလုံးသားထဲ ပြန်ရှာလို့လည်း ဒီအချစ်က အစိုင်
အခဲအဖြစ် ရှိမနေတော့ပါဘူး။

သို့သော် သူ့ကိုတော့ မိန် အမုန်းအတိုင်း ပြောလို့မဖြစ်ပါ

ဘာပဲဖြစ်ဖြစ် သူ့ကို လှည့်ဖျားအလိမ်မှာသုံးကာ လွှ
လမ်းရှာရဦးမည်။

မှားပြီဟူသော နောင်တနှင့်အတူ အရင်ဆုံး ပေါ်ပြီးသတိ
ရမိသူမှာ ဦးဂုဏ်လူကိုပဲ ဖြစ်သည်။ သူဟာ မိန့်ကို အလိုလိုက်
တတ်သူ၊ မိန့်ဆန္ဒတွေကို အမြဲတမ်း ဦးစားပေးတတ်သူ။

ဒက်ဒီကိုယ်တိုင် သဘောတူပေမယ့် သူက မိန့်ကို သိမ်း
ပိုက်ဖို့ တစ်ဖက်သတ် အားမထုတ်ခဲ့ပေ။

ဒက်ဒီ့မျက်နှာ ဒက်ဒီစကားသံများကိုလည်း မြင်ယောင်
ကြားယောင်မိသည်။ ကြီးမေရဲ့ သတိပေးဆုံးမစကားများကို သေချာ
မလိုက်နာမိတာ မိန့် အပြစ်ပါပဲ။

အရေးထဲမှာ သူမရဲ့လက်ကိုင်ဖုန်းက ကားထဲ မေ့ကျ
ရစ်ခဲ့သေးသည်။

ဒီအချိန်သာ ဖုန်းဆက်ခွင့်ရမယ်ဆိုရင် ကိုဂုဏ်ကြီး
အားကိုးတကြီး ဖုန်းခေါ်မိမှာ သေချာသည်။





ကိုဂုဏ်ရယ်

အထင်မလွဲပါနဲ့။

မိန့်သဘော မိန့်ဆန္ဒနဲ့ ဒီကိုပါလာခဲ့တာ လုံးဝမဟုတ်
ပါဘူး။

ယခု မိန်မိန့်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ ကိုဂုဏ်
ကိုယ်ချင်းစာ နားလည်ပေးနိုင်မှာမဟုတ်ပါဘူး။

သူမရဲ့စိတ်ထဲက တမ်းတမှုတွေကို ကောင်းကတော့ မသိ။

"မိန်လေး ခေါက်ဆွဲကြော်ကြိုက်လား၊ ကားပေါ်မှာ
ခေါက်ဆွဲကြော်ဘူးတွေ ဝယ်ထားတာတော့ ရှိတယ်၊ ဒီကျရင်
ဗိုက်ဆာမှာပဲဆိုပြီး ဖိုးပြည့် ဝင်ဝယ်လာတာ"

ဒါကြောင့် ကားထဲမှာ ခေါက်ဆွဲကြော်နံ့ ရနေတာကိုး။

သူတို့က ကျကျနန စီစဉ်ခဲ့ပြီးသားပါလား။

တစ်ခုခု အပြောင်းအလဲဖြစ်ပြီး အခွင့်အရေး ရမလား
ထားမိတဲ့ မိန်မိန့်မှာ စိတ်ဓာတ်ကျသွားပါသည်။

"စားပွဲတွေ ဘာတွေတော့ မရှိဘူး၊ ဒီကွပ်ပျစ်ပေါ်မှာပဲ
ထိုင်စားလိုက်တာပေါ့။ ကောင်း ပြင်ပေးမယ်၊ ဟိုကောင့်ကို
ထမင်းခေါ်လိုက်ဦးမယ်၊ ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



သူက အိမ်အပြင် လေ့ကားထစ်ဆီဆင်းပြီး ဖိုးလပြည့်ကို လှမ်းခေါ်သည်။

''ဟေ့ကောင် ဖိုးပြည့်၊ ခဏလာဦးကွ''

ဖိုးလပြည့်သည် ကားအနီးမှာ မတ်တတ်။

ဒီညလည်း သူ ကားထဲမှာ အိပ်ရမှာလားဟု တွေးနေတုန်း ကောင်းကောင်းက လှမ်းခေါ်သည်။

သူ အိမ်ဘက်လျှောက်လာတော့

''ဖိုးပြည့် မိန်းလေးက ဗိုက်ဆာပြီတဲ့ကွ''

''ဟာ သူဆာရင် မင်းဘာသာကျွေးပေါ့၊ ငါနဲ့ဘာဆိုင်လဲ''

''ဟေ့ကောင် ခေါက်ဆွဲကြော်က ကားထဲမှာလေကွာ ဘယ်လိုကျွေးရမှာလဲ''

''အဟဲ ဟုတ်လား''

ဖိုးပြည့်က ရယ်ကျဲကျဲနှင့်

''သွားယူခဲ့ကွာ၊ မင်းလည်း လာစားလိုက်ပေါ့''

''ငါ မစားပါဘူး၊ မင်းတို့နှစ်ယောက်ပဲ အေးအေးဆေးဆေး စားစမ်းပါ၊ ငါ့ဟာငါ ကားပေါ်မှာပဲ ဆွဲလိုက်မှာပေါ့''





''အဲဒီမှာ မှောင်နေပြီလေကွာ၊ ခြင်လည်း ကိုက်မယ်''

''ရတယ်၊ ဘာမှမပူနဲ့၊ လက်နှိပ်ဓာတ်မီးလည်း ပါတယ်၊ ခြင်ဆေးခွေလည်း ပါတယ်၊ မင်းပါ ယူထားဦးမလား၊ ဟဲ ဟဲ မင်းကတော့ အခုနေ ခြင်ကိုက်လည်း ကိုက်မှန်းသိမယ့်ကောင် မဟုတ်ပါဘူး''

''သွားစမ်းပါ၊ အပိုတွေလျှောက်ပြောမနေနဲ့''

ကောင်းကောင်းက ဖိုးလပြည့်ကို အသာတွန်းလွှတ်လိုက်သည်။ ဒီကောင်က ကူညီချင်စိတ်တော့ ရှိသည်။ ဘော်ဒါတွေ့ထဲ ဒီကောင်မဆိုး။ အမြဲတမ်း အားကိုးရသည်။

အခုလည်း ဘီယာဘူးက အစ၊ သူ့အတွက် စီးကရက်၊ မိန်းလေးဖို့ အချဉ်ထုပ်စားစရာအဆုံး ဒီကောင်ပဲ အပြည့်အစုံ ဝယ်လာတာ။

အခုလို လိုအပ်တော့ အဆင်သင့်ပါပဲ။

ဖိုးပြည့်က စားစရာအထုပ်အပိုး ကြွပ်ကြွပ်အိတ်တွေ သွားဆွဲလာသည်။

ကောင်းက ထွက်ယူသည်။ မိန်မိန်ကတော့ တိတ်တဆိတ် ငုပ်တန့်ကာ ဘာလုပ်ရရင်ကောင်းမလဲ အကြံထုတ်နေဆဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တောင်းကောင်းက အထုပ်တွေဖွင့်ကာ ကွပ်ပျစ်ပေါ်မှာပဲ စားဖို့သောက်ဖို့ ပြင်ဆင်လိုက်သည်။

ဖယောင်းတိုင်ကို နောက်တစ်တိုင် ထပ်ထွန်းသည်။

ဒါဟာ မိန်နဲ့ သူနဲ့ နှစ်ယောက်တည်း Romantic ဆန်ဆန် စားရမယ့် ထမင်းဝိုင်းလေ။

ပြီးလျှင် မိန်မိန့်ကို သူ့ရင်ခွင်မှာ ခိုလှုံစေဖို့ ချော့သိပ်ရမည်။

ကျန်တဲ့ပြဿနာတွေအားလုံး နောက်မှရှင်း။ ကောင်း ဘာမှဂရုမစိုက်။ အရေးကြီးတာ မိန်မိန့်ဖူးနီကို ပိုင်ဆိုင်ခွင့်ရသွားဖို့ပင်။

ဒီလိုသူဌေးသမီးလေးကို ရပြီဆိုလျှင် တစ်သက်စားမကုန်အောင် ချမ်းသာပြီပေါ့။

သူ့ဇနီး ဖြစ်သွားပြီဆိုမှတော့ ဘယ်သူတွေက လိုက်ခွဲနိုင်ဦးမှာလဲ။

တကယ်တမ်း ခေါက်ဆွဲကြော်လည်း ရှေ့ရောက်ရော မိန်မိန် တစ်ဇွန်း နှစ်ဇွန်းထက် ပိုမစားနိုင်။

စိတ်ထွေပူပြီး တုန်လှုပ်နေတော့ မျိုလည်းမကျပါဘူး။





"ဘာဖြစ်လို့လဲ မိန်မိန်၊ စားလို့မကောင်းဘူးလား"

ကောင်းက သတိထားမိစွာ မေးလိုက်သည်။

"ကောင်းပါတယ်"

မိန်လေးရဲ့ဖြေသံက အေးတိအေးစက်။

"ကိုယ် ဘီယာနည်းနည်းသောက်မယ်နော်"

သူက မိန့်ထံ ခွင့်တောင်းသလို ဆိုသည်။ မိန် သူ့ကို ဘာမှပြောချင်စိတ်မရှိ။

ဒီညကို မိန် သူနှင့်အတူ ဖြတ်သန်းရမှာလား။

ဒါကိုပဲတွေးပြီး အားငယ်ဝမ်းနည်းနေမိသည်။

မိန်နဲ့ ခပ်ဝေးဝေးမှာနေပေးဖို့ သူ့ကို ဘယ်လိုတောင်းပန်ရပါ့မလဲ။

မကြံတတ်အောင်ပင် ဖြစ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"တောက် ဒီကောင်မလေး ဒီလောက်မိုက်မယ်လို့ ငါ
မထင်ဘူး၊ ကြည့်စမ်း ဒါဆို အခု ဟိုကောင်နောက် လိုက်သွား
တဲ့သဘောပေါ့ ဟုတ်လား"

အန်ကယ်ရာဇာ ဒေါသအိုးပေါက်ကွဲနေသဖြင့် ကြီး
လည်း သူ့အပြစ်ဟု ယူဆကာ အသံမထွက်ရဲ။

ဂုဏ်လူကတော့ ဖုန်းတစ်လုံးနှင့် ဟိုဆက်ဒီဆက် စုံ
မေးမြန်းနေသည်။

သူ အရမ်းစိတ်ပူနေပေမယ့် အချိန်မီ မိန်လေးကို ပြန်
တွေ့ဖို့က အရေးကြီးနေသည်မဟုတ်လား။

"ဟဲလို အခုပြောတာ ဘယ်သူလဲ၊ ဖိုးလပြည့်လား"

ကောင်းမင်းသုန် ဘော်ဒါတွေဆီ သူသိသမျှ လှမ်းစုံ
ရ၏။





"မဟုတ်ပါဘူး၊ ကျွန်တော် သူ့ညီပါ"

"အေး ဟုတ်လား၊ ဖိုးလပြည့် ဘယ်သွားလဲ"

"ညနေတုန်းက အပြင်ထွက်သွားတယ်"

"ကောင်းကောင်းနဲ့လား"

"ဟုတ်တယ် အစ်ကို၊ အစ်ကိုက ဘယ်သူလဲ၊ ကိုဖိုးပြည့် သူငယ်ချင်းလား"

"ငါ ဘယ်သူဆိုတာ ပြောပြမယ်၊ အခု မင်း အိမ်ကပဲ စောင့်နေပါ၊ ငါ ထွက်လာမယ်၊ ကောင်းကောင်းတို့ ဘယ်သွားလဲ မင်းသိလား"

"မော်ဘီလို့တော့ ပြောတယ်ဗျ"

သတင်းရသွားသဖြင့် ဂုဏ်လူ အားတက်သွားမိသည်။

အန်ကယ်နှင့်အတူ ချက်ချင်းပဲ ထွက်လာခဲ့သည်။

ဖိုးလပြည့် ညီကို အကျိုးအကြောင်းပြော၍ ကားပေါ် တင်ခေါ်လာခဲ့ရသည်။

ကောင်လေးမှာ နေရင်းထိုင်ရင်း လမ်းပြလုပ်ရသဖြင့် ကြောက်လည်းကြောက်နေ၏။

သူက ဒီပြဿနာတွေကိုမသိဘဲ ရိုးရိုးသားသား မော်ဘီ



www.burmeseclassic.com

www.burmeseclassic.com



သွားကြောင်း ပြောမိတာ။

ကိုကောင်းမင်း မိန်းမခိုးပြေးတာ သူမှမသိဘဲ။

အခုတော့ ဘုမသိဘမသိနှင့် သူပါ ညပ်ပါခဲ့ရပြီ။

ဂုဏ်လူသည် ကားကို တည်တည်ငြိမ်ငြိမ် မောင်းနေရသော်လည်း စိတ်တွေကဖြင့် ပူထူလှုပ်ရှားနေရပါသည်။

မိန့်လေး မိန့်လေး။

တကယ်ပဲ ကောင်းကောင်းနောက် လိုက်သွားတာလား။

ဒါမှမဟုတ် ဟိုကောင်လေးကပဲ လှည့်ပတ်ပြီး ညာခေါ်သွားတာလား။

ကြီးမေပြောပုံအရဆိုရင် မိန့်မိန့်မှာ ထိုရည်ရွယ်ချက်မျိုးရှိပုံမရ။

မိန့်လေးဟာ ဘာမှလည်း အမွှအရာမပျက်၊ ဘာမှလည်း ပြင်ဆင်ထားပုံ မရဘူးတဲ့။

သူမရဲ့ GSM ဖုန်းပင် ကားထဲမှာ ကျန်ရစ်ခဲ့သေးသည် မဟုတ်လား။

ခဏတဖြုတ် ချိန်းတွေ့စကားသွားပြောတာလောက်သာ ဖြစ်မှာပါ။





မိန့်လေး ဒီလောက်မမိုက်မဲဘူးဟု သူ ယုံကြည်နေဆဲပါ။

မော်ဘီကိုသာ တရကြမ်း လိုက်လာခဲ့ပေမယ့် ထိုသတင်းကို သူ ဘယ်လိုမှ လက်မခံနိုင်။

အန်ကယ်လ်ကတော့ ကားရဲ့ရှေ့တူရူကိုသာ ကြည့်ရင်းသွေးအေးအေး ဖြေရှင်းမည့်ပုံပေါ်သည်။

သူကတော့ ရင်မအေးနိုင်။

တကယ်လို့ မိန့်မိန့် ကိုယ်တိုင်ကသာ ကျေနပ်ကြည်ဖြူစွာ လိုက်လျောပြီး ကောင်းမင်းသုန် နောက် တကယ်ပါသွားတာဆိုလျှင် ဂုဏ်လူ ဘာမှပြောစရာမရှိတော့ပါ။

သူတို့ချစ်သူချင်း ခိုးယူပေါင်းသင်းကြပါပြီဆိုလျှင် ဘာတတ်နိုင်ပါမည်နည်း။

အန်ကယ်ရာဇာကိုသာ ဒေါသမကြီးဖို့ စိတ်လိုက်မာန်ပါ ဘာမှမလုပ်မိဖို့ ဘေးက ထိန်းသိမ်းဖျောင်းဖျရုံသာ ရှိတာပေါ့။

ဒီလိုမှမဟုတ်ဘဲ မိန့်လေးက အလိုမတူပါဘဲ ကောင်းမင်းသုန်က အတင်းအဓမ္မ ခိုးယူဖို့ကြံစည်တာဆိုလျှင်တော့ ဒီပြဿနာက မလွယ်။

အန်ကယ်က သူ့သမီးကိစ္စ လွယ်လွယ်နှင့် ကျေအေး



www.burmeseclassic.com

www.burmeseclassic.com



အလျှော့ပေးမည်မထင်။

ရှေ့လျှောက် ရင်ဆိုင်သွားရမည့် ပြဿနာများကိုတွေးကာ ဂုဏ်လူ ရင်လေးမိသည်။

ကမ္ဘားရွားထိုးနှင့် ချက်ချင်းတန်းလိုက်လာပေမယ့် သူဟာ မိန့်လေးကိုယ်တိုင် သဘောတူလိုက်ပါသွားတာဟု ဘာကြောင့် မထင်မိတာလဲ။

ကောင်းမင်းသုန်က အတင်းအကျပ် နိုးပြေးသွားတာပဲ ဖြစ်မှာဟု သူ ဘာကြောင့် တစ်ထစ်ချ ထင်ရတာလဲ။

ပူလောင်နေတဲ့ နှလုံးသားဟာ မိန့်လေးအတွက် စိုးရိမ်မှုတွေနှင့် တင်းကျပ်မောဟန်းနေသည်။

မိန့်လေး ဒုက္ခရောက်နေပြီဟု သူ ထင်သည်။

သူ့ကို စိတ်ချင်းဆက်သွယ် သတင်းပို့နေသလိုမျိုး သူ ခံစားရတယ်ဆိုရင် ယုံပါ့မလား။

မိန့်လေး

ကောင်းမင်းသုန် လက်ထဲမှာ မင်း မကျရှုံးစေရဘူး။

သူသာ မင်းကို အနိုင်ကျင့်သိမ်းပိုက်ခဲ့ရင် ငါနဲ့တွေ့သွားစေရမယ်။





အလိုမတူဘဲ နိုးခဲ့တာဆိုရင် ငါကိုယ်တိုင် ဒီကောင့်ကို လက်သီးစာ ကျွေးပစ်လိုက်မယ်။

ဂုဏ်လူက အံကြိတ်ရင်း စိတ်ထဲမှာ ကြုံးဝါးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ခေါက်ဆွဲကြော်စားပြီးနောက် ကောင်းက ဖော့ဘူးတွေ သိမ်းဆည်းရှင်းလင်းကာ ကွပ်ပျစ်လေးကို ပြန်၍ သန့်ရှင်းလိုက်သည်။

ပြီးလျှင် ဖျာနှင့် ခေါင်းအုံး သွားယူကာ ပြန့်ခင်းလိုက်၏။

ဒီတစ်ညတော့ ဖြစ်သလိုပဲ အိပ်စက်ရမည်။

ဒါတောင် ဒီမှာနေတဲ့ ဦးစိုင်းလီကို ကြိုပြီးဖယ်နိုင်းထားရတာပါ။

ဖိုးလပြည့်က မပြန်ဘဲ ကားပေါ်မှာအိပ်ဖို့စီစဉ်ထားပြီးသား။

မိန့်မိန့်ဖူးနီသည် သူ့အရိပ်အခြေကြည့်ကာ တုန်လှုပ်နေမိပြီး မပေတဲ့လက်လေး ဆေးချင်ယောင်ဆောင်ကာ အိမ်ပြင်က





ချိုးအိုးနားသို့ အသာဆင်းလိုက်သည်။

"မိန့်လေး ဘယ်လဲ"

သူက မျက်ခြည်ပြတ်မခံဘဲ တွယ်ကပ်နေသဖြင့် ချက်ချင်း မိန့်အနား ရောက်လာပါသည်။

"လက်ဆေးချင်လို့"

"ဒီမှာပဲနေ၊ လက်ဆေးရေ ကိုယ်ယူပေးမှာပေါ့"

"ဟင့်အင်း ငါ့ဘာသာဆေးမယ်"

မိန့်မိန့်က လှေကားထစ်ဆင်းလို့မဆုံးခင် သူက ပြန်ဆွဲဘင်ပါသည်။ မိန့်လည်း အဲဒီလှေကားထစ်ပေါ်မှာပဲ ထိုင်ချလိုက်သည်။

"ဟာ ဒီမှာ ဘာလို့ထိုင်တာလဲ၊ ထ ထ"

"ဒီမှာထိုင်လို့ကောင်းတယ်၊ လသာနေတယ်"

"လ မသာပါဘူး၊ လပြည့်ဖို့ လိုပါသေးတယ်"

ဘာပဲဖြစ်ဖြစ် လရောင်လေးရှိနေတဲ့ အိမ်အပြင်လှေကား သစ်မှာပဲ မိန့်မိန့်က ပေကတ်ပြီး ရအောင်ထိုင်နေလိုက်သည်။

ဒါဟာ အိမ်ထဲထက်စာလျှင် ပိုပြီးလုံခြုံစိတ်ချရသည်။

သူ အတင်းဆွဲခေါ်ရင် မိန့်က လှေကားလက်ရန်းကို



www.burmeseclassic.com

www.burmeseclassic.com

မလွှတ်တမ်း ဆုပ်ကိုင်ပေကာတ်နေလိုက်မည်။

ဖိုးလပြည့်လည်း ကားထဲရှိနေတော့ သူလည်း သိပ် ရုပ်ပျက်ဆင်းပျက်ကြီး မရအရ အိမ်ထဲခေါ်ဖို့ မလွယ်တော့ဘူးပေါ့။

မိန်မိန်က ကိုယ့်စိတ်ကူးနှင့်ကိုယ် လှေကားထစ်ပေါ်မှ ပြန်မထတော့ပေ။

သူက ဘေးချင်းကပ် အသားချင်းထိအောင် ဝင်ထိုင် လိုက်သည်။ ပြီးလျှင် ပခုံးကို ထွေးဖက်ပြန်၏။ မိန်က ပခုံးပေါ် က သူ့လက်ကို အားမနာဘဲ ဖယ်ချလိုက်သည်။

မိန့်စိတ်ထဲမှာ သူ့အပေါ် ခါးသီးသွားခဲ့ပြီ။

အနိုင်အမာ တည်ဆောက်ထားပြီဟု မိန် ထင်မိသော အချစ်သည် မိနစ်ပိုင်းလေးနှင့် ပြိုယိုင်လဲပြီး စုန်းစုန်းမြုပ်ခဲ့လေပြီ၊

“ဘာဖြစ်တာလဲကွာ”

“ဒက်ဒီနဲ့ ကြီးမေ အရမ်းစိတ်ပူနေလောက်ပြီ”

“ဒီအချိန်မှာ အဲဒါတွေ လာမပြောနဲ့တော့”

“ပြောရမှာပဲ၊ လူကြီးတွေ စိတ်ပူအောင် ရှင်ပဲလုပ်တာ”

“ဟ ဒီလိုမှမလုပ်ရင် မင်းဒက်ဒီက ကိုယ်နဲ့သဘောတူ မှာမှ မဟုတ်တာ”





အခုတော့ ဒက်ဒီတင် သဘောမတူတာမဟုတ်၊ သူမ ည်း ဒီလိုယောက်ျားကို ရှေ့ဆက်ပတ်သက်ဖို့ ဆန္ဒမရှိတော့ပါ ူး။

သူ့ကိုလက်ခံပြီး လွယ်လွယ်ချစ်မိတဲ့ အမှားများကို အခု က်ချင်း ပြန်ပြင်ဆင်လိုက်ချင်သည်။

ကိုဂုဏ်။

မိန့်အမှားကြောင့် မိန့်ဘဝ ပျက်ရတော့မှာလားဟင်း

ရင်ထဲက ပြင်းပြင်းပြပြ တမ်းတမိသည်။

မိန်မိန် ဒီမှာရှိမှန်းသာ သူသိလျှင် ချက်ချင်းရောက်လာ ဲ့ပဲဟု စိတ်ထဲက ယုံနေမိသည်။

သူ ရောက်လာပါစေဟု ဖြစ်နိုင်နိုင် မဖြစ်နိုင်နိုင် ထပ်ခါ ဲလဲ ဆုတောင်းနေမိသည်။

ကောင်းမင်းသုန်က ထိတ်လန့်စိတ်ပူနေပုံရတဲ့ မိန်မိန့် ်နှာလေးကိုကြည့်ကာ သူ စကားမမှားစေဘဲ ချော့မော့မှသာ ည်ဟု သဘောပေါက်မိသည်။

အေးစက်နေသော သူမလက်ဖျားလေးကို သူ့ဘက်ဆွဲ ီး ဖျစ်ညှစ်ဆုပ်နယ်နေမိသည်။


www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျောင်းအိတွေးသော နူးနူးညံ့ညံ့ လက်လေးရဲ့ အငွေ့ ဟာ သူ့စိတ်တွေကို လှုပ်ရှားစေသော်လည်း အင်မတန်ခေါင်းမာ ပုံရတဲ့ သူမကိုကြည့်ပြီး သက်ပြင်းတစ်ရှိုက်သာ ချမိ၏။

* * *



ကားမီးရောင်က ရုတ်တရက် သူမဆီအရင်ဆုံးကျရောက် လာသည်။

မြင်ဖူးသမျှ ကားမီးရောင်လင်းလင်းတွေထဲ ထိုညက မီးရောင်လောက် လှပတာ မရှိတော့ပါဘူး။ ကားစက်သံကြားရ တာနှင့် ရင်က အလိုလို တလှုပ်လှုပ်ခုန်လာသည်။

"လာပြီ တကယ်ရောက်လာပြီ၊ ဒါ အိမ်ကကား၊ သေချာတယ်"

မျှော်လင့်ချက်အတွေးဟုန်နှင့် မိန်မိန်ဖူးနီက ထိုင်နေရာ မှ ပြုန်းခနဲ ခုန်ထသည်။

"ယော့ကောင် ကောင်းကောင်း၊ မိန်မိန့်အိမ်က လိုက်လာ ပြီထင်တယ်"

ဖိုးလပြည့်က အလန့်တကြား သတင်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းသွားတာပေါ့။

“သမီး မိန်လေး”

“ဒက်ဒီ သမီး ခိုးရာလိုက်တာမဟုတ်ဘူးနော်၊ အထင်မလွဲပါနဲ့၊ သမီးကို သူ အတင်းခေါ်လာတာပါ”

“အေးပါ ဒက်ဒီ သိပြီ၊ သွား ကားပေါ်တက်”

ဦးမင်းရာဇာက သမီးဖြစ်သူကို အရင်ဆုံး ကားပေါ်တက်စေလိုက်သည်။

“အစ်ကို ကျွန်တော် တောင်းပန်ပါတယ်၊ သူတို့ သမီးရည်းစား ချိန်းစကားပြောရင်း ဒီထိလာမိတာပါ၊ တမင်ရည်ရွယ်တာ မဟုတ်ပါဘူး”

ဖိုးလပြည့်က ဝင်တောင်းပန်လျှင်

“ဟေ့ကောင် မင်း အပိုတွေမပြောနဲ့၊ ကောင်းမင်းသုန် ဘာကောင်လဲ ငါသိပြီးသား”

ကောင်းက အံကြိတ်ပြီး ပေတေတေ ကြည့်နေ၏။

ဂုဏ်လူကို ဖိုးပြည့်သာ ဆွဲမထားရင် သူ့ကို ဘယ်နှစ်ချက် ထပ်ထိုးကြိတ်မလဲ မသိနိုင်။

အခုတောင် ပါးချိတ်ရိုးမှာ ဖူးရောင်နာကျင်သွားရပြီ။





အရေးကြီးတဲ့အချိန်မှာ မိန်မိန်က သူ့ဘက် လုံးဝငဲ့မကြည့်သေး၊ မိန့်မိန့်ဖွေးနီ အပြုအမူကို သူ အတော်နာကြည်းမိ၏။ သူ့ရင်ထဲမှာ ဆူပွက်လောင်မြိုက်ကာ လူတွေကြားထဲ ဘယ်လို ရင်ဆိုင်ရမှန်းမသိ။

ရတ်တရက်ဆိုတော့ ပြင်ဆင်လည်း မထား။

ဒီအထိ အခုလို ချက်ချင်း လိုက်လာမည်ဟု သူ မထင်မိ။

သူဟာ ရှုံးနိမ့် အရှက်ကွဲသူတစ်ယောက်အဖြစ် မျက်နှာကြီး ဘယ်လိုထားရမလဲ မသိတော့။

မိန့်မိန့်ဖွေးနီက သူ့အိမ်က မာ့ခ်ဂ္ဂူးကားထဲ အပြေးလေး သွားထိုင်လိုက်ပြီ။

သူဟာ အပြစ်ရှိသူပီပီ ထိုနေရာ၌ ကြာရှည်နေလို့ မဖြစ်တော့။

ဘယ်သူတွေ ဘယ်လိုထင်ထင် ဒီကနေ သူ့အမြန်ဆုံး ထွက်ခွာမှဖြစ်မည်ဆိုတာ ကောင်းမင်းသုန် သဘောပေါက်သွားသည်။

ထို့ကြောင့် ဘာမှမစဉ်းစားတော့ဘဲ သူ့ကားဆီ ပြေး၏။

“ဟေ့ကောင် ဘယ်လဲ”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပြည့် အမေးကို မဖြေ။

သော့တန်းလန်းနှင့် ကားပေါ် ဖျတ်ခနဲဝင်ထိုင်ပြီး လျှင်မြန်စွာ တစ်ဟုန်ထိုး မောင်းထွက်လိုက်သည်။

ကားက နဂိုကတည်းက အပြင်လမ်းဘက်သို့ ဦးတည်ပြီးသား။

``ဝေါ ဝူး''

သူ့အပြုအမူကို အားလုံးက အငိုက်မိပြီး ရပ်ကြည့်နေကြ၏။

ကောင်းကတော့ သူ့ရည်ရွယ်ချက်အားလုံး ပျက်စီးကြေမွသွားပြီမို့ ဘာမှလှည့်ကြည့်မနေတော့ပါ။ ကားကိုသာ တရကြမ်း မောင်းထွက်ခဲ့၏။

``ဟာ ဒီကောင် ပြေးပြီ၊ တွေ့လား၊ အခြောက်လိုကောင် ဂျသမီးတစ်ခုခုဖြစ်လို့ကတော့ ဒီကောင့်ကို အသတ်ပဲ၊ တောက်''

ဦးမင်းရာဇာက သူ ရဲစခန်းမပို့လိုက်ရသဖြင့် တောက်တခတ်ခတ် ဖြစ်နေ၏။

ဖိုးလပြည့်တို့ ညီအစ်ကိုမှာသာ မျက်နှာငယ်ငယ်နှင့် ကျန်ရစ်ခဲ့ကြသည်။





ဖိုးပြည့်ကတော့ ကောင်းကောင်း ထွက်ပြေးလွတ်မြောက်သွားတာကို အပြစ်မမြင်။

ပြဿနာဖြစ်လာမှတော့ ဒီကောင်လည်း ကိုယ်လွတ်ရုန်းပြီပေါ့။

အစကတည်းက ကောင်မလေးနဲ့ ညှိပါဦးလို့ သူပြောခဲ့သားပဲ။ ကောင်းက တဇွတ်ထိုးသမားမို့ နားမထောင်ခဲ့တာ။

အခုတော့ သွားပြီပေါ့။ စီစဉ်ထားသမျှ ရေစုန်မျောပြီ။

ဖိုးပြည့်သည် သူ့ညီ တေိုးကိုသာ ဒီထိ လမ်းပြခေါ်လာရပါ့မလားဆိုပြီး မျက်နှာထိ မျက်နှာထားနှင့် ကြည့်မိသည်။

ညီလေးဟာ လူရိုးလူအေးလေးမို့ မေးတာနှင့် ရိုက်မစစ်ဘဲ ပေါ်တော့မှာ သူ တွေးမိခဲ့ဖို့ကောင်းသည်။

အခုတော့ သူငယ်ချင်းအတွက် ဖိုးလပြည့် ရင်ထဲမကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

မိတ်ကပ်လာပြင်ပေးသူ မာမီကြီးက သူမရဲ့ ဆံထုံးပုံ့ပုံ့မှာ ပန်းမပန်ရသေးခင် ဟဲစပရေးကို နှိပ်ဖြန်းလိုက်ပါသည်။

"ရှီး ရှီး"

မိန်မိန်ဖူးနီ မျက်နှာလေးက ဆံထုံးမြင့်မြင့် ခပ်လှလှလေးနှင့်မို့ ရှင်းလင်းကာ ပို၍ချစ်စရာကောင်းလာရ၏။

မိတ်ကပ်မာမီက နောက်တစ်လှမ်းဆုပ်ကာ သူ့လက်ရာကိုကြည့်ရင်း

"ဟယ် တို့သတို့သမီးလေးက ဆံထုံးနဲ့ သိပ်လိုက်ပါလား၊ ဒီလောက်လိုက်မယ်လို့ ထင်တောင်မထင်ဘူး၊ ကြည့်စမ်းပါဦး"

သူကြည့်ခိုင်း၍ မှန်ထဲသို့ မိန်မိန်က ကြည့်လိုက်သည်။ အဖြူရောင် သတို့သမီးဝတ်စုံနှင့် သူမကိုယ်သူမ ကြည့်





ရတာ ထူးဆန်းနေသည်။

ဒီနေ့ သူမ သတို့သမီး ဖြစ်ရတော့မှာ။

စိတ်ထဲမှာ ဝမ်းနည်းသလိုလို ဝမ်းသာသလိုလိုနှင့် ဘယ်လိုကြီး ခံစားနေရမှန်း မသိပါ။

နှလုံးသားမှာ တုန်ယင်လှိုက်ဖိုနေသည်။

မှန်ထဲက မိတ်ကပ်ပြင်ထားတဲ့ သူမရဲ့မျက်နှာဟာ တစ်ခါမှ မမြင်ဖူးတဲ့ အရုပ်တစ်ရုပ်နှင့် တူနေသည်။ လှတာကတော့ သိပ်လှနေသည်။

ကော့ညွတ်သော မျက်တောင်တုစိပ်စိပ်ကို မျက်လုံးပုတ်ခတ်ကြည့်ရင်း မိန် ရယ်လည်းရယ်ချင်သည်။

ဒက်ဒီ၊ ကြီးမေနှင့် အိမ်ကလူတွေအားလုံးလည်း အရေးတကြီး လှုပ်ရှားပြင်ဆင်နေကြသည်။

မိတ်ကပ်မာမီက ပြီးရင် ကိုဂုဏ်ကိုလည်း ပြင်ပေးဦးမှာ။ ရင်ဖုံးတိုက်ပုံအကျီမှာ ပန်းကပ်ချိတ်ထားမယ့် သူသတို့သားကို မိန် မြင်ရဦးမည်။

မော်ဘီက ပြန်ရောက်လာတဲ့ညမှာကတည်းက ဒက်ဒီက အောလူနှင့် သူမကို အမြန်ဆုံးလက်ထပ်ပေးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်



www.burmeseclassic.com

www.burmeseclassic.com


သည်။

တကယ်လည်း ဒီဆန်းဆေးမှာ မင်္ဂလာပွဲဖြစ်မြောက်အောင် အလျှင်စလို အပြေးအလွှား ဒုန်းစိုင်းပြင်ဆင်ခဲ့သည်။

စီစဉ်စရာကိစ္စဝိစ္စ ဒီလောက်အများကြီးကို ရက်နည်းနည်းလေးနှင့် ပြီးအောင်စီစဉ်နိုင်တာ အံ့သြချီးမွမ်းစရာပါ။

သတို့သားလောင်းဖြစ်တဲ့ ဂုဏ်လူမှာလည်း မအောမပန်းပင် ဖိတ်စာဝေတာကစပြီး ဧည့်ခံပွဲလုပ်မည့် ခြံဝင်းထဲ နေရာထိုင်ခင်းကျင်းစီစဉ်တဲ့အထိ ကိုယ်တိုင်ပါဝင် လုပ်ဆောင်ရှာသည်။

ထင်တုန်းက တော်တော်နှင့် အကောင်အထည်ပေါ်မလာသော မင်္ဂလာပွဲဟာ ဖြစ်မြောက်ချင်တော့လည်း ရက်ပိုင်းကလေးနှင့် ကျင်းပဖြစ်တော့မှာမဟုတ်လား။

ဒက်ဒီနှင့် ကြီးမေတို့ရဲ့ ဆန္ဒအရ အခုလို အလျှင်အမြန် ဧည့်ခံပွဲ ကျင်းပဖို့ ဖြစ်လာတာ။

ကိုဂုဏ်လူက မော်ဘီကအပြန် ကားပေါ်မှာ သူမ ကြိတ်ပြီး ငိုရှိုက်နေတုန်းက သူမကို တစ်ခုခုမေးချင်ပုံရပြီး မနေ့ကညမှ ထိုမေးခွန်းကို မေးခဲ့သည်။

"မိန်လေး ကိုယ်နဲ့လက်ထပ်ရမှာ စိတ်မကောင်းဖြစ်နေ





သလားဟင်"

"အို ကိုဂုဏ်ကြီးကလည်း"

မိန်မိန်ဖူးနီက ရှက်စနိုး မျက်လွှာချသွား၏။

"မင်းကိုကြည့်ရတာ ခံစားနေရတဲ့ပုံလေးဆိုတော့"

"စိတ်ထဲမှာ ဟစ်မျိုးကြီးတော့ ဖြစ်နေတာပေါ့နော်၊ အဲဒါ ကိုဂုဏ်ကြောင့် မဟုတ်ပါဘူး"

"ဒါဆို ဟိုချာတိတ်ကြောင့်လား"

"ရှင်"

"သူ့ကို တကယ်စိတ်နာကာကာလား မိန်မိန်၊ ကိုယ့်ကို မချစ်ဘဲနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ရဲတာရော သူ့ကြောင့်လား"

"ဟင့်အင်း"

"အဲဒီညကတည်းက ကိုယ်မေးချင်တာ၊ မိန်လေးအပေါ် သူ ကျူးလွန်ခဲ့တာရှိရင် ကိုယ့်ကို ဖွင့်ပြောပါ၊ သူ့ကို ဒီလောက်နဲ့ ခွင့်လွှတ်ကျေအေးပေးမှာ မဟုတ်ဘူး"

မိန်မိန်က သူ့ကို ဆတ်ခနဲ မော့ကြည့်ကာ

"သူနဲ့ မိန်နဲ့ ဘာမှမဖြစ်ခဲ့ကြပါဘူး၊ ကိုဂုဏ်က မိန်ပြောတာ မယုံလို့လားဟင်"


www.burmeseclassic.com

www.burmeseclassic.com



"မယုံလို့ မဟုတ်ပါဘူး"

သူက မျက်နှာလွှဲကာ အားနာသလိုဆိုသည်။

အင်းလေ မိန့်အပေါ်မှာ သူ မယုံသင်္ကာများဖြစ်မယ်ဆိုရင်လည်း ဖြစ်စရာပဲပေါ့။

အခုလို နာမည်ပျက်တစ်ခု အမဲစွန်းထင်ရတာကို မိန့်ဝမ်းနည်းလို့ မဆုံးပါ။

အထူးသဖြင့် ကိုဂုဏ် မယုံမှာကိုပဲ ပိုစိုးရိမ်မိသည်။

ကိုယ်မေးတာကို မိန်လေး တစ်မျိုးမတွေးနဲ့ဦး။

မေးပြီးကာမှ ဂုဏ်လူက မိန့်မိန့်သိက္ခာကိုမယုံသလိုဖြစ်မှာစိုးကာ အားတုံ့အားနာဖြစ်မိသည်။

"ကဲ ကိုယ်ပြန်မယ်၊ မနက်ဖြန် ခွင့်ခံပွဲရှိတယ်ဆိုတော့ အိပ်ရေးဝအောင် အိပ်လိုက်ဦးနော်၊ ဘာမှတွေးမနေနဲ့၊ ဟုတ်ပြီလား"

မိန့်မိန့်က ခေါင်းညိတ်သည်။ သူ နှုတ်ဆက်ပြန်သွားတော့မှ မိန့်ခေါင်းထဲမှာ တွေးစရာတွေ တလှေကြီး ကျန်ခဲ့၏။

ကောင်းနှင့်ပတ်သက်၍ မိန့် ကိုယ့်လိပ်ပြာ ကိုယ်လုံပြီး စိတ်သန့်ပေမယ့် ကိုဂုဏ်က ဘာတွေများ ဘယ်လိုစဉ်းစားမိသလဲ။





မိန့်ကတော့ သူ့ကို စိတ်ရှင်းရှင်းနှင့်သာ ခေါင်းညိတ်လက်ခံခဲ့တာပါ။

မိန့်ရင်ထဲက အဖြူစင်ဆုံး အချစ်တွေ ပေးအပ်ကာ ဘဝခရီးတစ်လျှောက် အတူလက်တွဲသွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်သည်။

"ကြီးမေရေ ပြီးပြီ၊ သတို့သမီးကို ကြည့်ဦး၊ ဘယ်လောက်လှထားသလဲဆိုတာ၊ သတို့သားမြင်ရင် အသက်ရှူမှားသွားမှာ သိလား"

"ဟုတ်ပါရဲ့၊ ငါ့တူမကြီးက ကျက်သရေရှိလိုက်တာနော်၊ ဒီပုံစံလေးနဲ့မြင်ရတာ ကြီး:… ဝမ်းသာလိုက်တာ သမီးရယ်"

ကြီးမေက ကြည်နူးဝမ်းမြောက် သဘောကျနေပါ၏။

"နေဦး ဗွီဒီယိုကင်မရာမင်း သွားခေါ်လိုက်မယ်၊ မှန်တင်ခုံမှာ ပြင်ဆင်နေတဲ့ပုံလေး စရိုက်လို့ရအောင်"

ကြီးမေ ထွက်သွားမလို့ပြင်ဆဲမှာပဲ အခန်းဝမှာ ကိုဂုဏ်လူ ပေါ်လာပါသည်။

"ဟော သတို့သားလည်း လာပြီဟေ့"

ကြီးမေ အခေါ်အဝေါ်ကြောင့် ဂုဏ်လူ ရင်မှာ ကြည်နူးပီတိနှင့် နွေးခနဲ ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ သား"

ဂုဏ်လူက မိန်မိန်ဖူးနီ အနားသို့ ရောက်လာသည်။

"ပြီးပြီလား၊ အောက်မှာ ဧည့်သည်တွေ တော်တော်စုံနေပြီ"

"ပြီးပါပြီနော်၊ ရှင့်သတို့သမီးက ရယ်ဒီပဲ၊ အခု ရှင်ပဲ ကျန်တယ်"

ဂုဏ်လူသည် ရင်သပ်ရှုမောဖွယ်ကောင်းအောင် လှရက်နိုင်လွန်းသော မိန်မိန်လေးကို မျက်တောင်မခတ်နိုင်အောင်ပင် ငေးကြည့်နေမိသည်။

သူလေးကို ပိုင်ဆိုင်ခွင့်ရပြီဆိုတာ အိပ်မက် မက်နေသလိုပဲ ထင်မိတုန်းပါ။

သူ့ရင်ထဲမှာ မယုံနိုင်အောင်ဖြစ်နေသည်။

ဖြစ်နိုင်လျှင် သူမပခုံးလေးကို ကြင်ကြင်နာနာ ပွေ့ပိုက်ယုယကာ အနမ်းလေးတစ်ပွင့်လောက် ပေးလိုက်ချင်မိသည်။

မိန့်သည် ကိုဂုဏ်ရဲ့ တောက်ပသက်ဝင်လှသော မျက်လုံးရွှန်းရီရီတွေရဲ့ စူးငေးသော အကြည့်မှာ လူက ထူပူပြီး မနေတတ်အောင် ရှက်ရွှေးသွားရ၏။





သတို့သမီးလေးတစ်ဦးရဲ့ ရှက်ရွံ့ရင်ခုန်မှုဟာ ဆန်းကြယ်လှစွာ သူမမျက်နှာတစ်ပြင်လုံး အလိုလို နီမြန်းလာရ၏။

"ဟဲ ရှင့်သတို့သမီးကို ဂရုစိုက်ကြည့်ပြီး လိုတာပြောပါဦး၊ ပြီးရင် ဗီဒီယိုရိုက်မှာနော် အသင့်ပြင်ထား"

မာမီကြီး ကျောခိုင်းလှည့်သွားလျှင် ဂုဏ်လူက စိတ်လှုပ်ရှားစွာ သူမလက်ဖျားလေးတစ်ဖက်ကို မချင့်မရဲ ဆုပ်ကိုင်လိုက်မိ၏။

"လှလိုက်တာကွာ၊ ကြည့်လို့တောင် မဝဘူး"

နူးညံ့တိုးဖွသော စကားသံကြောင့် မိန့်နှလုံးသားမှာ ချိုမြိန်ကြည်နူးသွားမိသည်။

လက်ကလေးကို သူဆုပ်ကိုင်ထားတာ ရှက်ပေမယ့်လည်း မရုန်းမိပေ။

"မိန်မိန် စိတ်လှုပ်ရှားနေလား"

"ဟင့်အင်း"

မိန်မိန်က ညာလိုက်သည်။ တကယ်တော့ စိတ်လှုပ်ရှားနေသည်မှာ ရင်တစ်ခုလုံး တုန်လှုပ်ခုန်ပေါက်နေကာ ဝုန်းဒိုင်းကြဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော့ အရမ်းစိတ်လှုပ်ရှားတယ်ကွာ၊ ကို
တကယ် မိန်းလေးကို ပိုင်ဆိုင်ရပြီပေါ့နော်၊ ပျော်လိုက်တာကွာ"

"ဗီဒီယိုရိုက်မယ်ဟေ့"

ထွက်ပေါ်လာသော ထိုအသံကြောင့် သူက မိန့်လက်
ကမန်းကတန်း လွှတ်လိုက်ပါသည်။

"ခဏနေရင် ဆင်းကြမယ်နော်၊ လူကြီးတွေလည်း စော
နေပြီ"

သတို့သမီးကို မှန်တင်ခုံရှေ့ အလှပြင်နေပုံ၊ လက်ထ
ရတနာဆင်မြန်းပေးနေပုံတွေ မှတ်တမ်းတင် ရိုက်ကူးနေလေ

သတို့သားကတော့ သတို့သမီးလောက် အလှပ်မရှု
ဝတ်စုံက ဝတ်ပြီးသားမို့ ခေါင်းနည်းနည်းထပ်ဖြီး
ရင်ဘတ်မှာ ပန်းကပ်ချိတ်ရုံသာ ရှိပါသည်။

ဦးမင်းရာဇာက သူ၏တစ်ဦးတည်းသော သမီးလေ
မင်္ဂလာဆောင်ခံပွဲကို ခြံကျယ်ကြီးထဲမှာပဲ အခမ်းနားဆုံးဖြစ်အေ
စီမံထားသည်။

တေးဂီတဝိုင်းလည်းပါတာမို့ ရှင်မြူးသော တေးဂီ
များက တစ်ခြံလုံး ဖုံးလွှမ်းထားသည်။





ဧည့်ပရိသတ်များမှာလည်း တဖွဲဖွဲနှင့် ရောက်လာနေကြ
တုန်းပါ။

ခဏအကြာမှာပင် သတို့သားက သတို့သမီး မိန့်မိန့်ဖူးနိ
ကို လက်လေးတွဲခေါ်ကာ ခြံထဲသို့ဆင်းလာပါသည်။

နေဝင်လုဆဲဆဲ တနင်္ဂနွေရဲ့ ညနေဆည်းဆာလေးက
လှပနေသည်။ ခြံထဲမှာ မီးရောင်စုံတို့ ထွန်းထားပုံမှာ လှပကဗျာ
ဆန်သည်။

မင်္ဂလာမောင်နံ့ကို ဆလိုက်မီးကြီး ထွန်းလိုက်သဖြင့် လှပ
လင်းဖြာသွားသည်။

သူတို့နှစ်ဦးရဲ့ မင်္ဂလာအချိန်အခါက အမှန်တကယ်
ကျရောက်လာခဲ့ပါပြီ။

ဂုဏ်လှသည် ရှုမငြီးစရာ သတို့သမီးလေးနှင့် လက်ချင်း
ချိတ်ကာ ဧည့်ပရိသတ်တို့ကို အောင်မြင်ကြည်နူးသောအပြုံးနှင့်
ပြုံးကြည့်လိုက်ပါသည်။

ဒီနေ့ဟာ သူ့ဘဝမှာ အပျော်ဆုံး၊ ရင်အခုန်ရဆုံး နေ့
တစ်နေ့ပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဧည့်ခံပွဲလေး အောင်မြင်စွာ ပြီးစီးချိန်မှာ အချိန်

လည်း အတော်လေး မိုးချုပ်သွားပြီ။

ခဏတဖြုတ်နားပြီး လူကြီးမိဘတွေကို ကန်တော့

သည်။

မိန်လေးက သူ့ဒက်ဒီရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ကာ ဒက်

ဒူးပေါ် မေးတင်ရင်း မျက်ရည်တို့ ရစ်ဝဲလာသည်။

သူ့မဘဝဟာ ပြောင်းလဲသွားပြီ။

ဒီညဟာ ဒီအိမ်မှာ အပျိုဘဝနှင့် နောက်ဆုံးပဲလေ။

ပြီးလျှင် ဒက်ဒီနှင့် ကြီးမေတို့ကိုခွဲကာ ကိုယ့်အိမ်ကို

ပြန် ရတော့မှာ။

"ဟဲ့ မိန်မိန် ငိုဖို့မစဉ်းစားနဲ့၊ ကိုယ့်အိမ်ထောင်နဲ့ကို

ဖြစ်သွားပြီ၊ အရင်လို ကလေးမဆန်ရတော့ဘူးနော် သမီး"





ကြီးမေ သတိပေးတော့ ပို၍ပင် ဝမ်းနည်းမိသည်။

"ကဲ ကဲ ညဉ့်နက်မယ်၊ ပြန်ကြဖို့ပြင်၊ ကြီးမေတို့လည်း

နေခဲ့မှာပဲ၊ ကိုးမိုင်ဆိုတာလည်း ဘယ်လောက်မှဝေးတာမဟုတ်

တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာနဲ့ ကောင်းကောင်း

နေကြ ဟုတ်ပြီလား"

ဆုံးမသြဝါဒတွေခြွေကာ ကြီးမေက မိန်မိန့်ဦးခေါင်းလေး

ဖွဖွသပ်ပေး၏။

"ဟုတ်ကဲ့ပါ ကြီးမေ၊ ကျွန်တော်တို့ သွားတော့မယ်

"

လူကြီးတွေကို နှုတ်ဆက်ကာ ဂုဏ်လူနှင့် မိန်မိန်က ကား

တက်သည်။

ပြီးလျှင် သူတို့နေဖို့ ဒက်ဒီ လက်ဖွဲ့ထားသည့် ကိုးမိုင်

တိုက်လေးရှိရာ မောင်းလာပါသည်။

သူမ ဟိုဟိုဒီဒီ တွေးငေးနေတုန်းမှာပင် ကားက သူမတို့

ထိုင်ရမည့် လုံးချင်းတစ်ထပ်တိုက်ပုလေးရှိရာ ရောက်လာခဲ့ပါ

သည်။

သော့ဖွင့်ဝင်လာကာ အရင်ဆုံး မီးတွေဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးနံ့တို့ဖြင့် တိုက်ကလေးက သစ်လွင်လှပနေ၏။ ပရိဘောဂ အသစ်စက်စက်များ၊ လိုက်ကာ အဝါရောင်ဖျော့ဖျော့တို့ဖြင့် ဖားဖား ဝေအောင် တပ်ဆင်ထားမှုများ၊ ကိုရီးယားပါကေးရောင် လွှင်လွှင် လေးများဖြင့် အိမ်လေးက နေချင့်စဖွယ် ရှင်းသန့်ခမ်းနားနေပါ သည်။

နှစ်ယောက်လုံးမှာ ပင်ပန်းထားသဖြင့် အနားယူချင်နေ ပြီဖြစ်ရာ ဂုဏ်လူက အိပ်ခန်းတံခါးကို ဖွင့်လိုက်သည်။

မိန်မိန်ကတော့ ဧည့်ခန်းက လယ်သာဆက်တီမှာ ခဏ ထိုင်ရင်း မင်္ဂလာအိပ်ခန်းထဲသို့ မဝင်ရဲသလို ဖြစ်နေသည်။

မဝင်လို့ကလည်း မဖြစ်ဘူးလေ။ အဝတ်အစား လဲရဦး မှာ။ မိန့်အဝတ်တွေ အကုန်လုံးက ထိုအခန်းထဲက ဗီရိုထဲ ရောက် နှင့်နေပြီမဟုတ်လား။

လိုအပ်သော အဝတ်အစား အသုံးအဆောင် ပစ္စည်း အားလုံးကို မနေ့ကတည်းက လာပို့ထားပြီးသား။

သူမ တွေဝေဝေထိုင်နေဆဲမှာ ဂုဏ်လူက မြန်မြန်ဆန်ဆန် အဝတ်အစား လဲပြီးသွားပြီ။

ပြန်ထွက်လာတော့ ညဝတ်အင်္ကျီ ဘောင်းဘီအပွတို့နှင့်





[...]သွားလေပြီ။

"မိန်လေး ပင်ပန်းနေပြီလား၊ အဝတ်လဲလိုက်ဦးလေ"

သူ ဒီလိုပြောမှ မိန်မိန်က ထိုင်နေရာမှ ထကာ အခန်း [...]သို့ မရဲတရဲ ဝင်လာမိသည်။

ပြင်ဆင်ထားသော မင်္ဂလာအိပ်ရာဘက် မကြည့်ဘဲ [...]တင်ခုံရှေ့အရင်ထိုင်သည်။

ဝတ်ထားသော စိန်နားဆွဲနှင့် စိန်လည်ဆွဲတုံလေးကို ကိုယ် [...]သာ စမ်းဖြုတ်နေဆဲ ကိုဂုဏ်က သူမနားသို့ လျှောက်လာ [...]သည်။ သူမနားသို့ နီးကပ်စွာ လာရပ်လိုက်တာကြောင့် မိန့်ရင်ထဲ [...]န်လှုပ် အခုန်မြန်သွားရ၏။

သူက မိန့်ကုပ်ပိုးလေးပေါ်က လည်ဆွဲတုံရဲ့ချိတ်ကို [...]သာအယာ ကူညီဖြုတ်ပေးသည်။

စကားတော့ တစ်ခွန်းမှမပြောမိသေး။

မိန့် ဆံထုံးက ပန်းတွေ ကလစ်တွေကိုလည်း သူက [...]င်းကူညီဖြုတ်ပေးသည်။

ဆံထုံးဖြည်လိုက်တော့ မိန့်ဆံပင် ညိုညိုလေးတွေက [...]ခုံးပေါ် ဝဲဖြာကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com

မိန်က ဆံပင်လေးတစ်ချက်ခါလျက် သူ့ထံ မှန်ထဲကနေ ကြည့်မိသည်။

သူကလည်း မိန့်ကို ကြည့်နေသဖြင့် မျက်နှာလေးနွေးခနဲ ဖြစ်သွားမိသည်။

မိန်မိန်က ရက်စနိုးနှင့် အကြည့်မြန်မြန်လွှဲမိသည်။

သူက ပြုံးစိစိဖြစ်သွားပြီး

"မိန်လေး ကိုယ့်ကိုရှက်နေတာလား"

"အင်း"

"ဟောဗျာ ကိုယ်တို့က အရင်းနှီးဆုံးလူတွေ ဖြစ်သွားပြီလေ၊ ဖနီးမောင်နှံ တော်စပ်သွားပြီ"

"အို အဲဒါတွေ လာမပြောနဲ့"

မိန် မျက်စောင်းရွယ်တော့ သူရယ်သည်။ မိန်သည် သူ့အနားမှာရှိနေသဖြင့် ဘယ်လိုအဝတ်အစားလဲရမလဲ မစဉ်းစားတတ်။

ဗီရိုဖွင့်ကာ ဟိုဟာရှာသလို ဒီဟာရှာသလိုနှင့် အချိန်ဆွဲနေမိသည်။

သူက စိုက်ကြည့်နေသဖြင့် ရင်ထဲ ဖိုနွေးနွေးကြီးဖြစ်ကာ





ပို၍မနေတတ်။

"မိန်လေး ဘာတွေဒီလောက်ရှာနေတာလဲ"

"ဘာဝတ်ရမလဲ ရွေးနေတာပါ"

"ကိုယ်ပါ ဝိုင်းရွေးပေးရမယ်ထင်တယ်"

"ဟင့်အင်း ရပါတယ်၊ တွေ့ပြီ"

ဒီတော့မှ ညဝတ်အင်္ကျီ ပိုးဂါဝန်အဖြူလေးကို ရွေးကာ မိန်မိန်က ရေချိုးခန်းဘက် လျှောက်သွားသည်။

အဝတ်အစားတွေပိုက်ကာ ရေချိုးခန်းထဲ တံခါးပိတ်သွားလဲသော သူ့သတို့သမီးလေးရဲ့ အရှက်သည်းပုံကို ဂုဏ်လူ ပခုံးတွန့်ရင်း ပြုံးလိုက်မိသည်။

မိန်လေးရဲ့ အပြုအမူကို ချစ်စနိုးနှင့် အသည်းလည်းယားမိ၏။

စည်းကမ်းရှိပြီး ယဉ်ကျေးနူးညံ့သိမ်မွေ့သော ဟန်ပန်လေးကို အတိုင်းမသိ ချစ်မြတ်နိုးမိသည်။

နှစ်ယောက်တည်းရှိသော မင်္ဂလာအိပ်ခန်းလေးထဲမှာပင် မိန်လေးက သူ့ကို ရှက်ရွံ့သတဲ့။

ဂုဏ်လူက ပြုံးတုံ့တုံ့နှင့်ပင် အခန်းရဲ့ ဘေးဝရန်တာလေး



www.burmeseclassic.com

www.burmeseclassic.com



ဆီ ထွက်ရပ်လို့ စီးကရက်တစ်လိပ် ရှိုက်ဖွာလိုက်သည်။

သူကလေး လွတ်လွတ်လပ်လပ် နေပါစေဟု စေတနာနှင့် ရည်ရွယ်တာ။

မျက်နှာသစ် အဝတ်အစားလဲကာ ရေချိုးခန်းထဲက ပြန်ထွက်လာသော မိန့်မိန့်ဖူးနိုက အခန်းထဲမှာ သူ့ကိုမတွေ့လျှင် ဟိုဒီ မသိမသာ ရှာဖွေမိ၏။

နောက်မှ ဝရန်တာထွက်ရပ်နေတာ တွေ့သွားသည်။

သူက စီးကရက်ခဲလျက် အဝေးတစ်နေရာကို ငေးမောနေသည်။

သူ ဘာတွေတွေးနေတာလဲ။

သူ့စိတ်ထဲက အတွေးတွေကို မိန့် သိချင်စမ်းပါဘိ။

မိန့်လေးအကြောင်း တွေးနေတာလား။

သူ့ထံပါးသို့ သွားချင်သော်လည်း မသွားရဲသလိုလည်း ဖြစ်နေသည်။

ညနေခံပွဲမှာ ခေါင်းညိတ်ရ ပြုံးပြရဖြင့် ဘာတွေပင်ပန်းမှန်းမသိ စိတ်မောပင်ပန်းနေခဲ့ရာ ညဦးနက်ပြီမို့ လူက ခေါင်းကိုက်ပြီး အနားယူချင်နေပြီ။





သို့သော် ဒီမင်္ဂလာမွေ့ရာလှလှကြီးပေါ် မိန့်က အရင်ဦးအောင် အိပ်နေလိုက်ဖို့ကလည်း ဝန်လေးတွန့်ဆုတ်စရာလို ဖြစ်နေသည်။

မှန်တင်ခုံရှေ့ပြန့်ထိုင်ကာ ခေါင်းဖြီးရင်း မိန့်က အချိန်ဆွဲနေမိပေမယ့် လူက သောင်းညာတောင့်တင်းပြီး ငိုက်မြည်းလာသည်။ ခန္ဓာကိုယ်က အိပ်စက်အနားယူဖို့ တောင်းဆိုနေလေပြီ။

ပထမ ညတွေတုန်းကလည်း ညစဉ် ရက်ဆက်လို အိပ်မပျော်တာတွေ များခဲ့တော့ မိန့် ဟန်မဆောင်နိုင်တော့။

ကျန်တာ ဘာမှမစဉ်းစားနိုင်တော့ဘဲ အိပ်ရာပေါ် လှဲချလိုက်သည်။ သူဝင်လာမည့်ဘက်ကို ကျောပေးကာ ဟိုဘက်ထောင့်ကပ်၍ စောင်ပါ ခြုံလိုက်သည်။

တင်းကျပ်နေသော စိတ်တွေကို လျှော့လိုက်လျှင် ငါးမိနစ်ပင် မကြာဘဲ သူမ အိပ်ပျော်သွားတော့၏။

ဂုဏ်လူက စီးကရက်ကုန်သွားလျှင် တံခါးကို အသံမမြည်အောင် အသာလေး ဖွင့်ဝင်လိုက်၏။

ဟောဗျာ။ သူလေးက အိပ်တောင်အိပ်နေပြီ။

မိန့်လေးကို ကော်ဖီပူပူတစ်ခွက် ဖျော်တိုက်ရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုပြီး သူ ဝင်လာတာ။

စောင်ကို ကိုယ်တစ်ဝက်ခြုံကာ ကျောခိုင်းအိပ်ပျော်နေသော မိန်လေး မျက်နှာကို ဂုဏ်လူက သေချာမြင်ရအောင် ကြည့်လိုက်ပါသည်။

ပန်းနုရောင် ဖဲခေါင်းအုံးလေးပေါ် ဆံနွယ်လေးတွေ ကပိုကရိုဖြာကျလျက် ထူထဲကော့ပျံနေသော မျက်တောင်စိပ်စိပ်လေးတွေကို မေးမှိတ်လျက် အိပ်ပျော်နေသော မျက်နှာရှင်းရှင်းလေးမှာ အပြစ်ကင်းစင်ကာ ကလေးတစ်ယောက်သဖွယ် ချစ်ကြင်နာချင်စရာလေး ဖြစ်နေသည်။

နှုတ်ခမ်းထူအာအာလေးကို စေ့ပိတ်ကာ နှစ်ခြိုက်စွာ အိပ်ပျော်နေပုံရတာမို့ ဂုဏ်လူ မနိုးရက်တော့ပေ။

သူမမျက်နှာလေးကို စွဲမက်နှစ်သက်စွာ ခပ်ကြာကြာ ငေးစိုက်ကြည့်နေမိရင်း သူ့ဇနီးလေးဖြစ်သွားပြီဆိုတာကို မယုံမရဲ ကြည့်နူးလိုက်ဖို့နေမိသည်။

အိပ်ပျော်နေပုံလေးက ချစ်စရာ သနားစရာလေးမို့ ဂုဏ်လူသည် သူမနားတိုးကပ်ကာ ဆံနွယ်လေးတွေကို ခပ်ဖွဖွသပ်တင်ပေးလိုက်ချင်စိတ် ဖြစ်မိသည်။





သူမကို ထိကိုင်လိုက်လျှင် သူမ နိုးသွားမလား။

အသက်ရှူသံလေး ဖြည်းဖြည်းမှန်မှန်နှင့် သူနံဘေးမှာ အိပ်စက်နေတဲ့ ကောင်မလေးကိုကြည့်ရင်း ညင်ညင်သာသာ ထွေးပိုက်ချင်မိတာလည်း အမှန်ပင်။

ဂုဏ်လူသည် သက်ပြင်းတစ်ချက်နှင့် သူမကို ဆီးမိုးကြည့်နေမိရာမှ ခွာမည်ပြင်လျက် မခွာနိုင်။

နဖူးပေါ်က ဆံနွယ်လေးတွေကို အသာအယာ ခပ်ဖွဖွလေး သပ်တင်ပေးမိ၏။ သူမက နိုးမလာ။

ဒီတော့ ခေါင်းအုံးပေါ် တင်မှေးထားတဲ့ သူမရဲ့လက်လေးကို ဆုပ်ကိုင်ကြည့်သည်။

မိန်သည် ကိုယ်လေး လှုပ်ခနဲတစ်ချက်ဖြစ်မိပြီးမှ အသာပြန်ငြိမ်နေလိုက်မိသည်။

သူ့ကို မျက်စိဖွင့်ပြီး မကြည့်ရဲ။ မိန့်ရင်ထဲမှာ တုန်လှုပ်စိုးရွံ့နေသည်။

လက်လေးကို သူက ညင်သာဖွဖွ အမြတ်တနိုး ဆုပ်တွေးထားတာမို့ အိပ်ချင်ယောင်ဆောင်ထားရင်းက မိန့်ရင်တွေ ပြုံနွေးလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မိန့်ပါးမို့မို့ကို သူ ဖွဖွတို့ထိပြန်သည်။

ထို့နောက် သူ့ရဲ့ထွက်သက်နွေးနွေးက မိန့်မျက်နှာဆီ ရိုက်ခတ်တိုးဝှေ့နေတာ ခံစားမိသည်။

မိန့်သည် မျက်လုံးလေးကို တင်းတင်းမှိတ်လျက် လွှပ်ကို မလှုပ်မိပေ။

ရင်ထဲမှာတော့ ကတုန်ကယင် ဖြစ်နေပါသည်။

သူက မိန့် စိုးရိမ်မိသလို မိန့်ကို ပြင်းပြင်းရှရှ မထိတွေ့ပေ။

သူ့ဆီက ကြင်နာသော အနမ်းငွေ့ငွေ့လေးသာ မိန့် နဖူးဆီ ဖွဖွညင်သာ ကျရောက်လာသည်။

အခုနေသာ မျက်လုံးဖွင့်ကြည့်လိုက်ရင် သူ့မျက်နှာကို အနီးကပ် ရင်ဆိုင်ရပြီး မိန့် အသက်ရှူမှားသွားနိုင်သည်။

အံ့သြစရာကောင်းသည်မှာ သူဟာ မိန့်ကို မနိုးတဲ့အပြင် စောင်လေးကိုပင် ရင်ညွန့်ထိ သေချာခြုံပေးလိုက်သေးသည်။

သူဟာ မိန်းမသားတစ်ဦးအပေါ် မျှော်မှန်းထားသည် ထက် ပိုမိုကြင်နာ နားလည်ပေးနိုင်သူတစ်ဦး ဖြစ်နေပါလား။

တင်းကျပ်တုန်လှုပ်နေသော မိန့်မိန့်စိတ်တွေဟာ အလိုလို





ပျော့ပျောင်းပြီး သက်သောင့်သက်သာ ဖြစ်သွားပါသည်။

သူ့ကိုလည်း လေးစားကျေးဇူးတင်လှသည်။

မိန့်နံဘေးက မွေ့ရာမှာ နိမ့်ခွဲနဲ့ဖြစ်သွားသဖြင့် သူလည်း အပူအပင်ကင်းကင်း အိပ်စက်လိုက်ပြီဆိုတာ သေချာသွား၏။

မိန့်သည် စိတ်အေးလုံခြုံစွာဖြင့် အခုမှ တကယ်မှေးခနဲ အိပ်ပျော်သွားတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

''ကျို ကျို ကျို''

နှစ်ဦးသား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလိုက်သည်မှာ နံနက် ဝေလီဝေလင်း ငှက်လေးတွေ အော်မြည်သံကြားမှပင် နိုးလာကြ၏။

မိန်က မျက်လုံးကို အသာဖွင့်ကာ ကြည့်လိုက်၏။

တိတ်ဆိတ်လှပသော အခန်းလေးထဲမှာ အိစက်နူးညံ့သော မွေ့ရာထူထူပေါ်မှာ ကိုဂုဏ်နှင့်အတူ ရှိနေတာဟာ သူမအတွက် ဆန်းကြယ်ထူးဆန်းနေပါသည်။

နံဘေးကိုကြည့်တော့ ကိုဂုဏ်က အိပ်ပျော်လျက်။

အမှန်တော့ နိုးပြီ။ မျက်စိမဖွင့်ချင်သေးလို့သာ ဂုဏ်လူ ဆက်အိပ်နေတာ။

မျက်စိမှိတ်လျက်သား နံဘေးက ဇနီးသည်ကို လက်နှင့်





စမ်းလိုက်သည်။

မိန်မိန်ရှိနေတာ စမ်းမိလျှင် သူက ခပ်ဖွဖွဖက်ထားလိုက်၏။

မိန်မိန်က အသက်မရှူရဲဘဲ ငြိမ်နေမိသည်။

တအောင့်ကြာမှ သူ့လက်တွင်းက အသာဖယ်ကာ မိန်မိန်က အသာအယာ ထထိုင်လိုက်သည်။

ခုတင်ပေါ်ကနေ ကိုဂုဏ် မနိုးအောင် ဖြည်းဖြည်းလေး ဆင်းလိုက်၏။

ထို့နောက် ရေချိုးခန်းဝင် သွားတိုက် မျက်နှာသစ် ဆံပင်တွေ ဖြီးလိုက်သည်။

ကပိုကရို ဝဲကာကျနေသော ဆံစလေးတစ်မျှင်နှစ်မျှင်ကို သွတ်ထားကာ နောက်ဘက်က ဆံနွယ်တွေကို သိုးမွှေးကွင်း အနီရဲလေးနှင့် စည်းနှောင်လိုက်၏။

ပြီးလျှင် မနက်ခင်းစာပြင်ဆင်ဖို့ မီးဖိုခန်းဘက် ဝင်လာသည်။

မီးဖိုခန်းရဲ့ ပြတင်းပေါက်လေးကိုဖွင့်ကာ အပြင်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



...ညည်း မိန် ေမးမိသည်။

မိန်တို့ရဲ့ မင်္ဂလာဦး ပထမဆုံးနေ့လေးက မနေ့တွေးဘဲ ခြောက်ကပ်ပျင်းရိစရာများ ဖြစ်နေသလား။

ကိုဂုဏ်ဟာ သူမအပေါ် အနည်းငယ်များ အေးစက်နေ ...ားဟု ဒီမနက်မှ သံသယဝင်လာသည်။

ဟိုအရင်ကလို မချစ်တော့ဘူးလား ကိုဂုဏ်။

ကောင်းကောင်း သူမကို အတင်းအကျပ် ဖွတ်နိုးပြေးတဲ့ ကိစ္စနှင့်ပတ်သက်ပြီး သူ အခုထိ စိတ်ထဲမှာ ရှင်းရဲ့လား မသိပါဘူး။

ယောက်ျားတွေဟာ ကိုယ်လက်ထပ်လိုက်တဲ့ ကိုယ့်မိန်းကိုဆိုလျှင် အပွန်အပြစ်ကင်းစေချင်တယ် မဟုတ်လား။

တတ်နိုင်လျှင် ယင်ဖိုပင်မသမ်းဖူးတဲ့ အပျိုစင်လေး ဖြစ်စေချင်ကြတာချည်းပဲတဲ့။

ကောင်းနှင့်ပတ်သက်ပြီး မိန့်အပေါ် သူ တစ်ခုခုများ စိတ်ထဲ ဘဝင်မကျလို့များလား။

မိန် အခုမှပင် ပူပူပန်ပန် တွေးလာမိ၏။





မိန်တို့ ဘာမှမဖြစ်ပါဘူးလို့ မိန်က ပြောပေမယ့် ယုံတာမယုံတာက သူ့အပိုင်းဖြစ်နေပြီလေ။

မိန်က ယုံပါ ယုံပါ အတင်းအကျပ်ပြောလည်း သူ့ရင်ထဲမှာ တကယ်တမ်း ယုံချင်မှ ယုံမှာပေါ့နော်။

သူ မယုံလည်း မိန်က ဒီထက်ပိုပြီး ဘာမှဖြေရှင်းနိုင်တာမှမဟုတ်ဘဲ။

အဲဒီကိစ္စကြောင့် သူ မိန့်အပေါ် အထင်သေး အချစ်ပေါ့သွားပြီလားဟု စိုးရိမ်လာမိသည်။

သူ့အတွက် မိန်ဟာ တန်ဖိုးလျော့သူတစ်ယောက် ဘယ်တော့မှမဖြစ်ချင်။

မိန်မိန်ဖူးနီသည် ထိုအကြောင်းကိုသာ ထပ်တလဲလဲ တွေးနေမိကာ လူက ငေးငေးငိုင်ငိုင် နေးတုံ့တုံ့ဖြစ်နေရသည်။

လက်ထပ်ပြီးမှပင် သူ့ အချစ်လျော့မှာ တွေးကြောက်ဘတ်ခဲ့ပြီ။

ကောင်းနှင့်ချစ်ခဲ့ဖူးတဲ့ ဘဝနေ့ရက် စာမျက်နှာတွေကို မိန် အခုမှ ကြက်ခြေခတ်ပစ်ချင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမည်းစွန်းလေးတစ်စက် စွန်းထင်းသွားတာမှန်ပေမယ့် မိန့်နှလုံးသား မိန့်အချစ် မိန့်ဘဝအားလုံးဟာ သန့်ရှင်းစင်ကြယ် နေတုန်းပါပဲ။

ဒါကို အမှန်အတိုင်း သူနားလည်လက်ခံပေးနိုင်လျှင် ကောင်းမည်။

ကိုဂုဏ်ရယ် မိန် တစ်ခါလောက် မိုက်မဲခဲ့တာ မှန်ပေမယ့် ရုန်းမရ ပြင်မရအောင်တော့ မိုက်တွင်းနက်ခဲ့တာ မဟုတ်ပါဘူး။

မိန် တကယ် အားကိုးအားထား ပြုသွားရမယ့် ဘဝအဖော်မွန်ဟာ ကိုဂုဏ်ပဲဆိုတာ အချိန်မနှောင်းခင် မိန် သိခဲ့ပါတယ်။

ဒါကို ရှင် ကျေနပ်ပါရဲ့လား။

စိတ်ထဲမှာ မေးခွန်းတွေ ပလုံစီရင်း မိန်မိန်ဖူးနီသည် နံနက်စာ ဘရိတ်ဖတ်စ်ကို ခပ်လေးလေးပဲ စီစဉ်လုပ်ကိုင်နေမိသည်။

မီးဖိုချောင်အသစ်မှာ ပစ္စည်းအသစ်တွေနှင့်မို့ ဘာကို အရင်





ဘယ်လိုစလုပ်ရမလဲ မသိသေးတာလည်း ပါသည်။

အရာအားလုံးဟာ နေသားတကျ မဖြစ်သေး။

သူမဟာ အခုမှ အိမ်ထောင်ရှင်မ အသစ်လေး မဟုတ်လား။

ကြီးမေသည် သူမ စားတတ်သည့်မုန့်တွေ ကြိုတင်ဝယ်ထည့်ပေးလိုက်လို့သာ တော်ပါသေးသည်။

မနေ့ကတည်းကပင် ရေခဲသေတ္တာထဲ လိုတာတွေ ဝယ်ခြမ်း ဖြည့်တင်းပေးထားလို့သာပေါ့။

လိုတာတွေ စားပွဲပေါ်အရင်ချလျက် မိန်က သူမအတွက် ပန်းသီးဖျော်ရည် အရင်လုပ်လိုက်သည်။

ပြီးလျှင် တူနာ ငါးသေတ္တာဘူးကိုဖွင့်ကာ ကြီးမေ ဝယ်ပေးထားတဲ့ စပျစ်သီးအရသာပါတဲ့ ပေါင်မုန့်လေးချပ်ထဲထည့်၊ ကြက်ဥတစ်ဝက်၊ ချိစ်တစ်ဝက်ပါရောပြီး အသင့်ပြင်သည်။

ပြီးလျှင် စက်ထဲထည့် Press လုပ်လိုက်ရုံပေါ့။

ကိုဂုဏ့်အတွက်က နက်စ်ကော်ဖီခါးခါးစိမ့်စိမ့်လေး ဖျော်လျက် ဓာတ်ဘူးထဲ အသင့်ထည့်ထားလိုက်လျှင် သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းစာက စားပွဲပေါ် အသင့်ခင်းကျင်းပြီးသွားပါပြီ။

အသီးအရွက်လေးတွေ ရေစင်စင်ဆေးပြီး လှလှပပ ထည့်သိုထားတဲ့ ပန်းကန်ပြားနှင့် ချိစ်အရည်ဘူး၊ ဆော့စ်ဘူးတို့လည်း စားပွဲပေးမှာ ရှိပြီးသားဆိုတော့ ပြည့်စုံပြီမို့ မိန်းက အုပ်ဆောင်းနှင့်ပဲ အုပ်ထားလိုက်ပါသည်။

* * *



*သော်တာလမင်း ×× ငွေစင်ကြယ်တွေတိုင်တည်ရင်း ××*

*အိမ်အပြန်လမ်း ×× မင်းရှိရာ ××*

*မှန်းဆပြီး ပြန်လာမှာ*

*ကြွင်နာသူ ရင်ခွင်မှာ ×× နိဝင်နားဖို့ ကြိုနေပါ ××*

*ရင်မှာ မေးချင်နေသောစကား ×× အရင်လို ကိုယ့်ကို ချစ်သေးလား ××*

*မင်းဆီမှာ ရှိသေးလား ချစ်သူရာ ××*

*ဦးထားတဲ့ အသည်းတစ်နေရာ ×× အမြဲတမ်း ကိုယ်နေဖို့ရာ ××*

ဂုဏ်လူက မျက်နှာကို တဘက်အဖြူတစ်ထည်နှင့် ပွတ်သုတ်ရင်း ကြားလိုက်ရသော သီချင်းသံကြောင့် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဗျာ မိန်လေး။

မိန်လေးက သူ့စတိုင်လ်အိုးကာ ကွာတားဂျင်းပန့်နှင့် တီရှပ်အနီလေးနှင့် ဦးထုပ်အပြာလေး ဘောတစ်ခြမ်းစောင်းကာ သူ့ကားကို တံခါးလေးချပ်စလုံးဖွင့်လျက် အတွင်းခန်းကို သန့်ရှင်းရေး လုပ်နေပါသည်။

ကားထဲက စီဒီကိုလည်း အသံကျယ်ကျယ်နှင့် ဖွင့်ထားသေး၏။

သူက ဟိုတစ်ခါ Rဇာနည်ရဲ့ သီချင်းကို ဖွင့်သလို ဒီတစ်ခါ သူမက ရှင်ဖုန်းရဲ့သီချင်းလေးကို ဖွင့်ထားသည်။

*ကြင်နာသူမင်းဆီမှာ ရှိသေးလား ချစ်သူရာ ××*
*အမြဲတမ်းပဲ နားခိုဖို့ ×× စိုးရိမ်တယ် ပျောက်ကွယ်မှာ*
*ကိုယ်ရင်ခုန်ရင်း ×× အရာရာယုံကြည်မျှော်လင့်ရင်း*
*အချိန်ရှိတိုင်း နှလုံးသားမှာ ×× အားတင်းနေမှာ ××*
*ဒီနေရာ ကိုယ်သာပိုင် ×× ဘယ်အခါ အစွဲနဲ့မကြုံချင်*
*ပါ ×× ရင်မှာကြိတ်ကာ ဆုတောင်းမိ ×× ကိုယ်ချစ်သွားမယ်*
*နောက်ဆုံးထိ မင်းဆီမှာ ရှိသေးလား ချစ်သူရာ ×× ဦးထားတဲ့*
*အသည်းတစ်နေရာ ×× အမြဲတမ်း ကိုယ်နေဖို့ရာ ××*





*ကြင်နာသူ မင်းဆီမှာ ×× ရှိသေးလား ချစ်သူရာ ××*
*အမြဲတမ်းပဲ နားခိုဖို့ ×× စိုးရိမ်တယ် ပျောက်ကွယ်မှာ*

ဂုဏ်လူက သူမအနားသို့ ရောက်လာသည်။

"ဟိတ်"

"အို ကိုဂုဏ်"

သူမခါးလေးကို နောက်ကနေ သိမ်းဖက်ခံရသဖြင့် မိန် လန့်ဖျပ်ထူပူသွားရသည်။

"မနက်စောစောစီးစီး ဘာတွေအလုပ်ရှုပ်နေတာလဲ"

"ကားသန့်ရှင်းရေးပေါ့"

"ကားက သန့်ပြီးသားပါကွာ"

မိန်သည် သူမကိုယ်လုံးလေးကို ကိုဂုဏ် နောက်ကဖက်ထားသဖြင့် မနေတတ်ဘဲ ရှက်ရွံ့တုန်လှုပ်စွာ ရုန်းဖယ်ရင်း

"ဖယ်ဦးလေကွာ"

"ကိုယ့်မိန်းမ ကိုယ်ဖက်ထားတာပဲ"

"အို ဘာတွေလျှောက်ပြောနေတာလဲ"

"မိန်လေး မင်း ဘာတွေစိုးရိမ်နေတာလဲ"

သူ့မေးခွန်းကြောင့် မိန် ထိတ်ခနဲဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း ဘာကွေစိုးရိမ်လို့လဲ၊ ဘာမှမစိုးရိမ်ပါဘူး”

“ဟုတ်ရဲ့လား၊ ကိုယ် မချစ်တော့မှာ စိတ်ပူနေတာလား”

“မဟုတ်ပါဘူး”

သူသိနေတာကို အံ့အားသင့်ရင်း မိန့်က ခပ်ရှက်ရှက်နှင့် ခေါင်းယမ်းလိုက်သည်။

“မဟုတ်ဘူးဆိုလည်း ကိုယ်ကတော့ ပြောပါရစေဦး၊ မိန့်လေးအပေါ် ဘာအကြောင်းနဲ့မှ အချစ်မလျော့ပါဘူးကွာ၊ ကိုယ့်ရင်ထဲက သိမ်းထားတဲ့နေရာက အမြဲတမ်း ရှိပြီးသားပဲ၊ စိတ်ချ”

“သွား အပိုတွေ သိပ်ပြောတာပဲ”

မိန့်က ရှက်ကြည်နူးစွာ မျက်နှာလေး ရဲခနဲဖြစ်သွားရသည်။ သူက မိန့်သဘောကို အတွင်းသိ အစင်းသိ ခံစားနားလည်နေပါလား။

သို့သော် သူ့စကားကြောင့် ရင်ထဲချမ်းမြေ့ကျေနပ်သွားမိသည်။

ဂုဏ်လူက နီမြန်းသွားသော ချစ်စရာမျက်နှာလေးကို မချင့်မရဲ နှုတ်ခမ်းကိုကြည့်နေမိပြီးမှ

“ဒါ ဘယ်လိုသတို့သမီးလေးလဲကွာ၊ မနက်စောစော





ခြံထဲဆင်းပြီး တွေ့တဲ့အလုပ် ရှာလုပ်နေပါလား၊ အိမ်ထဲမှာလည်း ပုန်းမနေဘူး”

“မိန့်က ဘာလို့ပုန်းရမှာလဲ”

နှုတ်ခမ်းလေးဆူကာ ပြန်ပြောလျှင် ဂုဏ်လူက တဟက်ဟက်နှင့် ရယ်လိုက်ပါသည်။

ထိုရယ်သံချိုချိုကပင် သူ့မျက်နှာလေးကို ပူနွေးစေသည်။

“ဟွန်း ကိုဂုဏ်နော်”

“ဟောဗျာ ကိုယ် ဘာပြောရသေးလို့လဲ”

“ကဲပါ ဖယ်ပေးဦး၊ မိန့် ကားကို ဆက်ရှင်းလိုက်ဦးမယ်လေ”

“အောင်မလေးဗျာ၊ တော်ပါပြီ၊ ကိုယ်လည်း ဗိုက်ဆာနေပြီကွ”

ဂုဏ်လူက ပြောပြောဆိုဆို ကားထဲက စီဒီပလေယာကို လှမ်းပိတ်ကာ သူမလက်ကို ဆွဲခေါ်သည်။

မိန့်မိန့်ဖူးနီက ရှက်ကိုးရှက်ကန်း တွန့်ဆုတ်ဆုတ်လေး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာရင်လည်း သွားစားပါလား၊ စားပွဲပေါ်မှာ ဘရိတ်ဖတ်စ် ပြင်ထားတဲ့ဥစ္စာ"

"ဘယ်ဖြစ်မလဲ၊ မိန်လေးကို အရေးတကြီး မေးစရာလည်း ရှိသေးတယ်ကွ"

မိန် မျက်လုံးလေး ပိုင်းသွားရကာ

"ဘာမေးမှာလဲ"

သူက မိန့်မျက်နှာနား တိုးကပ်ကာ

"ကိုယ့်ကို ချစ်လား"

ပြုံးစစနှင့် ချိုရီမြူးဖွယ်သော မျက်လုံးတွေနှင့် ချစ်စနိုး ကြည့်ကာ မေးတာမို့ မိန် ခေါင်းလေးငုံ့ချမိသည်။

"မဖြေဘူးလား"

"ဟင့်အင်း"

"ဒါဆိုရင်တော့ အဖြေရအောင် တောင်းမှဖြစ်တော့မယ်"

"ကိုဂုဏ်နော်"

သူမကိုယ်လေးကို သိမ်းဖက်ကာ မျက်နှာချင်းဆိုင်လိုက်တော့ မိန်မိန်က ရက်လန့်တကြားလေး သူ့ရင်ဘတ်ကို တွန်းမိ





သည်။

"ကိုယ်ကတော့ မိန်လေးကို အရမ်းချစ်တယ်ကွာ သိလား"

မချင့်မရဲပြောရင်း ကြောက်လန့်တကြား ရုန်းဖယ်နေ သော ကောင်မလေးကို စိတ်မရှည်တော့ဘဲ ဂုဏ်လူ ဆွဲခနဲ ပွေ့ချီ လိုက်ပါသည်။

"ဟာ ကိုဂုဏ်"

မိန်မိန့်ကိုယ်လေးမှာ မြောက်ခနဲ အသာအယာ ပါသွားတာမို့ သူ့အင်္ကျီရင်ဘတ်ကို ကမန်းကတန်း ဖမ်းဆုပ်ထားမိသည်။

"[illegible] ဟား လွှတ်မချပါဘူးကွာ၊ မကြောက်ပါနဲ့"

ဂုဏ်လူက ချစ်ဇနီးလေးကို ပိုင်ပိုင်နိုင်နိုင်ပဲ ပွေ့ချီကာ သူတို့ရဲ့ မင်္ဂလာအိပ်ခန်းလေးဆီ တန်းတန်းမတ်မတ် ခေါ်ဆောင် လာခဲ့ပါသည်။

မိန့်ကိုယ်လေးကို သူ မွေ့ရာပေါ် ချပေးလိုက်တဲ့အခါ ရင်တထိတ်ထိတ်ဖြင့် မိန်က မျက်လုံးမှိတ်ထားသည်။

ပြီးလျှင် သူ့နှုတ်ခမ်းနွေးနွေးတွေက မိန့်မျက်နှာလေးဆီ အသာအယာ ထိကပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ရင်မှာ ကြည်နူးလှိုက်ဖြာရသော မင်္ဂလာဦး နံနက်ခင်းလေးမှာ နောင် ဘယ်တော့မှ မမေ့နိုင်စရာ ချိုမြိန်ယစ်မူး ဖွယ် ကောင်းလှပေသည်။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)



BURMESE CLASSIC .com
www.burmeseclassic.com